# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဖေပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957


**လောကကို ရှုကျင့်သူ**

ရေပြင်ကို ရှုမြင်ရသကဲ့သို့လည်းကောင်း၊ တံလျှပ်ကို ရှုမြင်ရသကဲ့သို့ လည်းကောင်း၊ ဤအတူ(ခန္ဓာငါးပါးဟူသော) လောကကို ရှုကျင့်သူကို သေမင်းသည်မမြင်နိုင်။ ဤသို့ ရှုသောသူသည် သေခြင်းကင်းရာ နိဗ္ဗာန်ကို မျက်မှောက်ပြုကြကုန်၏။ ထိုသူတို့အား နောက်တစ်ကြိမ် ပဋိသန္ဓေနေ၍ သေရခြင်းသည် မရှိတော့ပြီ။

လောကဝဂ်(ဓမ္မပဒ-၁၇၀)


၁၃၈၂ ခုနှစ်၊ နယုန်လပြည့်ကျော် ၈ ရက်၊ စနေနေ့။ Saturday, 13 June 2020 ၁၀၀၄၂


## COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီမှ အသိပေးကြေညာချက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး
အမျိုးသားအဆင့်ဗဟိုကော်မတီမှ အသိပေးကြေညာချက်

၁၃၈၂ ခုနှစ်၊ နယုန်လပြည့်ကျော် ၇ ရက်
(၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၁၂ ရက်)

Coronavirus Disease 2019 (COVID–19) ရောဂါပိုး ကူးစက်ပျံ့နှံ့မှုကို ဆက်လက်ထိန်းချုပ်ဆောင်ရွက်ရန် လိုအပ်ပါသဖြင့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများမှ Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ တားဆီးရေးအတွက် ၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၁၅ ရက်နေ့အထိ ထုတ်ပြန်ထားသော ပြည်သူသို့ပန်ကြားချက်၊ အမိန့်၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်များ (ဖြေလျှော့ပေးသည့်ကိစ္စရပ်များမပါ)အား ၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၃၀ ရက်နေ့အထိ ရက်တိုးမြှင့် သတ်မှတ်ဆောင်ရွက်ထားပါကြောင်း အသိပေးကြေညာအပ်ပါသည်။

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်

## COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆောင်ရွက်နေမှုများနှင့်စပ်လျဉ်း၍ တစ်ပိုင်တစ်နိုင် ဆောင်ရွက်နေသူများနှင့် အပြန်အလှန်ဆွေးနွေး





Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် COVID–19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆောင်ရွက်နေမှုများနှင့်စပ်လျဉ်း၍ တစ်ပိုင်တစ်နိုင်ဆောင်ရွက်နေသူများနှင့် အပြန်အလှန်ဆွေးနွေးစဉ်။

နေပြည်တော် ဇွန် ၁၂

Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် အစည်းအဝေးခန်းမ၌ COVID–19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆောင်ရွက်နေမှုများနှင့်စပ်လျဉ်း၍ အင်းစိန်ပြည်သူ့ဆေးရုံကြီး ဆေးပညာဌာနပါမောက္ခ၊ Fever Clinic များ ဖွင့်လှစ်ဆောင်ရွက်သူ ဒေါက်တာ မာမာကြည်၊ COVID–19 ကာကွယ်၊ ထိန်းချုပ်ရေးတွင် Social Cohesion ဆောင်ရွက်နေသူ ဦးအောင်ကျော်မိုးနှင့် အဝတ် Mask များ တစ်ပိုင်တစ်နိုင် ချုပ်လုပ်ရောင်းချသူ ဒေါ်နန်းဇင်ဟန်ဦးတို့နှင့် Video Conferencing စနစ်ဖြင့် ချိတ်ဆက်တွေ့ဆုံပြီး အပြန်အလှန်ဆွေးနွေးသည်။


စာမျက်နှာ ၃ ကော်လံ ၁ သို့ »»


- ☆ **ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်သည့် အကြီးဆုံးစိန်ခေါ်မှုသည် မည်မျှကြာအောင် ရင်ဆိုင်ရမည်ကို ခန့်မှန်း၍မရ**
- ☆ **ရောဂါလုံးဝမဖြစ်ပွားအောင် ကာကွယ်ဆေးထိုးပြီးလုပ်နိုင်သည့် အခြေအနေကို ရောက်လာသည့်အချိန်မှ ကိုဗစ်-၁၉ ရောဂါကို နိုင်သွားပြီဟု သတ်မှတ်ရမည်**
- ☆ **စီးပွားရေးလုပ်ငန်းများ ပြန်လည်လည်ပတ်နိုင်ရန် နည်းအမျိုးမျိုးဖြင့် အားလုံးက တစ်ပိုင်တစ်နိုင် လုပ်ရန် အရေးကြီး**


MTB
MYANMA TOURISM BANK
မြန်မာ့ခရီးသွားဘဏ်
Create your world with MTB
Promotion ကာလ
ဇွန်လ (၁)ရက်မှ ဩဂုတ်လ (၃၁)ရက်
Customer Service Phone
09 - 682 682 682
1 Year Anniversary
Promotion Interest Rate
ရက် (၉၀) Fixed Deposit Account
၈.၅% p.a
ကျပ်သိန်း (၃၀၀) နှင့်အထက် Call Deposit Account
၇.၀% p.a
Terms & Conditions Apply

ကြေးမုံ

# ကိုဗစ်-၁၉ ကာလ လုံခြုံရေးသတိအမြဲရှိ

ကိုဗစ်-၁၉ ကာလတွင် ဒေသအများ၌ အသွားအလာကန့်သတ်မှုများ၊ ညမထွက်ရအမိန့်များ ထုတ်ပြန်ထားပြီး ဒေသဆိုင်ရာလုံခြုံရေးအဖွဲ့အစည်းများက အမြဲမပြတ်ကင်းလှည့်လည်မှုများကြောင့် ဒုစရိုက်မှုများ လျော့နည်းသွားသည်ဟု ဆိုနိုင်သည်။ သို့သော် ဒုစရိုက်သမားများမှာ မလှုပ်ရှားသာသဖြင့် ငြိမ်သက်နေသေးသည့်သဘောသာရှိ၍ သက်ဆိုင်ရာတို့သာမက ပြည်သူများ အားလုံးအနေဖြင့် လုံခြုံရေးသတိ မပြတ်ရှိဖို့လိုမည်ဖြစ်သည်။

မကြာသေးမီရက်များက ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်းရှိ စေတီတော် ၁၀ ဆူ ဌာပနာတော် ဖောက်ထွင်းခံရကြောင်း ကြားသိရပြီး အဆိုပါ စေတီတော် ၁၀ ဆူအနက် စေတီတော် ငါးဆူမှာ လတ်တလော ကာလအတွင်းက ဖောက်ထွင်းခံလိုက်ရသဖြင့် များစွာစိတ်မကောင်းဖြစ်မိပါသည်။ ထို့အပြင် ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ဟန်လင်းမြို့ဟောင်းရှိ နှစ်ပေါင်းထောင်ချီကာလက လက်ရာဖြစ်သော မြေအိုးအပါအဝင် ရှေးဟောင်းပစ္စည်းများ ဖျက်ဆီးခံရကြောင်း ဝမ်းနည်းဖွယ်ကြားသိရပြန်သည်။

ကိုဗစ်-၁၉ ကာလတွင် ဘုရားဖူးများနှင့် လာရောက်လေ့လာသူများ မရှိတော့သည့်ကာလ၊ လုံခြုံရေးကင်းလှည့်မှုမရှိသည့်အချိန်ကို အခွင့်ကောင်းယူ၍ မသမာသူအဖျက်သမားများ၊ ဒုစရိုက်သမားများက လူသူမရှိသော ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ တည်ရှိသည့်ဒေသများတွင် ဖျက်ဆီးခိုးယူမှုများ ပြုလုပ်လာကြပြန်သည်။ ပုံမှန်ပစ္စည်းဥစ္စာများထက် ယဉ်ကျေးမှုသမိုင်းအမွေအနှစ် တန်ဖိုးကြီးမားသော ပစ္စည်းဥစ္စာများကို ဖျက်ဆီးခြင်း၊ ခိုးယူခံရခြင်းသည် ကြီးမားသောဆုံးရှုံးမှုပင် ဖြစ်သည်။

ဒုစရိုက်သမားနှင့်အဖျက်သမားဟူသည် သိသာသည့်အမှတ်အသားမရှိသဖြင့် ပြည်သူလူထုနှင့် ပတ်ဝန်းကျင်သို့ အလွယ်တကူရောက်ရှိပြီး ဖျက်ဆီးနှောင့်ယှက်မှုများပေးနိုင်ရာ ရပ်ရွာအေးချမ်းသာယာရေးနှင့် လုံခြုံရေးကျိုးပေါက်ခြင်းမရှိအောင် လုံခြုံရေးသတိ လူတိုင်းလူတိုင်းတွင် အမြဲရှိဖို့လိုမည် ဖြစ်သည်။ ရပ်ရွာအေးချမ်းသာယာရေးနှင့် လုံခြုံရေးကို မြန်မာနိုင်ငံရဲတပ်ဖွဲ့က ဆောင်ရွက်ပေးနေသည်မှာ မှန်သော်လည်း ပတ်ဝန်းကျင်တွင်ရှိသော ပြည်သူလူထုများလည်း ပူးပေါင်းကူညီမှသာ ထိရောက်စွာဆောင်ရွက်နိုင်မည် ဖြစ်သည်။

ကမ္ဘာလုံးဆိုင်ရာ ကပ်ရောဂါ စတင်ဖြစ်ပွားပြီးနောက် မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံအသီးသီးသည် ခရီးသွားလာမှုကန့်သတ်ခြင်း၊ အများပြည်သူ၏ လုံခြုံမှုပုံစံကန့်သတ်ခြင်း၊ မြို့ရွာများ လူဝင်လူထွက်စိစစ်ခြင်း၊ ခရီးသည်ပို့ဆောင်ရေးယာဉ်၊ ရထားများကန့်သတ်ခြင်း၊ ညမထွက်ရအမိန့်ထုတ်ပြန်ခြင်း၊ အထူးသဖြင့် နေအိမ်တွင်နေထိုင်စေခြင်း စသည့်အရေးပေါ် အစီအမံများ ချမှတ်ထိန်းချုပ်ဆောင်ရွက်နေမှုများကို ဒုစရိုက်သမားများ၊ ဝိသမလောဘသားများက အခွင့်ကောင်းယူ၊ အလစ်အငိုက်ယူ၍ ဒုစရိုက်မှုများ ကျူးလွန်လာနိုင်သောကြောင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့က ကိုဗစ်-၁၉ ရောဂါကာလကို အခွင့်ကောင်းယူ၍ မှုခင်းကျူးလွန်နေမှုများအား ပြည်သူများသို့ သတိပေးနှိုးဆော်ချက်များ မပြတ်ဆော်သြပေးလျက်ရှိသည်။

ကိုဗစ်-၁၉ ကာလ၌ လုံခြုံရေးတိုးမြှင့်ဆောင်ရွက်လာမှုကြောင့် ဒုစရိုက်သမားများအား ပြင်ပတွင် တွေ့မြင်မှုနည်းပါးသွားခြင်းသည် ၎င်းတို့၏ ဒုစရိုက်မှုကျူးလွန်ရန် ပုံစံပြောင်းလဲဆောင်ရွက်ခြင်းဖြစ်သည်ကို သတိမူရမည်ဖြစ်သည်။ ဒုစရိုက်သမားများမှာ ပြည်သူလူထုနှင့်ရောနှော၍ ပုံဖျက်ဆောင်ရွက်နိုင်ရန် ကြံစည်အားထုတ်လာသည်ကို မြင်တွေ့ရမည်ဖြစ်သည်။ နေအိမ်ကျော်နင်းမှု၊ ခိုးယူမှု၊ လုယက်မှု၊ ခြိမ်းခြောက်မှု၊ တိုက်ခိုက်မှုများကို နည်းမျိုးစုံအသွင်ပြောင်း၍ လုပ်ကိုင်လာနိုင်သည်ကို မပြတ်သတိရှိရမည်ဖြစ်သည်။

ကိုဗစ်-၁၉ ကာလအတွင်း ဒုစရိုက်သမားများနှင့် ဝိသမလောဘသားများက ကျူးလွန်လျက်ရှိသည့် လှုပ်ရှားမှုများအပေါ် အများပြည်သူတို့အနေဖြင့် အသိ၊ သတိရှိရှိဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် လိုအပ်ပါသည်။ မြို့ရွာ၊ ရပ်ကွက်များတွင် ထူးခြားဖွယ်ရာ၊ မသင်္ကာဖွယ်ရာများ တစ်စုံတစ်ရာတွေ့ရှိလာပါက လုံခြုံရေးတာဝန် ထမ်းဆောင်လျက်ရှိသော မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် လှည့်ကင်းများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် တာဝန်ရှိသူများ၊ နယ်မြေအလိုက် အရေးပေါ်ဆက်သွယ် အကြောင်းကြားနိုင်သည့် နီးစပ်ရာရဲစခန်းရှိ ဖုန်းနံပါတ်များသို့ ဆက်သွယ်အကြောင်းကြား အသိပေးရန် လိုအပ်ပါသည်။

သို့ဖြစ်ရာ ကိုဗစ်-၁၉ ကာလတွင် ဒုစရိုက်သမားများ၊ ဝိသမလောဘသားများသည် ပုံစံအသွင်တစ်မျိုးပြောင်းကာ ကျူးလွန်မှုများ ပြုလုပ်ခြင်းများ၊ ပြုလုပ်လာနိုင်မှုများအား ဝိုင်းဝန်းပူးပေါင်း ကာကွယ်တားဆီးကြပါရန်နှင့် ပြည်သူလူထုအနေဖြင့် မပြတ်သောသတိ၊ မြဲမြံသောလုံခြုံရေးအသိဖြင့် မိမိရပ်ရွာအေးချမ်းသာယာရေး၊ ဥစ္စာပစ္စည်းဆုံးရှုံးပျက်စီးမှုမရှိစေရေးအတွက် နိုးကြားတက်ကြွစွာ ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# ချမ်းမြသာစည်မြို့နယ်၌ ထရန်စဖော်မာ အသစ်လေးလုံး တိုးချဲ့တည်ဆောက် ပြီးစီး

**မန္တလေး ဇွန် ၁၂**

မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်အတွင်းရှိ ပြည်သူများ လျှပ်စစ်ဓာတ်အား ပြည့်ဝစွာအသုံးပြုနိုင်ရေးအတွက် မန္တလေးခရိုင် လျှပ်စစ်မန်နေဂျာရုံးမှကြီးကြပ်၍ ၁၁/၀ ဒသမ ၄ ကေဗွီ ၂၀၀ ကေဗွီအေ ထရန်စဖော်မာ အသစ်လေးလုံး တိုးချဲ့တည်ဆောက်ပေးခဲ့ကြောင်း သိရသည်။

ထိုသို့တည်ဆောက်ပေးခဲ့ရာတွင် လမ်း ၆၀၊ သိပ္ပံလမ်းx ပိတောက်လမ်းကြား၌ ဇွန် ၂ ရက်က လည်းကောင်း၊ ၆၆ x ၇၇ သရဖီလမ်းကြား၌ ဇွန် ၈ ရက်က လည်းကောင်း၊ ၅၃ x အောင်ဇေယျလမ်းကြား၌ ဇွန် ၁၀ ရက်က လည်းကောင်း၊ ၆၂ x ၆၄ ဒေလီယာလမ်းကြား၌ ဇွန် ၁၂ ရက်တွင်လည်းကောင်း အသီးသီး တပ်ဆင်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ထရန်စဖော်မာများမှ ယခုအခါ ဓာတ်အားဖြန့်ဖြူးပေးထားပြီဖြစ်၍ ပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းရှင်းစွာဖြင့် ဗို့အားပြည့်ဝစွာ သုံးစွဲနိုင်ပြီဖြစ်ကြောင်း သိရသည်။ **ကြေးမုံ**



## ပြင်ဆင်ဖတ်ရှုပါရန်

ဇွန် ၁၂ ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၂ တွင် ဖော်ပြပါရှိသည့် မြန်မာနိုင်ငံပြန်တမ်း အမိန့်ကြော်ငြာစာ စာပိုဒ် (၁)၊ စာပိုဒ်ခွဲ (က)တွင် ဖော်ပြထားသည့် **ရေနံထွက်ပစ္စည်းကြီးကြပ်ရေး ဦးစီးဌာန** အစား **ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာန** ဟု ပြင်ဆင်ဖတ်ရှုပါရန်။

# အသိုက်အဝန်းနှင့် အဖွဲ့အစည်းရေးရာ အာဆီယံ ဒုတိယအတွင်းရေးမှူးချုပ် ရာထူးနေရာအတွက်

## မလေးရှား၊ မြန်မာ၊ စင်ကာပူ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့၏ နိုင်ငံသားများထံမှ လျှောက်လွှာခေါ်ယူခြင်း

**နေပြည်တော် ဇွန် ၁၂**

အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့ရှိ အာဆီယံအတွင်းရေးမှူးချုပ်ရုံးက အသိုက်အဝန်းနှင့် အဖွဲ့အစည်းရေးရာ အာဆီယံဒုတိယအတွင်းရေးမှူးချုပ် ရာထူးနေရာအတွက် အာဆီယံအဖွဲ့ဝင်နိုင်ငံများအနက် မလေးရှား၊ မြန်မာ၊ စင်ကာပူ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့၏ နိုင်ငံသားများထံမှ လျှောက်လွှာများ ခေါ်ယူလျက်ရှိပါသည်။ လုပ်ငန်းတာဝန်နှင့် သတ်မှတ်အရည်အချင်းများအပါအဝင် အသေးစိတ်အချက်အလက်များကို အာဆီယံအတွင်းရေးမှူးချုပ်ရုံး၏ Website ဖြစ်သည့် https://asean.org/opportunities/vacancies-asec/ တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

သင့်စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖို့
ကြေးမုံသတင်းစာတွင် ကြော်ငြာစို့

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၁၂-၆-၂၀၂၀)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၀,၅၀၀ | ၁၁,၀၀၀ | ၁,၁၁၆ | ၁၂,၀၀၈,၀၀၀ |
| MTSH | ၃,၈၀၀ | ၃,၇၅၀ | ၁,၂၆၆ | ၄,၈၁၀,၅၀၀ |
| MCB | ၈,၂၀၀ | ၈,၃၀၀ | ၃၁၀ | ၂,၅၇၂,၀၀၀ |
| FPB | ၂၃,၅၀၀ | ၂၃,၀၀၀ | ၁၇၁ | ၃,၉၁၀,၅၀၀ |
| TMH | ၂,၈၅၀ | ၂,၈၅၀ | ၃၀၀ | ၈၅၅,၀၀၀ |
| EFR | ၂,၇၀၀ | ၂,၇၀၀ | ၆,၀၈၅ | ၁၆,၄၂၉,၁၅၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**နေပြည်တော် ဇွန် ၁၂**

ရန်ကုန်(ရွှေဈေး) ၁၂၁၆၅၀၀ မန္တလေး(ရွှေဈေး) ၁၂၁၆၀၀၀

| စက်သုံးဆီအမျိုးအစား | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၅၃၀/၅၆၀ ကျပ် | ၅၆၀/၅၇၅ ကျပ် |
| (ခ) ဒီဇယ် | တစ်လီတာ | ၅၂၀/၅၅၀ ကျပ် | ၅၄၅/၅၆၀ ကျပ် |
| (ဂ) အောက်တိန်း ၉၅ | တစ်လီတာ | ၅၈၀/၆၀၅ ကျပ် | ၆၃၅/၆၆၀ ကျပ် |
| (ဃ) အောက်တိန်း ၉၂ | တစ်လီတာ | ၄၅၀/၄၉၀ ကျပ် | ၅၁၅/၅၃၀ ကျပ် |

ရန်ကုန် လက်ကားဈေး

| | | |
|---|---|---|
| ဒီဇယ် | တစ်လီတာ | ၄၇၀/၄၇၅ ကျပ် |
| အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၄၈၀/၄၉၀ ကျပ် |
| အောက်တိန်း ၉၂ | တစ်လီတာ | ၄၄၅/၄၆၅ ကျပ် |

(မြန်မာနိုင်ငံ စက်သုံးဆီအသင်း)

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၄၀၁.၃ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၅၈၈.၀ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၁၉၈.၁၀ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၅.၂၆၂ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၂၈.၇၁ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၈.၄၇၂ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၉၆၆.၁၀ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၀၈.၇ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၃၀၇.၆ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၆.၄၈ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

ခေတ္တ စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း
သတင်းထောက်မှူး - ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်း သတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဒေါ်နေဇာဇာထွန်း၊ ဦးသက်ထွေး၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်ခင်စုစုလှိုင်၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်မြသီတာ၊ ဒေါ်ခင်သက်မွန်နှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးကျော်စွာလင်း၊ ဦးချစ်ဇေယျာထွန်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဒေါ်ဇာရည်မွန်၊ ဦးစည်သူလွင်နှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
Gmail themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ပြည်သူသာလျှင် အဓိက

## ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေဆိုင်ရာအမိန့် ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**ဥပဒေကဲ့သို့အာဏာတည်သောအမိန့်အမှတ်၊ ၁/၂၀၂၀**
**၁၃၈၂ ခုနှစ်၊ နယုန်လပြည့်ကျော် ၇ ရက်**
**(၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၁၂ ရက်)**
**ပြည်ထောင်စု၏အခွန်အကောက်ဥပဒေဆိုင်ရာအမိန့်**

လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ (COVID-19)ကြောင့် ထိခိုက်မှုဖြစ်ပွားခဲ့သည့် လုပ်ငန်းများ၏ စီးပွားရေးသက်ရောက်မှုများအပေါ် "အားလုံးတစ်ပေါင်းတည်းကျော်လွှားခြင်း COVID-19 စီးပွားရေးကုစားမှုအစီအစဉ် (COVID-19 Economic Relief Plan)" နှင့်အညီ အကောင်အထည်ဖော်ကုစားပေးနိုင်ရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၃၂ အရ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ဤဥပဒေကဲ့သို့အာဏာတည်သောအမိန့်ကို ထုတ်ပြန်လိုက်သည်။

၁။ ဤအမိန့်ကို ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေဆိုင်ရာအမိန့်ဟု ခေါ်တွင်စေရမည်။

၂။ ဤအမိန့်သည် ၂၀၂၀-၂၀၂၁ စည်းကြပ်နှစ်အတွက် အကျိုးသက်ရောက်စေရမည်။

၃။ ဤအမိန့်တွင် ပါရှိသောစကားရပ်များသည် ဝင်ငွေခွန်ဥပဒေနှင့် ၂၀၁၉ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေတို့တွင် ပါရှိသည့်အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။

၄။ အားလုံးတစ်ပေါင်းတည်းကျော်လွှားခြင်း COVID-19 စီးပွားရေးကုစားမှုအစီအစဉ်(COVID-19 Economic Relief Plan) ၏ ပန်းတိုင်(၂) ရင်းနှီးမြှုပ်နှံမှု၊ ကုန်သွယ်ရေးနှင့် ဘဏ်လုပ်ငန်းများအား တိုးတက်အောင်ဆောင်ရွက်ခြင်းဖြင့် ပုဂ္ဂလိကကဏ္ဍအပေါ် သက်ရောက်မှုကို ဖြေလျော့ပေးခြင်းရည်မှန်းချက်ကို အကောင်အထည်ဖော်နိုင်ရန် အောက်ဖော်ပြပါ အခွန်သက်သာခွင့်များကို ခံစားခွင့်ပြုလိုက်သည်-

(က) ၂၀၁၉-၂၀၂၀ ဝင်ငွေနှစ်အတွင်း ထပ်တိုးပေးချေရသည့်လုပ်ခ၊ လစာ စုစုပေါင်း၏ ၁၀ ရာခိုင်နှုန်းကို ပြန်အမ်းငွေရပိုင်ခွင့်မရှိသည့် အခွန်ခုနှိမ်ခွင့် (non-refundable tax credit)အဖြစ် ခံစားခွင့်၊

(ခ) ၂၀၁၉-၂၀၂၀ ဝင်ငွေနှစ်အတွင်း ထပ်တိုးပေးချေခဲ့ရသည့်လုပ်ခ၊ လစာ စုစုပေါင်းပေးချေမှု၏ ၁၂၅ ရာခိုင်နှုန်းနှင့်ညီမျှသော ပမာဏကို အသုံးစရိတ်အဖြစ် ဝင်ငွေမှနုတ်ပယ်ခွင့်၊

(ဂ) ၂၀၁၉-၂၀၂၀ ဝင်ငွေနှစ်အတွင်း သတ်မှတ်မတည်အပိုင်ပစ္စည်းများ ထပ်တိုးရင်းနှီးမြှုပ်နှံမှုအတွက် တိုးချဲ့သုံးစွဲခဲ့သည့် မတည်ပစ္စည်းတန်ဖိုးစုစုပေါင်း၏ ၁၀ ရာခိုင်နှုန်းကို ပြန်အမ်းငွေရပိုင်ခွင့်မရှိသည့် အခွန်ခုနှိမ်ခွင့် (non- refundable tax credit) အဖြစ် ခံစားခွင့်၊

(ဃ) ၂၀၁၉-၂၀၂၀ ဝင်ငွေနှစ်အတွက် ရရှိမည့် ထပ်တိုးသတ်မှတ် မတည်အပိုင်ပစ္စည်းတန်ဖိုးလျော့စရိတ်၏ ၁၂၅ ရာခိုင်နှုန်းနှင့် ညီမျှသောပမာဏကို တစ်ကြိမ်တည်း တိုးမြှင့်ခံစားခွင့် (one time depredation)။

၅။ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနသည် အပိုဒ် ၄ ပါ အခွန်သက်သာခွင့်များဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် ခံစားခွင့်ရှိသည့် စီးပွားရေးလုပ်ငန်းများကို အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်ရမည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

☆ **ခပ်ခွာခွာနေရမည်ဆိုသော်လည်း လူတို့၏ သဘာဝအရ စုစုစည်းစည်းနေချင်သည့်စိတ်ရှိ**

☆ **သာမန်အချိန်တွင် စုစုစည်းစည်းနေခြင်း၊ ခင်ခင်မင်မင်နေခြင်း၊ နွေးနွေးထွေးထွေးနေခြင်း၊ ကလေးများ အတူတကွကစားခြင်းတို့သည် အားပေးရမည့်ကိစ္စများဖြစ်**

☆ **ယခုသည် သာမန်အခြေအနေမဟုတ်သည့်အတွက် ကလေးများနှင့်ပတ်သက်၍ ဂရုစိုက်ရန်လို**

☆ **ထိတွေ့ကစားခြင်းကို လုံးဝမတားနိုင်ပါက လက်ကိုသန့်ရှင်းစွာထား၍ မျက်နှာဖုံးစွပ်ထားမည်ဆိုပါက ရောဂါပြန့်ပွားခြင်းကို အတိုင်းအတာတစ်ခုအထိ ထိန်းချုပ်နိုင်မည်**

››› ရှေ့ဖုံးမှ

ရှေးဦးစွာ Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က နှုတ်ခွန်းဆက်စကားပြောကြားရာတွင် ကိုဗစ်-၁၉ နှင့်ပတ်သက်၍ လုပ်ဆောင်ရသည်မှာ များပြားပါကြောင်း၊ အဘက်ဘက်မှ ဆောင်ရွက်နေရပါကြောင်း၊ တစ်ယောက်ချင်း တစ်ယောက်ချင်းစီက ဆောင်ရွက်မှသာ အဘက်ဘက်မှ အားလုံးစုပေါင်းအင်အားဖြင့် ကျော်လွှားနိုင်မည်ဖြစ်ပါကြောင်း၊ ယနေ့တွင် Fever Clinic တစ်ဦး၊ လက်ဆေးရည်ထုတ်လုပ်ဖြန့်ဝေသူတစ်ဦးနှင့် အဝတ် Maskထုတ်လုပ်နေသူတစ်ဦးတို့နှင့် ဆွေးနွေးမည်ဖြစ်ပါကြောင်း၊ အဝတ် Mask ထုတ်လုပ်၍ ရောင်းချခြင်းကို သဘောကျပါကြောင်း၊ ယခုအချိန်တွင် စီးပွားရေးအနေဖြင့်လည်း တတ်နိုင်သမျှ လည်ပတ်ရန်လိုအပ်ပါကြောင်း၊ လည်ပတ်သည့် စီးပွားရေးပုံစံသည်လည်း ယခု နိုင်ငံတော်မှလိုအပ်နေသည့် အခြေအနေနှင့် ကိုက်ညီရမည် ဖြစ်ပါကြောင်း၊ ယခုအချိန်တွင် မလိုအပ်သည့် အရာများ ထုတ်လုပ်နေပါက မည်သူမျှဝယ်မည်မဟုတ်ပါကြောင်း၊ ခြိစ်ချုပ်သုံးနေရသည့် အခြေအနေဖြစ်ပါကြောင်း၊ ပိုလျှံနေသည့် ဝင်ငွေမရှိကြပါကြောင်း၊ ထို့ကြောင့် ရှိသည့်ငွေများကို အဓိကကျသည့် ကိစ္စရပ်များတွင်သာ သုံးမည်ဖြစ်သည့်အတွက် ကိုဗစ်ကာလတွင် လိုအပ်သည့်ပစ္စည်းများ ထုတ်လုပ်ခြင်းမှာလည်း များစွာကောင်းမွန်ပါကြောင်း ပြောကြားသည်။

### ဆွေးနွေးတင်ပြ

ထို့နောက် အင်းစိန်ပြည်သူ့ဆေးရုံကြီး ဆေးပညာဌာန ပါမောက္ခ၊ Fever Clinic များ ဖွင့်လှစ်ဆောင်ရွက်သူ ဒေါက်တာမာမာကြည်က ပြည်သူလူထုအခြေပြု ကိုဗစ်-၁၉ ရောဂါ တိုက်ဖျက်ရေး အဖျားဆေးခန်းဖွင့်လှစ်ထားရှိမှုနှင့် စပ်လျဉ်း၍ တတိယမြောက် COVID-19 အတည်ပြုလူနာကို မတ် ၂၅ ရက်တွင် အင်းစိန်ဆေးရုံမှ တွေ့ရှိခဲ့ကြောင်း၊ ထိုအချိန်တွင် ကျန်းမာရေးဝန်ထမ်းများလည်း ရောဂါကူးစက်ခံရမည်ကို ကြောက်ရွံ့ခဲ့ကြောင်း၊ ကာကွယ်ရေးပစ္စည်းများလည်း မရှိ၍ GP ဆေးခန်းများ မဖွင့်သည့်အတွက် လူနာများအခက်အခဲဖြစ်ကြောင်း၊ ထို့ကြောင့် ဧပြီလ ၂ ရက်တွင် အင်းစိန်မြို့နယ်၌ Fever Clinic စတင်ဖွင့်လှစ်ခဲ့ကြောင်း၊ လူနာလေးပုံသုံးပုံခန့်မှာ Fever Clinic များသို့ လာရောက်ကြပြီး ကျန်လူနာလေးပုံတစ်ပုံခန့်သာ ဆေးရုံသို့သွားကြသည့်အတွက် Fever Clinic များသည် ဆေးရုံ၏အလုပ်ကို များစွာလျှော့ချပေးနိုင်ကြောင်း၊ သံသယလူနာများကို ကြိုတင်စစ်ဆေးတွေ့ရှိနိုင်သည့်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ မူဝါဒနှင့်လည်း ကိုက်ညီကြောင်း၊ Fever Clinic များသည် သံသယလူနာ ၄၀၀ ခန့် ကြည့်ပေးနိုင်ခဲ့ပြီး COVID-19 အတည်ပြုလူနာ Cluster တစ်ခုကိုလည်း တွေ့ရှိခဲ့ကြောင်း၊ ရန်ကုန်တိုင်းဒေသကြီး ၄၅ မြို့နယ်အနက် မြို့နယ် ၂၂ ခုတွင် Fever Clinic များ ဖွင့်လှစ်နိုင်ခဲ့ပြီး ဆရာဝန် ၁၆၂ ဦး၊ သူနာပြု ခြောက်ဦးနှင့် စေတနာလုပ်အားရှင် ၅၄ ဦး ရှိကြောင်း၊ Fever Clinic များသည် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ချမှတ်ထားသည့် Standard Operating Procedures များ ပြည့်မီပြီး ပြည်သူလူထု၏ အားကိုးရာဖြစ်လာကြောင်း ဆွေးနွေးတင်ပြသည်။

Social Cohesion ဆောင်ရွက်နေသူ ဦးအောင်ကျော်မိုးက မောင်တောမြို့နယ်အတွင်း Social Cohesion လှုပ်ရှားမှုအနေဖြင့် မောင်တောမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ပူးပေါင်း၍ အစ္စလာမ်ဘာသာဝင်များ၊ တိုင်းရင်းသားများပါဝင်သည့် ဘောလုံးပွဲများနှင့် အားကစားပြိုင်ပွဲများ၊ သင်တန်းများ၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာလှုပ်ရှားမှုများနှင့် ဆွေးနွေးမှုများကို လူမှုအဖွဲ့အစည်းများ၊ အမျိုးသမီးကွန်ရက် ရခိုင်ပြည်နယ်၊ လူငယ်ကွန်ရက် ရခိုင်ပြည်နယ် စသည့် နှစ်ဖက်အသိုင်းအဝိုင်းပါဝင်သည့် ပူးပေါင်းကော်မတီနှင့် အမြဲတမ်း ချိတ်ဆက်ဆောင်ရွက်ခဲ့ပါကြောင်း၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး လှုပ်ရှားမှုဖြစ်လာသည့်အခါ တိုင်းရင်းသား၊ အစ္စလာမ်ဘာသာဝင်များ အားလုံးပါဝင်သည့် Social Cohesion ဆိုင်ရာ လှုပ်ရှားမှုအနေဖြင့် ပူးပေါင်းပြီး လက်သန့်ဆေးရည်ထုတ်ရန် ဆုံးဖြတ်ခဲ့ပါကြောင်း၊ လက်သန့်ဆေးရည်ထုတ်လုပ်ရန် ကုန်ကြမ်းများကို ရန်ကုန်မြို့မှ မှာယူပြုလုပ်ပြီး မောင်တောဒေသရှိ လူစည်ကားသည့် နေရာများ၊ ဈေးများ၊ အခြားအစ္စလာမ်ဘာသာဝင်များနေထိုင်သည့် ကျေးရွာများနှင့် တိုင်းရင်းသားကျေးရွာများသို့ သွားရောက်၍ လက်သန့်ဆေးရည် စနစ်တကျ အသုံးပြုပုံကို ပညာပေးဆောင်ရွက်ကာ လက်သန့်ဆေးရည်များကို အခမဲ့ဖြန့်ဝေပေးခဲ့ပါကြောင်း၊ ထို့အတူ mask ကို စနစ်တကျ ဝတ်ဆင်အသုံးပြုရန် ပညာပေးခြင်း၊ mask များကို အခမဲ့ဖြန့်ဝေပေးခြင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် ကိုဗစ်-၁၉ ကာကွယ်ရေးဆိုင်ရာ လမ်းညွှန်ချက်များနှင့် ပညာပေးပိုစတာများကို စုပေါင်းစိုက်ထူခြင်းများ ဆောင်ရွက်ခဲ့ကြောင်း၊ လက်ကိုစနစ်တကျ ဆေးတတ်သည့် အလေ့အထဖြစ်အောင် ကြိုးစားဆောင်ရွက်လျက်ရှိပါကြောင်း၊ အစ္စလာမ်ဘာသာဝင်များ၊ တိုင်းရင်းသားများ စုပေါင်းပြီး ကိုဗစ်-၁၉ ကာကွယ်ရေးဆိုင်ရာ call center ကိုလည်း ဖွင့်လှစ်ထားပါကြောင်း၊ တိုင်းရင်းသားများကို သက်ဆိုင်ရာဘာသာစကားဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးဆိုင်ရာ လမ်းညွှန်ချက်များကို ဖုန်းဖြင့်ပညာပေးခြင်း၊ သိလိုသည့်မေးခွန်းများအား ပြန်လည်ဖြေကြားပေးခြင်းနှင့် လိုအပ်ပါက သက်ဆိုင်ရာဌာနများသို့ တင်ပြပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ မိုဘိုင်းဖုန်းများသို့ message ဖြင့် ပေးပို့သည့် ကိုဗစ်-၁၉ ကာကွယ်ရေး လမ်းညွှန်ချက်များကို ၎င်းဒေသရှိ ပြည်သူများက များစွာစိတ်ဝင်စားပါကြောင်း၊ ဆက်လက်၍လည်း ကိုဗစ်-၁၉ ကာကွယ်ရေးလမ်းညွှန်ချက်များကို မိုဘိုင်းဖုန်းများသို့ message ဖြင့် ယခုထက်ပိုမိုပေးပို့ပေးစေလိုကြောင်း၊ မောင်တောဒေသတွင် လက်ရှိအချိန်၌ ရိုးရိုး mask ဝတ်ဆင်အသုံးပြုလျက်ရှိပါကြောင်း၊ Social Cohesion လှုပ်ရှားမှုအနေဖြင့် နှစ်ဖက်အသိုင်းအဝိုင်း ပါဝင်သည့် စုပေါင်းအဖွဲ့က အဝတ် mask များ ချုပ်လုပ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပြီး ရန်ကုန်မြို့မှ ကုန်ကြမ်းများလည်း ရောက်ရှိနေပြီဖြစ်ကာ ချုပ်လုပ်ပြီးပါက အခမဲ့ဖြန့်ဝေပေးသွားမည် ဖြစ်ပါကြောင်း၊ မောင်တောဒေသတွင် လက်ရှိအချိန်၌ ရောဂါပိုးတွေ့ရှိမှုသည် နေ့တိုင်းရက်ဆက်ဖြစ်နေသည့်အတွက် ရောဂါကူးစက်မှုမရှိစေရန်အတွက် mask များကို ဝတ်ဆင်ကြပါကြောင်း ဆွေးနွေးတင်ပြသည်။

အဝတ် Mask များ တစ်ပိုင်တစ်နိုင် ချုပ်လုပ်ရောင်းချသူ ဒေါ်နန်းဇင်ဟန်ဦးက အဝတ် mask များ တစ်ပိုင်တစ်နိုင်ချုပ်လုပ်ရောင်းချမှုနှင့် စပ်လျဉ်း၍ မိသားစုသုံးစွဲရန် Surgical mask သွားဝယ်ရာတွင် ဆိုင်တစ်ဆိုင်၌ ပစ္စည်းပြတ်နေပြီး အခြားဆိုင်သို့သွားဝယ်သည့်အခါ ယခင် ကျပ် ၂၀၀ တန်ကို ကျပ် ၁၀၀၀ ပေးဝယ်ခဲ့ကြောင်း၊ ၎င်းသည် စက်ချုပ်ပြီး မိခင်ဖြစ်သူအတွက် အင်္ကျီချုပ်ပေးရာတွင် ပိုသည့်အစဖြင့် mask ချုပ်ပေးခဲ့ကြောင်း၊ ယင်းနောက် အင်တာနက်မှ mask ပုံစံများရှာ၍ မိသားစုသုံးနှင့် ၎င်း၏လက်ဖက်ရည်ဆိုင်ရှိ အလုပ်သမားများတွက် mask များ ချုပ်ပေးခဲ့ကြောင်း၊ ဈေးဝယ်လာသူများက ထို mask များကို တွေ့ရှိ၍ မေးမြန်းမှာကြားကြရာမှ တစ်ပိုင်တစ်နိုင်ချုပ်လုပ် ရောင်းချခဲ့ခြင်းဖြစ်ကြောင်း၊ သံဃာတော်များကို mask များကပ်လှူသလို ဆင်းရဲနွမ်းပါးသူအချို့ကိုလည်း အခမဲ့ပေးကြောင်း ဆွေးနွေးတင်ပြသည်။

### တစ်ယောက်ချင်းစီက လိုက်နာ

ဆွေးနွေးတင်ပြချက်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ကိုဗစ်- ၁၉ ရောဂါ တစ်ဦးနှင့်တစ်ဦး ကူးစက်ပြန့်ပွားမှုမရှိအောင် ကာကွယ်ခြင်းသည် ပထမဆုံး ဦးစားပေးဆောင်ရွက်ရမည့် အရေးအကြီးဆုံးကိစ္စဖြစ်ပါကြောင်း၊ ထုတ်ပြန်ထားသည့် စည်းမျဉ်းစည်းကမ်းများကို တစ်ယောက်ချင်း တစ်ယောက်ချင်းစီက လိုက်နာဆောင်ရွက်ပါက မည်သည့်ပြဿနာမျှ ရှိမည်မဟုတ်ပါကြောင်း၊ ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ ရောဂါလက္ခဏာများကို စောစောစီးစီး ရှာဖွေတွေ့ရှိရန် အရေးကြီးပါကြောင်း၊ စောစောစီးစီး သိရှိပါက အခြားသူများနှင့် ထိတွေ့မှုနည်းအောင် Quarantine ဆောင်ရွက်၍ရပါကြောင်း။

ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်သည့် အကြီးဆုံးစိန်ခေါ်မှုသည် မည်မျှကြာအောင် ရင်ဆိုင်ရမည်ကို ခန့်မှန်း၍ မရခြင်းဖြစ်ပါကြောင်း၊ ယနေ့အထိ ခန့်မှန်းနိုင်ခြင်းမရှိပါကြောင်း၊ ရောဂါကာကွယ်ဆေးရမှ စိတ်ချရမည်ဖြစ်ပါကြောင်း၊ ရောဂါလုံးဝမဖြစ်ပွားအောင် ကာကွယ်ဆေးထိုးပြီး လုပ်နိုင်သည့် အခြေအနေကို ရောက်လာသည့်အချိန်မှ ကိုဗစ်-၁၉ ရောဂါကို နိုင်သွားပြီဟု သတ်မှတ်ရမည်ဖြစ်ပါကြောင်း၊ ယင်းသည် မိမိတို့နိုင်ငံအနေဖြင့် လုပ်ဆောင်နိုင်သည့်ကိစ္စ မဟုတ်ပါကြောင်း၊ သို့သော်လည်း ကြိုးစားဆောင်ရွက်လျက်ရှိပါကြောင်း၊ လက်တွေ့ကျကျပြောရမည်ဆိုပါက မိမိတို့နိုင်ငံထက် သိပ္ပံ၊ နည်းပညာနှင့် ငွေရေးကြေးရေးအရ အရင်းအမြစ်ခိုင်မာသည့် နိုင်ငံကြီးများက ကာကွယ်ကုသနည်းများကို မြန်မြန်တွေ့ရန် အလားအလာရှိပါကြောင်း၊ ယင်း ကာကွယ်ကုသနည်းများကို မည်မျှကြာမှတွေ့မည်ကိုလည်း ခန့်မှန်း၍မရပါကြောင်း၊

**စာမျက်နှာ ၄ သို့ ❂**

❂ စာမျက်နှာ ၃ မှ
သာမန်အားဖြင့် ဆေးတစ်ခုကို စမ်းသပ်ထုတ်လုပ်ရန် နှစ်နှစ်လောက် အချိန်ယူရသည်ဟု သိရှိရပါကြောင်း၊ သို့သော် ကိုဗစ်-၁၉ ရောဂါသည် အလွန်အရေးကြီးသည့်အတွက် စောစောစီးစီးတွေ့ရှိအောင် ကြိုးစားလျက်ရှိပါကြောင်း၊ နည်းနည်းတော့ အချိန်ယူရမည်ဖြစ်ပါကြောင်း။

**တစ်ပိုင်တစ်နိုင်လုပ်**

ယခုအချိန်တွင် စီးပွားရေးယန္တရား ဆက်လက်လည်ပတ်နေရမည်ဖြစ်ပါကြောင်း၊ ကိုဗစ်-၁၉ ရောဂါကြောင့် စီးပွားရေးယန္တရား နှေးကွေးသွားပါကြောင်း၊ အချို့နေရာများတွင် ရပ်တန့်သွားပါကြောင်း၊ ယင်းစီးပွားရေးလုပ်ငန်းများ ပြန်လည်လည်ပတ်နိုင်ရန် နည်းအမျိုးမျိုးဖြင့် အားလုံးက တစ်ပိုင်တစ်နိုင်လုပ်ရန် အရေးကြီးပါကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က နိဂုံးချုပ်စကား ပြောကြားရာတွင် အားလုံးဝိုင်းဝန်း ကူညီကြသည့်အတွက် များစွာအားတက်မိပါကြောင်း၊ ယခုကိစ္စသည် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတစ်ခုတည်း ဆောင်ရွက်၍ရသည့်ကိစ္စရပ် မဟုတ်ပါကြောင်း၊ အစိုးရဌာနအားလုံးပူးပေါင်းဆောင်ရွက်၍လည်း မလုံလောက်ပါကြောင်း၊ နောက်ဆုံးတွင် ပြည်သူများလည်း ပါဝင်ရမည်ကို ထပ်တလဲလဲပြောပါကြောင်း၊ ပြည်သူသည်သာ အဓိက ဖြစ်ပါကြောင်း၊ ပြည်သူတစ်ယောက်ချင်း ပါဝင်ရမည်ဖြစ်ပါကြောင်း၊ ရောဂါပိုးသည် တစ်ယောက်ချင်း တစ်ယောက်ချင်းကို ကူးစက်ပါကြောင်း၊ ယင်းတစ်ယောက်ချင်းက အခြားကို ကူးစက်ပျံ့နှံ့ပါကြောင်း၊ ထို့ကြောင့် ပြည်သူတစ်ယောက်ချင်းအနေဖြင့် မိမိကိုယ်တိုင် မကူးစက်စေရန် ဂရုစိုက်ရမည်ဖြစ်ပါကြောင်း။

**ဂရုစိုက်ရန်လိုအပ်**

မိမိကြောင့် တစ်ပါးသူ မကူးစက်စေရန် ဂရုစိုက်မည်ဆိုပါက ကျော်လွှားသွားနိုင်မည် ဖြစ်ပါကြောင်း၊ အလေ့အကျင့်လုပ်ယူရမည်ဖြစ်ပြီး ခက်ခဲမှုလည်းရှိပါကြောင်း၊ အထူးသဖြင့် ခပ်ခွာခွာနေရမည်ဆိုသော်လည်း လူတို့၏ သဘာဝအရ စုစုစည်းစည်းနေချင်သည့်စိတ်ရှိပါကြောင်း၊ ယင်းမှာလည်း ဆိုးရွားသည့်စိတ်မဟုတ်ပါကြောင်း၊ သာမန်အချိန်တွင် စုစုစည်းစည်းနေခြင်း၊ ခင်ခင်မင်မင်နေခြင်း၊ နွေးနွေးထွေးထွေးနေခြင်း၊ ကလေးများ အတူတကွကစားခြင်းတို့သည် အားပေးရမည့်ကိစ္စများဖြစ်ပါကြောင်း၊ သို့သော် ယခုသည် သာမန်အခြေအနေ မဟုတ်သည့်အတွက် ကလေးများနှင့်ပတ်သက်၍ ဂရုစိုက်ရန်လိုအပ်ပါကြောင်း၊ ထိတွေ့၍ကစားမည်ဆိုပါက လက်ဆေးရန် အရေးကြီးပါကြောင်း၊ ထိတွေ့ကစားခြင်းကို လုံးဝမတားနိုင်ပါက လက်ကိုသန့်ရှင်းစွာထား၍ မျက်နှာဖုံးစွပ်ထားမည်ဆိုပါက ရောဂါပြန့်ပွားခြင်းကို အတိုင်းအတာတစ်ခုအထိ ထိန်းချုပ်နိုင်မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ဝိုင်းဝန်းကူညီသည့် ပြည်သူများအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း၊ ဆက်လက်၍ အားလုံးစုစုစည်းစည်းဖြင့် လုပ်ဆောင်စေလိုပါကြောင်း၊ ပြဿနာပေါ်ပေါက်လာပါက ဖြေရှင်းရမည့် နည်းလမ်းများလည်းရှိပါကြောင်း၊ ယင်းဖြေရှင်းနည်းသာ ရှာဖွေရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် မှန်မှန်ကန်ကန် ရှာဖွေသွားမည်ဆိုပါက စုပေါင်းအင်အားဖြင့် ကျော်လွှားနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ ကျန်းမာအောင်နေထိုင်ကြစေလိုပါကြောင်း၊ ကျန်းမာရန်များစွာ အရေးကြီးပါကြောင်း ပြောကြားသည်။

**သတင်းစဉ်**

# ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်နိုင်ရေး သရုပ်ပြမဲရုံ ခင်းကျင်းပြသ



**နေပြည်တော် ဇွန် ၁၂**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကျင်းပသည့်နေ့၌ မဲဆန္ဒရှင်ပြည်သူများ မဲရုံတွင် မဲစာရင်းကြည့်ရှုခြင်း၊ မဲပေးခြင်းများဆောင်ရွက်စဉ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ခြင်းနှင့် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ်နေရာများအတွက် ဆန္ဒမဲပေးခြင်းဆိုင်ရာ လက်တွေ့သရုပ်ပြခြင်းကို ယနေ့မွန်းလွဲ ၁ နာရီတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၌ ကျင်းပသည်။

အဆိုပါ သရုပ်ပြပွဲသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ ကော်မရှင်ရုံး၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနှင့် International Foundation for Electoral Systems (IFES) အဖွဲ့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် (ရွေးကောက်ပွဲဆိုင်ရာ) က သရုပ်ပြမဲရုံဆောင်ရွက်ရခြင်းကို ရှင်းလင်းတင်ပြပြီး ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ မဲပေးခြင်းလုပ်ငန်းစဉ်များကို ကော်မရှင်ရုံးမှဝန်ထမ်းများက သရုပ်ပြဆောင်ရွက်ခဲ့ကြသည်။ ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် တက်ရောက်လာကြသူများက လိုအပ်သည်များကို အကြံပြုဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

❖ ကျောဖုံးမှ
အလယ်တန်းပညာနှင့် အထက်တန်းပညာကို အဆင့်ဆင့် တိုးမြှင့်သင်ယူခွင့်များရရှိရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယင်းတို့မှာ မူလတန်းအရွယ်ကလေးတိုင်း မူလတန်းပညာရေးကို ပြီးမြောက်အောင်မြင်ခြင်းနှင့် မူလတန်းပညာသင်ယူရန် အခက်အခဲရှိနေသည့် ကာယ၊ ဉာဏ စွမ်းရည်အားနည်းသော ကလေးများ၊ ဆင်းရဲနွမ်းပါးသည့်ကလေးများ၊ ဝေးလံခေါင်ဖျားဒေသရှိ ကလေးများ စသည့်ကလေးများအတွက် အလေးထားသည့် ပညာရေးအစီအစဉ်များ ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ခြင်း၊ ကွဲပြားခြားနားသည့် ဘာသာစကားပြောသော မူလတန်းသင် တိုင်းရင်းသားကလေးငယ်များအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၏ ကြီးကြပ်မှုဖြင့် တိုင်းရင်းသားဘာသာစကား သင်ရိုးညွှန်းတမ်းပြုစုရေးဆွဲခြင်းနှင့် သင်ကြားခြင်းများ အပါအဝင် တိုင်းရင်းသားဘာသာစကားနှင့် ယဉ်ကျေးမှုကို မြှင့်တင်ပေးရန် ဆောင်ရွက်ခြင်း၊ သင့်လျော်သော ဆရာ၊ ကျောင်းသားအချိုးရရှိစေရန် ဆောင်ရွက်ပေးခြင်း၊ ကျောင်းအသီးသီးမှ ဆရာများ၏ ဘာသာရပ်ကျွမ်းကျင်မှုနှင့် သင်ကြားပို့ချမှုစွမ်းရည်များ မြင့်မားလာစေရန် ဆောင်ရွက်ခြင်း၊ အခြေခံပညာရေးကို လူတိုင်းပိုမိုလက်လှမ်းမီနိုင်ရန် ဖွံ့ဖြိုးမှုအားနည်းသည့်ဒေသများရှိ ကျောင်းများ (အထူးသဖြင့် ကျောင်းအသုံးအဆောင်ပစ္စည်းများ လုံလောက်မှုမရှိသော အခြေခံပညာအလယ်တန်းနှင့် အထက်တန်းကျောင်းများ)၏ လိုအပ်ချက်များကို ဦးစားပေးဖြည့်ဆည်းဆောင်ရွက်ပေးခြင်း၊ ပညာအရည်အချင်းနည်းပါးသူများ၏ နေထိုင်မှုဘဝ တိုးတက်ကောင်းမွန်စေရန် အခြေခံပညာအလယ်တန်း၊ အထက်တန်း တန်းညှိအစီအစဉ်များနှင့် သက်မွေးမှုသင်တန်း အစီအစဉ်များဖြင့် ဆက်လက် ပညာဆည်းပူးနိုင်သော အခွင့်အလမ်းများ ဖော်ဆောင်ပေးခြင်း၊ တက္ကသိုလ်များတွင် ကိုယ်ပိုင်သင်ရိုးညွှန်းတမ်းများ ရေးဆွဲသင်ကြားခွင့်၊ အုပ်ချုပ်ခွင့်နှင့် သုတေသနလုပ်ငန်းများကို လွတ်လပ်စွာ ဆောင်ရွက်နိုင်သော ကမ္ဘာ့အဆင့်မီ အဆင့်မြင့်သင်ရိုး၊ ကမ္ဘာ့အဆင့်မီ အဆင့်မြင့်ပညာရေးစနစ်ဖြစ်ထွန်းလာစေရန် ဦးတည်ဖော်ဆောင်ပေးခြင်း၊ နည်းပညာနှင့် သက်မွေးပညာရေးနှင့် လေ့ကျင့်ရေး ပညာရပ်များကို တက္ကသိုလ်များ၏ ပညာရပ်များနှင့် တန်းတူဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ပေးခြင်း၊ ကျောင်းသားမိဘများနှင့် ရပ်ရွာအသိုက်အဝန်းကို ဝန်ထုပ်ဝန်ပိုး မဖြစ်စေသော ထိရောက်သည့် ပညာရေးဝန်ဆောင်မှုဖြစ်စေရန် ဆောင်ရွက်ပေးခြင်း၊ နိုင်ငံတော်အစိုးရ၊ ပုဂ္ဂလိကကဏ္ဍနှင့် ပြည်တွင်းပြည်ပမှရရှိသည့် ပညာရေးဆိုင်ရာ ဘဏ္ဍာငွေများကို အကျိုးရှိထိရောက်စွာ ခွဲဝေသုံးစွဲနိုင်ရန်နှင့် ပွင့်လင်းမြင်သာမှုရှိစေရန် ဆောင်ရွက်ခြင်း၊ တိကျမှန်ကန်သည့် သတင်းအချက်အလက်များကို အခြေခံ၍ ထိရောက်သော ပညာရေးပြုပြင်ပြောင်းလဲမှု၊ စီမံခန့်ခွဲမှုနှင့် လေ့လာကြီးကြပ်မှုလုပ်ငန်း အစီအစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း။



**ပညာရေးဝန်ကြီးဌာန၏ စတုတ္ထ(၁)နှစ်တာ ဆောင်ရွက်ချက်များနှင့်ပတ်သက်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး ရှင်းလင်းပြောကြားစဉ်။**

**သင်ရိုးသစ် KG**

ရှေးဦးအရွယ် ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာ၌ ၂၀၁၉-၂၀၂၀ ပညာသင်နှစ် ကျောင်းအခြေပြု မူကြိုကျောင်း ၃၁၁၅ ကျောင်းတွင် ဆရာ ဆရာမ ၄၅၇၁ ဦးနှင့် ကျောင်းသားကျောင်းသူ ၈၀၆၅၈ ဦး ရှိပါကြောင်း၊ အခြေခံပညာ ကျောင်းများတွင် သူငယ်တန်း(KG) ကျောင်းသား ၈၇၃၅၄၈ ဦး တက်ရောက်လျက်ရှိပြီး KG ကျောင်းနေအရွယ်ကလေးတိုင်း KG တန်းသို့ တက်ရောက်သင်ယူခွင့် ရရှိရေးအတွက် သင်ရိုးသစ် KG အတန်းများတွင် ဖွင့်လှစ်လျက်ရှိပါကြောင်း၊ ထိုသို့ ဆောင်ရွက်သဖြင့် ၂၀၁၉ ခုနှစ်အတွင်း အခြေခံပညာအဆင့် သင်ယူပြီးမြောက်သူ ၁၆၉၅၉၁ ဦး၊ အလယ်တန်းအဆင့် သင်ယူပြီးမြောက်သူ ၁၈၃၂၈၉ ဦးနှင့် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုအောင်မြင်သူ ၃၃၃၉၇၈ ဦးအထိ တိုးတက်လာပါကြောင်း၊ ၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင် တိုင်းရင်းသားဘာသာစကား ၆၃ မျိုးကို တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ကျောင်းပေါင်း ၁၃၁၀၀ ၌ ဆရာ ဆရာမ ၂၆၀၈၄ ဦးက ကျောင်းသား ကျောင်းသူ ၈၄၈၄၈၀ ကို သင်ကြားပေးခဲ့ပါကြောင်း။

၂၀၁၉ ခုနှစ်တွင် အစိုးရအခြေခံပညာကျောင်း(မူ/လယ်/ထက်)များ၌ ဆရာနှင့် ကျောင်းသားအချိုးအနေဖြင့် ၁ အချိုး ၂၂၊ အစိုးရနည်းပညာနှင့် သက်မွေးအထက်တန်းကျောင်း/ သိပ္ပံများ၌ ဆရာနှင့် ကျောင်းသားအချိုးအနေဖြင့် ၁ အချိုး ၄ နှင့် တက္ကသိုလ်/ ဒီဂရီကောလိပ်/ကောလိပ်များ၌ ဆရာနှင့် ကျောင်းသားအချိုးအနေဖြင့် ၁ အချိုး ၄၅ ရှိပါကြောင်း၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း သတ်မှတ်အရည်အချင်း ပြည့်မီသူများ (တိုင်းရင်းသား/ ဒေသခံများ)ကို လုပ်ထုံးလုပ်နည်းနှင့်အညီ စိစစ်ရွေးချယ်ခန့်ထားနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိရာ မူလတန်းပြ၊ အလယ်တန်းပြ၊ အထက်တန်းပြ ဆရာ ဆရာမ စုစုပေါင်း ၁၄၃၈၈ ဦး၊ နည်းပညာနှင့် သက်မွေးအထက်တန်းကျောင်း/သိပ္ပံ၌ သင်တန်းဆရာ ဆရာမ ၅၆၁ ဦးနှင့် တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များ၌ နည်းပြ/သရုပ်ပြ ၁၂၃၅ ဦးတို့အပြင် အချိန်ပိုင်း နည်းပြ၊ သရုပ်ပြ ၄၃၆ ဦးကို ခန့်အပ်ထားပါကြောင်း။

**ကျောင်းပြင်ပ ပညာရေး**

၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင် ကျောင်းပြင်ပ မူလတန်းပညာရေးကို မြို့နယ် ၈၉ မြို့နယ်၌ ဆောင်ရွက်ခဲ့ရာ သင်ယူသူ ၇၅၄၅ ဦးနှင့် ကျောင်းပြင်ပ အလယ်တန်းပညာရေးကို မြို့နယ် ရှစ်မြို့နယ်၌ ဆောင်ရွက်ခဲ့ရာ သင်ယူသူ ၁၉၁၉ ဦး ရှိပါကြောင်း။

အလားတူ အခြေခံစာတတ်မြောက်ရေး အစီအစဉ်ကို ၂၀၁၈ ခုနှစ် ဧပြီလမှ မေလအထိ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် ဆောင်ရွက်ခဲ့ရာ သင်ယူသူ ၄၆၉၀၊ ၂၀၁၈ ခုနှစ် အောက်တိုဘာလမှ နိုဝင်ဘာလအထိ ပဲခူးတိုင်းဒေသကြီးတွင် ဆောင်ရွက်ခဲ့ရာ သင်ယူသူ ၁၈၈၆ ဦး၊ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလမှ ၂၀၁၉ ခုနှစ် ဇန်နဝါရီလအထိ ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ်တွင် ဆောင်ရွက်ခဲ့ရာ သင်ယူသူ ၇၂ ဦးနှင့် ၂၀၁၉ ခုနှစ်တွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မိတ္ထီလာ၊ မြင်းခြံနှင့်

**စာမျက်နှာ ၅ သို့ ❖**

❖ စာမျက်နှာ ၄ မှ

ညောင်ဦးမြို့နယ်တို့တွင် ဆောင်ရွက်ခဲ့ရာ သင်ယူသူ ဖ၉၀၁ ဦးရှိပါကြောင်း၊ ထို့ပြင် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် CBMSC ကာလတိုသင်တန်း အမျိုးအစားပေါင်း ဖ၀ ကို ဖွင့်လှစ်ပေးခဲ့ပါကြောင်း။

### ကိုယ်ပိုင်သင်ရိုးညွှန်းတမ်း

တက္ကသိုလ်များတွင် ကိုယ်ပိုင်သင်ရိုးညွှန်းတမ်းများ ရေးဆွဲသင်ကြားခွင့်၊ အုပ်ချုပ်ခွင့်နှင့် သုတေသနလုပ်ငန်းများကို လွတ်လပ်စွာ ဆောင်ရွက်နိုင်သော ကမ္ဘာ့အဆင့်မီ အဆင့်မြင့်သင်ရိုး၊ အဆင့်မြင့်ပညာရေးစနစ် ဖြစ်ထွန်းလာစေရန် ဦးတည်ဖော်ဆောင်ပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် ရန်ကုန်တက္ကသိုလ် + ၇၊ မန္တလေးတက္ကသိုလ် + ၇ တို့တွင် တက္ကသိုလ်ဝင်ခွင့် တိုက်ရိုက်လျှောက်ထား စိစစ်ရွေးချယ်မှု ခွင့်ပြုဆောင်ရွက်ခြင်း၊ ရာထူးခန့်ထားခြင်း၊ ပြောင်းရွှေ့ခြင်းနှင့် တိုးမြှင့်ပေးခြင်းတို့ကို စွမ်းဆောင်ရည် သတ်မှတ်ချက်အရ ကိုယ်ပိုင်စီမံခန့်ခွဲမှုကို ခွင့်ပြုဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ထို့ပြင် တက္ကသိုလ်ပဋိညာဉ်စာတမ်း ရေးဆွဲခြင်း၊ အသုံးချသုတေသန၊ သင်ရိုးညွှန်းတမ်း၊ စာကြည့်တိုက်၊ အိုင်စီတီ၊ တက္ကသိုလ်–ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်ခြင်း၊ နိုင်ငံတကာ တက္ကသိုလ်များနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ အရည်အသွေး အာမခံမှု၊ တက္ကသိုလ်ဖွံ့ဖြိုးရေး ပူးပေါင်းဆောင်ရွက်ခြင်း၊ နိုင်ငံခြားပညာသင်စေလွှတ်ခြင်း၊ လုံခြုံဘေးကင်းပြီး ကျန်းမာ၍ အရည်အသွေးရှိသော သင်ယူမှုဝန်းကျင်ကောင်းဖြစ်ရေး ဖြည့်ဆည်းပံ့ပိုးလျက်ရှိပါကြောင်း။

အလားတူ သူငယ်တန်း + ၁၂ တန်း အခြေခံပညာရေးနှင့် လိုက်လျောညီထွေရှိသော သင်ရိုးညွှန်းတမ်း၊ သင်ကြားသင်ယူမှု နည်းလမ်း၊ အသုံးချသုတေသန၊ ဒေသအကျိုးပြုဘွဲ့ သင်တန်းများ စသည့်လုပ်ငန်းများ စီစဉ်ဆောင်ရွက်ရန်အားပေးခြင်း၊ နေ့သင်တန်း ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်များ (ရန်ကုန်တက္ကသိုလ်နှင့် မန္တလေးတက္ကသိုလ်တို့မပါ)တွင် အဝေးသင်တက္ကသိုလ် သင်တန်းများအတွက် သင်ကြားသင်ယူရေး လုပ်ငန်းများ၊ စာမေးပွဲနှင့် ဘွဲ့နှင်းသဘင်လုပ်ငန်းများ စီမံခန့်ခွဲမှုခွင့်ပြုခြင်းစသည်တို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကျောင်းသားမိဘများနှင့် ရပ်ရွာအသိုက်အဝန်းကို ဝန်ထုပ်ဝန်ပိုးမဖြစ်စေသော ထိရောက်သည့် ပညာရေးဝန်ဆောင်မှု ဖြစ်စေရန်အတွက် ဆောင်ရွက်လျက်ရှိရာ ၂၀၁၉–၂၀၂၀ ပညာသင်နှစ်တွင် ဗလာစာအုပ် ဒါဇင်ပေါင်း ၉၅၇၁ ဒသမ ၄၉၄ ဒါဇင်ကို အခမဲ့ဖြန့်ဝေပေးခဲ့ပါကြောင်း၊ ပညာရေးကဏ္ဍအသုံးစရိတ်ကို ၂၀၁၉–၂၀၂၀ ပညာသင်နှစ်တွင် သာမန်အသုံးစရိတ် ငွေကျပ် ၁၉၃၁၀၃၃ သန်းနှင့် ငွေလုံးငွေရင်း အသုံးစရိတ်ငွေကျပ် ၇၅၄၉၃၄ သန်းရှိပြီး ၂၀၁၁–၂၀၁၂ ပညာသင်နှစ်မှ စတင်၍ နှစ်အလိုက်နှိုင်းယှဉ်ပါက ၂၀၁၉–၂၀၂၀ ပညာသင်နှစ်တွင် ပညာရေးကဏ္ဍအသုံးစရိတ်အနေဖြင့် ကိုးဆ တိုးတက်လာပါကြောင်း။

### ဦးစားပေးသတ်မှတ်

နိုင်ငံတော်အစိုးရ၏ ပညာရေးဆိုင်ရာဘဏ္ဍာငွေများကို အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း လုပ်ငန်းစဉ်များအပေါ် မူတည်၍ ဦးစားပေးအစီအစဉ်အရ ခွဲဝေလျာထားသတ်မှတ်၍ နှစ်စဉ် အကျိုးရှိထိရောက် ပွင့်လင်းမြင်သာစွာ ဆောင်ရွက်နိုင်ရေးအတွက် ဆရာ၊ မိဘ၊ အုပ်ထိန်းသူ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များနှင့်ပူးပေါင်း၍ စီမံသုံးစွဲလျက်ရှိပါကြောင်း၊ တင်ဒါလုပ်ငန်းစဉ် အဆင့်ဆင့်ကို ပွင့်လင်းမြင်သာမှုရှိစေရန်အတွက် ဝန်ကြီးဌာနနှင့် ဦးစီးဌာနများ၊ တက္ကသိုလ်များ၏ Website များတွင် ဖော်ပြလျက်ရှိပြီး ဌာနတွင်း စာရင်းစစ်ဆေးခြင်းကို နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက် ၁/၂၀၁၇ နှင့်အညီ ဆောင်ရွက်နေပါကြောင်း၊ လစဉ်ဘဏ္ဍာငွေ အရအသုံးစာရင်းများကို ဝန်ကြီးဌာနနှင့် ဦးစီးဌာနများ၏ Website များတွင် ဖော်ပြပေးလျက်ရှိပါကြောင်း။

တိကျမှန်ကန်သည့် သတင်းအချက်အလက်များ အချိန်နှင့်တစ်ပြေးညီရရှိစေရန်အတွက် ပညာရေးစီမံခန့်ခွဲမှု သတင်းအချက်အလက်စနစ် (EMIS) ကို အကောင်အထည်ဖော်လျက်ရှိရာ Module ငါးခု (HR, BE, HE/TVET, AE, Procurement/Finance) အတွက် Software ရေးဆွဲခြင်းနှင့် EMIS Software Training ပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ပါကြောင်း၊ Module Software ရေးဆွဲခြင်းကို Update ပြုလုပ်ခြင်းနှင့် အချက်အလက်များ ဖြည့်သွင်းခြင်းအား တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် လွှမ်းခြုံဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ တက္ကသိုလ်၊ ကောလိပ်နှင့် နည်းပညာကျောင်းများကို Software အသုံးပြုမှုသင်တန်း ကျင်းပခြင်း၊ Software ပြင်ဆင်မှုများ အပြီးသတ်ဆောင်ရွက်ခြင်း၊ Update ပြုလုပ်ပြီးနောက် Roll Out ပြုလုပ်ခြင်းနှင့် EMIS Data Management Training သင်တန်းများ ကျင်းပခြင်းတို့ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ C4M(APP)ကို အသုံးပြု၍ တိုင်းဒေသကြီး/ပြည်နယ်ခြောက်ခုတွင် အခြေခံပညာကျောင်း အချက်အလက်ကောက်ယူခြင်းကို စမ်းသပ်ဆောင်ရွက်ခဲ့ပါကြောင်း၊ ထို့ပြင် အခြေခံပညာကျောင်းများ၌ School Mapping ကို ဆောင်ရွက်ခဲ့ပါကြောင်း၊ ဦးစီးဌာနအလိုက်၊ နှစ်အလိုက် လုပ်ငန်းအကောင်အထည်ဖော်ရေး စီမံကိန်း (Departmental Annual Implementation Plan– DAIP) များ ရေးဆွဲခြင်း၊ ပညာရေး အရည်အသွေးအာမခံမှုစနစ်များ၊ အခြေခံပညာကျောင်း အရည်အသွေးအာမခံမှုစံသတ်မှတ်ချက် အညွှန်းဘောင် (School Quality Assurance Standards Framework–SQASF) မူကြမ်းရေးဆွဲခြင်း၊ လေ့လာကြီးကြပ်အကဲဖြတ်ခြင်း အညွှန်းဘောင် (Monitoring and Evaluation Frame–work) ရေးဆွဲခြင်း၊ Communication, Situation Analysis Phase–1 မူကြမ်းအစီရင်ခံစာ ရေးသားပြုစုခြင်း၊ လူမှုရေးဆိုင်ရာအကျုံးဝင်မှု (Social Inclusion) ပိုစတာများ ပြုလုပ်နိုင်ခဲ့ပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် သတင်းမီဒီယာများက ကိုဗစ်ကာလဖြစ်သည့်အတွက် တက္ကသိုလ်ဝင်တန်း အောင်စာရင်း ထုတ်ပြန်ရာတွင် လူစုလူဝေးမဖြစ်အောင် ဆောင်ရွက်မည့်အခြေအနေကို မေးမြန်းရာ မြန်မာနိုင်ငံစာစစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးညွန့်က ၂၀၂၀ တက္ကသိုလ်ဝင်တန်း အောင်စာရင်း အမြန်ဆုံးထုတ်ပြန်နိုင်ရန် စီစဉ်ဆောင်ရွက်နေပါကြောင်း၊ အောင်စာရင်း ထုတ်ပြန်မည့်ရက်ကို သတင်းဌာနများသို့ အသိပေးသွားမည်ဖြစ်ပါကြောင်း၊ ကိုဗစ်–၁၉ ဖြစ်ပွားမှု အခြေအနေအပေါ်မူတည်ပြီး Social Distancing အရ ဝက်ဘ်ဆိုက်က ထုတ်ပြန်သွားမည်ဖြစ်ပြီး ယင်းကာလ ပြီးဆုံးသွားပါက ပုံမှန်အတိုင်း ကြေညာပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

### ရှင်းလင်းဖြေကြား

ဆက်လက်၍ သတင်းမီဒီယာများက ပညာရေးဝန်ကြီးဌာန၏ ပြည်သူ့အတွက် စတုတ္ထ(၁)နှစ်တာ ကာလအတွင်း ဆောင်ရွက်ခဲ့မှုတို့နှင့်စပ်လျဉ်း၍ အခြေခံပညာကျောင်းများတွင် တိုင်းရင်းသားစာပေနှင့် ဘာသာစကား သင်ကြားရေး ဆောင်ရွက်နေမှုအခြေအနေ၊ ဆရာ ဆရာမများ ခန့်ထားမှုနှင့် ထောက်ပံ့မှုအခြေအနေ၊ ကိုဗစ်–၁၉ ကာလတွင် ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရန်နှင့် လုံခြုံမှုရှိစွာ သင်ကြားသင်ယူနိုင်ရေး ဆောင်ရွက်ထားရှိမှု၊ ကိုဗစ်–၁၉ ရောဂါပျံ့နှံ့နေသည့် ဒေသများရှိကျောင်းများအတွက် သီးခြားဆောင်ရွက်ထားရှိမှု အခြေအနေ၊ ဘတ်ဂျက်သုံးစွဲမှုနှင့်ပတ်သက်၍ စီမံခန့်ခွဲမှုအခြေအနေ၊ အိမ်ရာပြင်ဆင်မှုလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ဗိုလ်ချုပ်ဈေးရှိ ဝန်ကြီးဌာနပိုင်ဆိုင်ခန်းကိစ္စ၊ တိုင်းရင်းသားဘာသာစကားသင်ကြားရာတွင် ဆရာဆရာမများကို လစာထပ်ဆောင်းပေး၍ သင်ကြားနေမှုအခြေအနေနှင့် ဆရာဆရာမအင်အား၊ စာသင်ခန်းများတွင် သတ်မှတ်အကွာအဝေးဖြင့် စာသင်ခုံများ နေရာချထားမှုတို့နှင့်စပ်လျဉ်း၍ ပြည်တွင်း ပြည်ပ သတင်းမီဒီယာများက မေးမြန်းကြရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးနှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားကြသည်။



တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၏ စတုတ္ထ(၁)နှစ်တာ ဆောင်ရွက်ချက်များနှင့်ပတ်သက်၍ ညွှန်ကြားရေးမှူးချုပ် ဦးမင်းအေးကို ရှင်းလင်းပြောကြားစဉ်။



သင်ရိုးသစ်ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များကို တွေ့ရစဉ်။

ယင်းနောက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ ပြည်သူ့အတွက် စတုတ္ထ(၁)နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ဝန်ကြီးဌာနအနေဖြင့် ပြည်သူတစ်ဦးချင်းစီ၏ လွတ်လပ်လုံခြုံစွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူတစ်ဦးချင်းစီ၏ အခွင့်အရေးများကို ဖော်ဆောင်ပေးနိုင်ရန် လိုအပ်သော မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေ၊ မဟာဗျူဟာနှင့် လုပ်ငန်းစဉ်များကို ချမှတ်ပြီး ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် လိုအပ်သော ဘတ်ဂျက်တိုးမြှင့်ရရှိနိုင်ရန် လုပ်ငန်းစဉ်များ ချမှတ်ကာ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းနှင့် ကိုက်ညီအောင် ဆောင်ရွက်ခဲ့ပါကြောင်း၊ ဝန်ကြီးဌာန၏ ဘတ်ဂျက်ရရှိမှုအနေဖြင့် ၂၀၁၆–၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ငွေကျပ် ၁၈ ဒသမ ၅ ဘီလီယံမှ ၂၀၁၉–၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ငွေကျပ် ၁၂၀ ဒသမ ၈ ဘီလီယံအထိ ခုနစ်ဆ တိုးမြှင့်ရရှိခဲ့ပါကြောင်း။

### ဆောင်ရွက်ပေးလျက်ရှိ

ဝန်ကြီးဌာန၏ လူမှုဝန်ထမ်းဦးစီးဌာနသည် ၂၀၁၉ ခုနှစ် ဇူလိုင် ၂၃ ရက်တွင် အသစ်ပြဋ္ဌာန်းခဲ့သည့် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေနှင့် ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်း ဥပဒေ (၂၀၁၈) တို့ဖြင့် ကလေးသူငယ်များ ဘေးအန္တရာယ်များမှ ကာကွယ်စောင့်ရှောက်ရန်နှင့် ပုံမှန်ဖွံ့ဖြိုးတိုးတက်နိုင်ရန်အတွက် ၎င်းဥပဒေ နှစ်ခုဖြင့် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ကလေးသူငယ်များ ဖွံ့ဖြိုးကြီးထွားပြီး ဉာဏ်ရည်ထက်မြက်ရန်ရည်ရွယ်၍ "ကလေးဘဝ ရှေ့ဆောင် ရက် ၁၀၀၀" ဟူသော ဆောင်ပုဒ်နှင့်အညီ အနာဂတ်မျိုးဆက်သစ်များအတွက် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါကြောင်း၊ ၂၀၁၇–၂၀၁၈ ဘဏ္ဍာရေးနှစ်မှစတင်၍ ကလေးသူငယ်အာဟာရဆိုင်ရာ အညွှန်းကိန်းနိမ့်ပါးသော ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ကရင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် မိခင်တစ်ဦးလျှင် တစ်လ ငွေကျပ် ၁၅၀၀၀ နှုန်းဖြင့် ထောက်ပံ့ဆောင်ရွက်ခဲ့ပါကြောင်း၊ လာမည့်ဘဏ္ဍာနှစ် ၂၀၁၉–၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ဧရာဝတီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့၌ တိုးချဲ့ထောက်ပံ့နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း။

ရင်ခွင်မဲ့ကလေးငယ်များအတွက် ဝန်ကြီးဌာနအနေဖြင့် ကလေးပြုစုရေးဌာနခုနစ်ခု ဖွင့်လှစ်ပြီး စောင့်ရှောက်ပေးလျက်ရှိပါကြောင်း၊ စတုတ္ထ (၁) နှစ်တာကာလအတွင်း ရင်ခွင်မဲ့ကလေးငယ်များ လျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်း၏ လှူဒါန်းမှုဖြင့် ကလေး ၁၀၀ ဆံ့ ကလေးပြုစုရေးဌာနတစ်ခုကို ယခုနှစ်တွင် နေပြည်တော်၌ ဖွင့်လှစ်နိုင်မည်ဖြစ်ပါကြောင်း၊ ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေး၊ ဖွံ့ဖြိုးရေးနှင့် ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းများကို ဥပဒေနှင့်အညီ ကလေးများကို ပြုစုပျိုးထောင်ပေးနိုင်ရန် မူလတန်းကြိုကျောင်းများကို နှစ်စဉ်တိုးချဲ့ဖွင့်လှစ်လျက်ရှိရာ ၂၀၁၉–၂၀၂၀ ခုနှစ်တွင် ကျောင်းပေါင်း ၁၀ ကျောင်းကို တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ပါကြောင်း၊ ပုဂ္ဂလိကမူလတန်းကြိုကျောင်းများ စနစ်တကျ ဖွင့်လှစ်ဆောင်ရွက်နိုင်ရန် ရှေးဦးအရွယ်ကလေးသူငယ် ပြုစုပျိုးထောင်ရေးဆိုင်ရာ ဆရာဖြစ်သင်တန်းများကိုလည်း ဖွင့်လှစ်ခဲ့ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် မူကြိုကျောင်းများ မဖွင့်လှစ်နိုင်သေးသည့် နေရာများတွင် မိခင်ဝိုင်းများကို ဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိရာ မိခင်ဝိုင်းပေါင်း ၁၂၀၂ ဝိုင်း ဖွင့်လှစ်ပေးနိုင်ခဲ့ပါကြောင်း။

ထို့ပြင် ရှေးဦးအရွယ်ကလေးသူငယ်ဖွံ့ဖြိုးရေးအခြေအနေ တိုင်းတာစစ်ဆေးမှုနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်း (Early Childhood Intervention–ECI) ကို ရှေ့ပြေးစီမံချက်အနေဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် ဆောင်ရွက်ခဲ့ပြီး ၂၀၁၉–၂၀၂၀ ဘဏ္ဍာရေးနှစ်အထိ ၇၅၃၆ ဦးကို ဆန်းစစ်ဖော်ထုတ်ပေးနိုင်ခဲ့ပါကြောင်း၊ လူငယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူငယ်များနှင့် ပတ်သက်၍ လူငယ်ရေးရာမူဝါဒကို အကောင်အထည်ဖော်နိုင်ရန် မဟာဗျူဟာကို စတုတ္ထ(၁)နှစ်တာကာလအတွင်း ချမှတ်နိုင်ခဲ့ပြီး အတည်ပြုနိုင်ရန် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် လူငယ်စင်တာများ ဖွင့်လှစ်နိုင်အောင် ကြိုးစားလျက်ရှိပြီး ပထမဦးစွာ ဖွင့်လှစ်နိုင်ခဲ့သည်မှာ စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ဖြစ်ပါကြောင်း။

### လူငယ်သင်တန်းကျောင်း

သင်တန်းကျောင်း အခြေပြုကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းအနေဖြင့် ပြစ်မှု၊ ပြစ်ဒဏ်ကျခံရသော ကလေးသူငယ်များကို အကျင့်စာရိတ္တပြုပြင်ရန်နှင့် ပြန်လည်ထူထောင်ရန် လူငယ်သင်တန်းကျောင်းများ ဖွင့်လှစ်ထားရှိပါကြောင်း၊ မြန်မာနိုင်ငံတွင် သန်လျင်၊ ၄က်အော်စမ်း၊ မန္တလေးနှင့် မော်လမြိုင်လူငယ်သင်တန်းကျောင်း လေးခုရှိပါကြောင်း၊ ဥပဒေအရ ကလေးသူငယ်၏ အသက်ကို ၁၈ နှစ်အောက်ဟု သတ်မှတ်ခဲ့ရာ စောင့်ရှောက်ရမည့် ကလေးသူငယ်ဦးရေ သုံးဆကျော် တိုးမြှင့်လာသဖြင့် သင်တန်းကျောင်းဆောင်များနှင့် သင်တန်းကျောင်းသစ်များ တိုးချဲ့ဖွင့်လှစ်ခြင်း၊ ဝန်ထမ်းများတိုးချဲ့ခန့်ထားခြင်းကို ဆောင်ရွက်လျက်ရှိပါကြောင်း။

အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရပ်ဘက်အဖွဲ့အစည်း ၁၁ ဖွဲ့ပါဝင်သော မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီကို ဖွဲ့စည်းဆောင်ရွက်ခဲ့ပါကြောင်း၊ အမျိုးသမီးများကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သည့်နည်းတူ ကာကွယ်ရန်လည်း လိုအပ်ပါသဖြင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှု တားဆီးကာကွယ်ရေး ဥပဒေ(မူကြမ်း)ကို အတည်ပြုပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက်လျက်ရှိပြီး ပြည့်တန်ဆာဆိုင်ရာ ဥပဒေ(မူကြမ်း)ကို ရေးဆွဲလျက်ရှိပါကြောင်း၊ အလားတူ အသက် ၈၅ နှစ်အထက် သက်ကြီးရွယ်အိုများကို လစဉ်ငွေကြေး ထောက်ပံ့သော လူမှုရေးပင်စင်ကို ၂၀၁၇ ခုနှစ်တွင် စတင်ဆောင်ရွက်ခဲ့ရာ ၂၀၂၀ ပြည့်နှစ်အထိ ဘိုးဘွား ၄၇၀၈၂၁ ဦးအတွက် ငွေကျပ် ၃၄ ဒသမ ၉ ဘီလီယံ ပေးအပ်နိုင်ခဲ့ပါကြောင်း။

### ထောက်ပံ့နိုင်ခဲ့

ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနအနေဖြင့်ပြည်သူများ သဘာဝဘေးဒဏ်ကို ကြံ့ကြံ့ခံရင်ဆိုင်တုံ့ပြန်နိုင်စွမ်းရှိသော လူ့အသိုက်အဝန်းဖြစ်ပေါ်စေရန် ရည်ရွယ်ချက်ဖြင့် လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထောက်ပံ့ကူညီမှုများ ပြည်သူ့လက်ဝယ်သို့ အမြန်ဆုံး ရောက်ရှိစေရေးအတွက် ဘေးဖြစ်ပွားမှုများ၏ ၃၀ ရာခိုင်နှုန်းခန့်ကို ဘေးဖြစ်ပြီးနောက် ၂၄ နာရီအတွင်း၊ ၆၀ ရာခိုင်နှုန်းခန့်ကို ဘေးဖြစ်ပြီးနောက် နှစ်ရက်အတွင်း၊ ၇၀ ရာခိုင်နှုန်းခန့်ကို ဘေးဖြစ်ပြီးနောက် သုံးရက်အတွင်းနှင့် ဘေးဖြစ်ပွားမှုများအားလုံးကို ဘေးဖြစ်ပြီးနောက်ခုနစ်ရက်အတွင်း ထောက်ပံ့နိုင်ခဲ့ပါကြောင်း။

စာမျက်နှာ ၆ သို့ ❖

❖ စာမျက်နှာ ၅ မှ

ပြန်လည်ထူထောင်ရေး ဦးစီးဌာနသည် စတုတ္ထ (၁) နှစ်တာကာလအတွင်း ထောက်ပံ့မှုလုပ်ငန်းများကို ပိုမိုမြန်ဆန်ထိရောက်စွာ ဆောင်ရွက်လာနိုင်ခြင်း၊ သတင်းအချက်အလက်များ အချိန်နှင့်တစ်ပြေးညီ ဖြန့်ဝေပေးနိုင်ခြင်း၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးလုပ်ငန်းများကို ပိုမိုထိရောက်ကျယ်ပြန့်စွာ ဆောင်ရွက်နိုင်ခြင်း၊ သဘာဝဘေးလျော့ပါးရေးအတွက် လုပ်ငန်းများပိုမိုတိုးမြှင့်ဆောင်ရွက်လာနိုင်ခြင်းနှင့် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပိုမိုပူးပေါင်းဆောင်ရွက်ခြင်းတို့ကို ဖော်ဆောင်နိုင်ခဲ့ပါကြောင်း၊ မသန်စွမ်းသူများ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို တစ်နိုင်ငံလုံး အတိုင်းအတာအနေဖြင့် မသန်စွမ်းသူများအား ပံ့မှန်ထောက်ပံ့မှု၊ ရပ်တည်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုများကို ဆောင်ရွက်ပေးနိုင်ရန် မသန်စွမ်းသူများ မှတ်ပုံတင်ခြင်းနှင့် မသန်စွမ်းမှု အဆင့်ခွဲခြားသတ်မှတ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ လူကုန်ကူးခံရသူများ ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ အမျိုးသားအဆင့် စီလုပ်ငန်းအစီအစဉ်ကို ဖော်ထုတ်အတည်ပြုနိုင်ခဲ့ပြီး ပုံနှိပ်ထုတ်ဝေနိုင်ခဲ့ပါကြောင်း။

ဝန်ကြီးဌာနအနေဖြင့် ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် IDP စခန်းများ ပိတ်သိမ်းရေးကို စနစ်တကျဆောင်ရွက်နိုင်ရန်အတွက် ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများပိတ်သိမ်းရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာကို ရေးဆွဲခဲ့ပါကြောင်း၊ မြန်မာနိုင်ငံတွင် IDP စခန်းပေါင်း ၁၂၇ ခုရှိပြီး ရခိုင်ပြည်နယ်တွင် ၁၈ ခု၊ ကချင်ပြည်နယ်တွင် ၈၄ ခု၊ ရှမ်းပြည်နယ်တွင် ၂၃ ခုနှင့် ကရင်ပြည်နယ်တွင် နှစ်ခုရှိရာ ယင်းစခန်းများရှိ ပြည်တွင်းနေရပ်စွန့်ခွာသူများ စနစ်တကျနေရာချထားရေးအတွက် ၎င်းမဟာဗျူဟာကို စတင်အကောင်အထည်ဖော် ဆောင်ရွက်နေပြီဖြစ်ပါကြောင်း၊ ဘေးကင်းလုံခြုံ၍ ဂုဏ်သိက္ခာရှိပြီး မှီခိုမှုကင်းသောဘဝများ ပြန်လည်တည်ဆောက်ရေးအတွက် ဝန်ကြီးဌာနမှ ရည်ရွယ် ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် သတင်းမီဒီယာများက ကိုဗစ်ကာလအတွင်း IDP စခန်းများအား ကူညီဆောင်ရွက်ပေးနေမှုနှင့် စပ်လျဉ်း၍ မေးမြန်းရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက IDP စခန်းများနှင့်ပတ်သက်၍ စီမံချက်အား မတ်လအတွင်းကပင် ရေးဆွဲခဲ့ပြီး အတည်ပြုပြီးစီမံချက်အတိုင်း ဆောင်ရွက်ခဲ့ပါကြောင်း၊ နိုင်ငံတော်မှ ငွေကျပ် ၂ ဒသမ ၁ ဘီလီယံ အကုန်အကျခံကာ IDP ဆိုသည့်အတွက် ပြည်တွင်း နေရပ်စွန့်ခွာသူများနှင့် သက်ဆိုင်ပါကြောင်း၊ တစ်နိုင်ငံလုံးရှိ ပြည်တွင်း နေရပ်စွန့်ခွာသူများအတွက် စီမံချက်ရေးဆွဲပြီး ဘတ်ဂျက်များနှင့် စနစ်တကျ ဆောင်ရွက်လျက်ရှိပါကြောင်း၊ နေရာအားလုံးကို ရောက်အောင် ဆောင်ရွက်နေပါကြောင်း၊ ပလက်ဝကဲ့သို့ ခက်ခဲသည့် နေရာများကို ရောက်ရှိပြီး ကူညီထောက်ပံ့နေပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ သတင်းမီဒီယာများက ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ရောက်ရှိနေသည့် ပိုးတွေ့လူနာများအတွက် ဆောင်



နေပြည်တော်ကောင်စီ၏ စတုတ္ထ (၁) နှစ်တာ ဆောင်ရွက်ချက်များနှင့်ပတ်သက်၍ နေပြည်တော်ကောင်စီ အတွင်းရေးမှူး ဦးခင်မောင်အေး ရှင်းလင်းပြောကြားစဉ်။

ရွက်မည့်အစီအမံများ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ တရားမဝင်ပြန်လည်ဝင်ရောက်သူများနှင့် ပိုးတွေ့လူနာဦးရေ၊ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများတွင် အသုံးပြုရန် ရဟတ်ယာဉ် ဝယ်ယူထားမှုနှင့် စီမံခန့်ခွဲမှု၊ ကျောက်တလုံးဒုက္ခသည်စခန်း တည်ဆောက်မှုအခြေအနေ၊ ကိုဗစ်ကာလအတွင်း IDP စခန်းများကို ကူညီထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ တည်ဆောက်ပြီးမှန်တိုင်းဒဏ်ခံနိုင်သည့် အဆောက်အအုံအရေအတွက်၊ ဝန်ကြီးဌာနလက်အောက်ရှိ မူကြိုကျောင်းများ ပြန်လည်ဖွင့်လှစ်မည့် အချိန်ကာလတို့နှင့်စပ်လျဉ်း၍ မေးမြန်းကြရာ **ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့် တာဝန်ရှိသူများ**က ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

### အချိန်အဟုန်မြှင့် ဆောင်ရွက်

ယင်းနောက် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၏ ပြည်သူ့အတွက် စတုတ္ထ(၁)နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုနှင့်စပ်လျဉ်း၍ **ညွှန်ကြားရေးမှူးချုပ် ဦးမင်းအေးကို**က ဝန်ကြီးဌာန၏ တိုင်းရင်းသားများ၏ စာပေနှင့် ယဉ်ကျေးမှုများကို ထိန်းသိမ်းမြှင့်တင်ခြင်း၊ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ခြင်းဖြင့် ပြည်ထောင်စုစိတ်ဓာတ် တိုးတက်ခိုင်မာစေပြီး တိုင်းရင်းသားများ၏ လူမှုစီးပွားဘဝ မြင့်မားတိုးတက်စေရန် မျှော်မှန်းချက်ဖြင့် တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာနသည် အချိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပါကြောင်း။

ပြည်ထောင်စု တိုင်းရင်းသားကျေးရွာ(ရန်ကုန်)တွင် တိုင်းရင်းသားတို့၏ နေ့ထူးနေ့မြတ်အခမ်းအနားများ၊ ရိုးရာပွဲတော်များကို လက်ခံကျင်းပ၍ တိုင်းရင်းသားလူမျိုးစုများ တိုင်းရင်းသားပြည်သူများ အပန်းဖြေနိုင်ရန် အပတ်စဉ်ဖျော်ဖြေရေး အစီအစဉ်များ၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များ၏ ရိုးရာယဉ်ကျေးမှု ဖျော်ဖြေတင်ဆက်မှုများ အပါအဝင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၏ ပူးပေါင်းဖျော်ဖြေတင်ဆက်မှု အစီအစဉ်များဖြင့် အစိုးရရုံးပိတ်ရက်များတွင် တိုးမြှင့်ဆောင်ရွက်လျက်ရှိပါကြောင်း၊ တိုင်းရင်းသားလူမျိုးများ၏ ရိုးရာအကနှင့် ရိုးရာတူရိယာအတီးအမှုတ် သင်တန်းများကို လက်ဆင့်ကမ်းအမွေအနှစ်များ ရရှိရေးဆောင်ရွက်ခဲ့ပါကြောင်း။

တိုင်းရင်းသားလူမျိုးများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုဖိုရမ် (၂၀၁၈ ခုနှစ်) ကျင်းပခဲ့ပြီး မြန်မာနိုင်ငံတိုင်းရင်းသား လုပ်ငန်းရှင်များအသင်းကို ဖွဲ့စည်းခဲ့ပါကြောင်း၊ မြန်မာနိုင်ငံတိုင်းရင်းသား လုပ်ငန်းရှင်များအသင်းက တိုင်းဒေသကြီး/ပြည်နယ်များတွင် အသင်းရုံးခွဲများ ဖွင့်လှစ်ပေးခြင်းဖြင့် အသေးစား၊ အငယ်စား၊ အလတ်စား တိုင်းရင်းသား လုပ်ငန်းရှင်များက ဒေသထွက်ကုန်များကို ပြည်တွင်းပြည်ပ ဈေးကွက်ဝင်လုပ်ငန်းများအဖြစ် ဖွံ့ဖြိုးပြီးဒေသများကို ချိတ်ဆက်လုပ်ကိုင်နိုင်၍ တန်းတူညီမျှသော စီးပွားရေးလုပ်ငန်းများအပြင် အလုပ်အကိုင် အခွင့်အလမ်းများ ရရှိနေပြီဖြစ်ပါကြောင်း၊ ၂၀၂၀ ပြည့်နှစ်၌ တိုင်းရင်းသားလူမျိုးများ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုဖိုရမ် ကျင်းပမှုမတိုင်မီ ပြည်နယ်များတွင် Business Forum များ ကျင်းပနိုင်ရေး ဆောင်ရွက်ခဲ့ပါကြောင်း။

### ပြဋ္ဌာန်းနိုင်ခဲ့

တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးကို ဥပဒေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ ပိုမိုရှင်းလင်းလွယ်ကူစွာ ဆောင်ရွက်နိုင်ရန် ဖြစ်ပွားနေသော အငြင်းပွားမှုများကို ထိရောက်စွာဖြေရှင်းနိုင်ရန် ရည်ရွယ်၍ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် နည်းဥပဒေများကို ၂၀၁၉ ခုနှစ် ဩဂုတ် ၂၃ ရက်တွင် ပြဋ္ဌာန်းနိုင်ခဲ့ပါကြောင်း။

တိုင်းရင်းသား ပညာရေးကဏ္ဍဖွံ့ဖြိုးရေးအတွက် ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်း၍ ၂၀၁၉-၂၀၂၀ ပညာသင်နှစ် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ အခြေခံပညာကျောင်းများတွင် တိုင်းရင်းသားဘာသာ သင်ကြားနေသည့် Language Teacher ဆရာ ဆရာမများ နေရာတွင် ပြင်ပမှ ပုဂ္ဂိုလ်များကို Teaching Assistant (TA)နှင့် Language Teacher(LT) များအဖြစ် အစားထိုးခန့်အပ်နိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း။

UNICEF ၏ ပံ့ပိုးကူညီမှုဖြင့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့မှ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှု ၂၅ ဖွဲ့က ဒေသသင်ရိုးများ ပြုစုရေးဆွဲမှုလုပ်ငန်းများ ပြီးမြောက်ခဲ့ပါကြောင်း၊ ကျန်ရှိနေသေးသည့် အခြားသော တိုင်းရင်းသားများ၏ ဒေသသင်ရိုးများ ပေါ်ထွက်လာနိုင်ရေး UNICEF နှင့် ပူးပေါင်း၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

### ဖြန့်ဝေခဲ့

တိုင်းရင်းသား ကလေးငယ်များ အသိပညာဖွံ့ဖြိုးတိုးတက်စေရန် KG တန်းများအတွက် အခြေခံဖြစ်သော တိုင်းရင်းသားဘာသာနှင့် မြန်မာဘာသာ နှစ်မျိုးဖြင့် ဖော်ပြထားသော ပုံပြပုံပြင်စာအုပ် (ရုပ်ပြ)များကို တိုင်းရင်းသားဘာသာ ၆၆ မျိုးဖြင့် အုပ်ရေ ၃၄ သန်းကျော် ပုံနှိပ်ခဲ့ပြီး အုပ်ရေ ၁၀ သိန်းကျော်ကို တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ဖြန့်ဝေခဲ့ပါကြောင်း။

မြန်မာနိုင်ငံ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးဆိုင်ရာ မဟာဗျူဟာ ၂၀၁၉-၂၀၂၈ ကို ဦးတည်အခန်းကဏ္ဍများဖြင့် သတ်မှတ်၍ မူဝါဒရေးဆွဲနိုင်ရေး မျှော်မှန်းဆောင်ရွက်လျက်ရှိပါကြောင်း။

တိုင်းရင်းသား အမည်များကို ကျောင်းစတင်အပ်နှံရာတွင် အသုံးပြုနိုင်ရေးအတွက် ပညာရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ပြီးဖြစ်ပါကြောင်း၊ ပညာရေးဝန်ကြီးဌာနက အခြေခံပညာ ကျောင်းများအား ကျောင်းအပ်ချိန်တွင် တိုင်းရင်းသားအမည်များ ရေးသွင်းရန် ညွှန်ကြားထားပါကြောင်း၊ တိုင်းရင်းသားအမည်များကို မွေးစာရင်း၌ ဖြည့်သွင်းဆောင်ရွက်ပေးနိုင်ရေးကိုလည်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ညှိနှိုင်းထားပါကြောင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားများတွင် တိုင်းရင်းသားအမည်ဖော်ပြနိုင်ရေး အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် ညှိနှိုင်းထားပြီးဖြစ်ပါကြောင်း။

တိုင်းရင်းသားမျိုးဆက်သစ်လူငယ်များကို ကျောက်မျက်ရတနာအချောထည် ထုတ်လုပ်မှုနည်းပညာများ လက်ဆင့်ကမ်း သင်ကြားပေးရန် ရည်ရွယ်၍ ဆုထူးပန် ပညာဒါနဖောင်ဒေးရှင်းက တည်ထောင်သည့် ကျောက်မျက်ရတနာ အချောထည် ထုတ်လုပ်ရေးနှင့်အသက်မွေးမှုအတတ်ပညာသိပ္ပံကျောင်းတွင် မျိုးဆက်သစ် တိုင်းရင်းသားလူငယ်များ သင်တန်းတက်ရောက်ခွင့်ရရှိခဲ့ပါကြောင်း။

### သင်ကြားနိုင်ခဲ့

အဆိုပါသင်တန်းသို့ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ် တိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီးများ၏ ထောက်ခံမှု၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၏ စိစစ်ရွေးချယ်မှုဖြင့် တက်ရောက်စေခဲ့ပါကြောင်း၊ ကျောက်မျက်ရတနာ အချောထည် ထုတ်လုပ်ရေးနှင့် အသက်မွေးမှု အတတ်ပညာသင်တန်း အမှတ်စဉ်(၁)ကို ၂၀၁၉ ခုနှစ် ဇွန် ၁၈ ရက်မှ တစ်နှစ်ကြာ မန္တလေးမြို့၌ ဖွင့်လှစ်ပြီး စာတွေ့ခြောက်လ၊ On Job Training ခြောက်လ အခမဲ့ သင်ကြားနိုင်ခဲ့ပါကြောင်း။

သင်တန်းတွင် ကျောက်စိမ်းကွန်ပျူတာပန်းပုပညာ၊ ကျောက်စိမ်းလက်ပန်းပုပညာ၊ ပတ္တမြား၊ နီလာဖြတ်သွေး(အပွင့်)ပညာ၊ စက်ပန်းထိမ်ပညာ၊ လက်ပန်းထိမ်ပညာ၊ ကျောက်စိမ်းအပွင့်ပညာ၊ ကျောက်စိမ်းပုတီးပညာ၊ ကျောက်စိမ်းလက်ကောက်ပညာ၊ တရုတ်စာပညာ၊ ကျောက်စိပန်းချီပညာနှင့် ပန်းချီပညာတို့ သင်ကြားနိုင်ခဲ့ပါကြောင်း၊ သင်တန်းတတ်မြောက်ပြီးပါက အသေးစား၊ အငယ်စား စီးပွားရေးလုပ်ငန်း လုပ်ကိုင်နိုင်ရန် ဆုထူးပန်ပညာဒါန ဖောင်ဒေးရှင်းက ကူညီသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် သတင်းမီဒီယာများက တိုင်းရင်းသားစာပေ သင်ကြားမှု၊ ဆရာ ဆရာမ ခန့်ထားမှုတို့နှင့် စပ်လျဉ်း၍ မေးမြန်းရာ ညွှန်ကြားရေးမှူးချုပ် ဦးဝင်းနိုင်က သက်ဆိုင်ရာဒေသ၏စာပေယဉ်ကျေးမှုအသင်းအဖွဲ့များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ တာဝန်ရှိသူများနှင့် ညှိနှိုင်း၍ တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင် စာသင်ချိန်အတွင်း၌ သင်ကြားပေးလျက်ရှိပြီး အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် စာသင်ချိန်ပြင်ပ၌ သင်ကြားပေးလျက်ရှိပါကြောင်း၊ ဆရာ ဆရာမများတွင် Teaching Assistant နှင့် Language Teacher ဟု နှစ်မျိုးရှိပါကြောင်း၊ အချို့ကျောင်းများတွင် ဆရာ ဆရာမများကိုယ်တိုင်က တိုင်းရင်းသားစာပေကို သင်ကြားပေးနေခြင်းများရှိပါကြောင်း၊ တိုင်းရင်းသားစာပေ သင်ကြားပေးရန် ဆရာဆရာမများ ထပ်မံလျှောက်ထားနိုင်ပြီး လျှောက်လွှာများကို ခေါ်ယူစိစစ်နေပါကြောင်း၊ ယခု စာသင်နှစ်တွင် တိုင်းရင်းသားစာပေ ၆၇ မျိုးကို သင်ကြားခွင့်ရရှိပြီး ကျန်ရှိနေသည့် တိုင်းရင်းသား စာပေများကိုလည်း သင်ကြားခွင့်ရရှိရန် တင်ပြထားပါကြောင်း ဖြေကြားသည်။

ယင်းနောက် သတင်းမီဒီယာများက တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးထိခိုက်မှုမခံရစေရေး ဆောင်ရွက်မည့် အစီအစဉ်၊ ဝန်ကြီးဌာန၏ နိုင်ငံရေးအရ အရေးပါမှုနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ပူးပေါင်းပါဝင်ဆောင်ရွက်နေမှု အခြေအနေ၊ မှတ်ပုံတင်များတွင် တိုင်းရင်းသားလူမျိုးနာမည်များ ဖော်ပြခွင့်ရရှိမည့်ကိစ္စတို့နှင့် စပ်လျဉ်း၍ မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

### အကောင်အထည်ဖော်ဆောင်ရွက်

ယင်းနောက်နေပြည်တော်ကောင်စီ၏ပြည်သူ့အတွက် စတုတ္ထ(၁) နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုနှင့် စပ်လျဉ်း၍ **နေပြည်တော်ကောင်စီမှ အတွင်းရေးမှူး ဦးခင်မောင်အေး**က နေပြည်တော်ကောင်စီအနေဖြင့် နိုင်ငံတော်အစိုးရ ပထမ (၁)နှစ်တာကာလ၊ ဒုတိယ(၁)နှစ်တာကာလ၊ တတိယ(၁) နှစ်တာကာလနှင့် စတုတ္ထ (၁)နှစ်တာ ကာလတို့တွင် ပညာရေး၊ ကျန်းမာရေး၊ လမ်းတံတား၊ ဆည်မြောင်း/ ရေတွင်း/ ရေကန်၊ လျှပ်စစ်မီးလင်းရေးနှင့် အခြားဒေသဖွံ့ဖြိုးရေးကဏ္ဍများကို ပြည်ထောင်စုရန်ပုံငွေ၊ ပြည်ထောင်စုလွှတ်တော် ဖွံ့ဖြိုးရေးရန်ပုံငွေ၊ နေပြည်တော်ကောင်စီရန်ပုံငွေနှင့် ဒေသအစီအစဉ် အလှူရှင်များ၏ ဆောင်ရွက်မှု စသည်ဖြင့် လုပ်ငန်းပေါင်း ၆၄၆၀ ကို ငွေကျပ်သန်းပေါင်း ၂၇၅၂၄၉ ဒသမ ၉၄၈ သန်း သုံးစွဲအကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

နိုင်ငံတော်အစိုးရ၏ စတုတ္ထ(၁)နှစ်တာကာလအတွင်း လုပ်ငန်းကဏ္ဍအသီးသီးတွင် ပြည်ထောင်စုဘတ်ဂျက်ငွေကျပ်သန်းပေါင်း ၄၁၉၇၇ ဒသမ ၄၂၂ သန်းဖြင့် လုပ်ငန်းပေါင်း ၇၃၄ ခု၊ လွှတ်တော်ဘတ်ဂျက် ငွေကျပ်သန်းပေါင်း ၅၇၄ ဒသမ ၇၆၅ သန်းဖြင့် လုပ်ငန်းပေါင်း ၁၉၆ ခုနှင့် နေပြည်တော်ကောင်စီ ဘတ်ဂျက် ငွေကျပ်သန်းပေါင်း ၈၁၈ သန်းဖြင့် လုပ်ငန်းပေါင်း ၈၁၈ ခုကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါကြောင်း။

နေပြည်တော်အတွင်း ကဏ္ဍအလိုက် နှစ်စဉ်စီမံကိန်း လျာထားချက်များကို ပြည့်မီအောင် ဆောင်ရွက်နိုင်ခဲ့သည့်အပြင် ၈ ဒသမ ၂ ရာခိုင်နှုန်း ရရှိခဲ့ပါကြောင်း၊ ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာနှစ်အတွက် လူတစ်ဦးချင်း ပျှမ်းမျှထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးမှာ ယာယီ စာရင်းအရ ငွေကျပ် ၁၀၂၈၈၉၄ ဒသမ ၆ သန်းဖြစ်ပြီး ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာနှစ်အတွက် ငွေကျပ် ၂၀၂၉၉၅၂ သန်းရရှိရန် ရည်မှန်းဆောင်ရွက်လျက်ရှိပါကြောင်း။

နေပြည်တော်ကောင်စီ၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း ဆက်လက်လုပ်ကိုင်ရမည့် လုပ်ငန်းများအနေဖြင့် လုပ်ငန်းခေါင်းစဉ်ကြီး ခြောက်ခုတွင် လုပ်ငန်းပေါင်း ၈၅၀ အတွက် ငွေကျပ်သန်းပေါင်း ၁၁၂၆၆ ဒသမ ၅၅၄ သန်း ခွင့်ပြုချထားပေးပြီးဖြစ်သည့်အတွက် ညွှန်ကြားချက်များနှင့်အညီ စံချိန်စံညွှန်းကိုက်ညီအောင် ကြီးကြပ်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပြီး ပြည်သူများ အကျိုးဖြစ်ထွန်းစေမည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် သတင်းမီဒီယာများက သံရုံးများပြောင်းရွှေ့ရန် အဆိုပြုတင်ပြထားခြင်းနှင့်စပ်လျဉ်း၍ မေးမြန်းရာ **နေပြည်တော် စည်ပင်သာယာရေးကော်မတီမှ အမြဲတမ်းအတွင်းဝန် ဦးမျိုးအောင်နှင့် ညွှန်ကြားရေးမှူးချုပ် ဦးမင်းမင်းဇော်**တို့က နေပြည်တော်တွင် နိုင်ငံခြားသံရုံးများ ဆောက်ရန်မြေနေရာ ရောင်းချထားပြီး နိုင်ငံအလိုက် နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် မြေနေရာလဲလှယ်ရန် ဆောင်ရွက်နေသည့် နိုင်ငံများလည်း ရှိပါကြောင်း၊ အဆိုပြုထားပြီး လာရောက်မယူနိုင်သေးသည့် သံရုံးများလည်းရှိပါကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် အပြန်အလှန် မြေနေရာလဲလှယ်ရန် စီစဉ်နေပြီး ကျန်ရှိသည့် နိုင်ငံများနှင့် ဆက်လက်ဆောင်ရွက်နေပါကြောင်း။

### အဆိုပြုထား

မြေငှားခပေးသွင်းပြီး စာချုပ်ချုပ်ထားသည့် နိုင်ငံများမှာ ဘင်္ဂလားဒေ့ရှ်၊ မလေးရှားနိုင်ငံတို့နှင့် စာချုပ်ချုပ်ဆိုထားပြီး ဖြစ်ကြောင်း၊ နှစ်နိုင်ငံသဘောတူညီပြီး မြေကွက်လဲလှယ်ရန် စာချုပ်ချုပ်ဆိုထားသည့် နိုင်ငံများမှာ ဘရူနိုင်းနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့ ဖြစ်ကြောင်း၊ မြေငှားစာချုပ်ချုပ်ဆိုရန် ပြင်ဆင်ဆောင်ရွက်နေသည့် နိုင်ငံများမှာ ကာတာနိုင်ငံ၊ ဆော်ဒီအာရေဗျနိုင်ငံနှင့် ဘရာဇီးနိုင်ငံတို့ဖြစ်ပါကြောင်း၊ မြေငှားစာချုပ်ချုပ်ဆိုရန် ပြင်ဆင်နေသည့် နိုင်ငံ ၁၁ နိုင်ငံနှင့် ကမ္ဘာ့ဘဏ်စသည့် အဖွဲ့အစည်းများနှင့် သံတမန်ဇုန်တွင် မြေငှားရမ်းနိုင်ရန်အတွက် အဆိုပြုထားပါကြောင်း၊ မြန်မာနိုင်ငံသို့ အမေရိကန်၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှား၊ နီပေါ၊ ရုရှား၊ တူရကီ၊ စင်ကာပူ၊ ကူဝိတ်၊ ကိုရီးယား၊ အိန္ဒိယ၊ ထိုင်းနှင့် ကမ္ဘာ့ဘဏ်တို့က အဆိုပြုထားပါကြောင်း ရှင်းလင်းဖြေကြားသည်။

စာမျက်နှာ ၈ သို့ ❖

# တရုတ်-အာဆီယံ ဒစ်ဂျစ်တယ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုနှစ်အတွက် အွန်လိုင်းဖွင့်ပွဲ အခမ်းအနားကျင်းပ







**နေပြည်တော် ဇွန် ၁၂**

တရုတ်-အာဆီယံ ဒစ်ဂျစ်တယ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုနှစ်အတွက် အွန်လိုင်းဖွင့်ပွဲအခမ်းအနား (ASEAN – China Year of Digital Economy Cooperation Virtual Opening Ceremony)ကို ယနေ့မွန်းလွဲ ၁ နာရီတွင် Video Conferencing စနစ်ဖြင့် ကျင်းပသည်။

အခမ်းအနားသို့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များ ပါဝင်တက်ရောက်သည်။

**ဆွေးနွေးဖလှယ်**

ဖွင့်ပွဲအခမ်းအနားကို "Combating COVID–19 through Joint Efforts, Embracing Cooperation through ICT and Digital Development" ခေါင်းစဉ်ဖြင့် ကျင်းပပြီး အာဆီယံ ဒစ်ဂျစ်တယ်နည်းပညာဆိုင်ရာ ဝန်ကြီးများက မိမိတို့နိုင်ငံအတွင်း ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုများ၊ ဒစ်ဂျစ်တယ်စီးပွားရေးဖော်ဆောင်မှုတိုးတက်မှုများနှင့် ကိုဗစ်–၁၉ ကပ်ရောဂါအား ဒစ်ဂျစ်တယ်ကဏ္ဍမှ ကူညီပံ့ပိုးပေးနိုင်မှုများနှင့်စပ်လျဉ်းသည့် ကိစ္စရပ်များအား ဆွေးနွေးဖလှယ်ခဲ့ကြသည်။

အဆိုပါ အခမ်းအနားသည် ၂၀၁၉ ခုနှစ် နိုဝင်ဘာလတွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကျင်းပခဲ့သော (၂၂)ကြိမ်မြောက် ASEAN – China Leaders' Meeting တွင် အာဆီယံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့၏ ခေါင်းဆောင်များက ၂၀၂၀ ပြည့်နှစ်ကို တရုတ်–အာဆီယံ ဒစ်ဂျစ်တယ်ဆိုင်ရာ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှစ် (ASEAN –China Year of Digital Economy Cooperation) အဖြစ်သတ်မှတ်၍ ဒစ်ဂျစ်တယ်စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ စတင်ဆောင်ရွက်ကြရန် သဘောတူညီချက်အရ ကျင်းပဆောင်ရွက်ခြင်းဖြစ်သည်။

အခမ်းအနားတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာလီခချန်းက ပေးပို့သည့် ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာနှင့် ကြိုဆိုနှုတ်ခွန်းဆက်မိန့်ခွန်းတို့ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ စက်မှုနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန ဝန်ကြီး မစ္စတာမြောင်ဝေက ဖတ်ကြားသည်။ ဆက်လက်၍ ၂၀၂၀ ပြည့်နှစ်တွင် အာဆီယံအလှည့်ကျဥက္ကဋ္ဌဖြစ်သော ဗီယက်နမ်နိုင်ငံမှ ဝန်ကြီးချုပ် မစ္စတာ ငုယင်စွမ်းဖုက ပေးပို့သည့် ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာကို ဗီယက်နမ်နိုင်ငံ စက်မှုနှင့် ကုန်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Cao Quoc Hung က ဖတ်ကြားပြီး အာဆီယံဒစ်ဂျစ်တယ်ဆိုင်ရာ ဝန်ကြီးများအစည်းအဝေး (ADGMIN) ၏ ဥက္ကဋ္ဌဖြစ်သည့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ စာတိုက်နှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ သန်စမိုင် ခွန်မဆစ် က အဖွင့်အမှာစကားပြောကြားသည်။

ယင်းနောက် အာဆီယံဒစ်ဂျစ်တယ်နည်းပညာဆိုင်ရာဝန်ကြီးများက မိမိတို့နိုင်ငံအတွင်း ဒစ်ဂျစ်တယ်ကဏ္ဍနှင့်စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှု အခြေအနေနှင့် တိုးတက်မှုများအား မျှဝေဆွေးနွေးကြရာတွင် ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က မြန်မာနိုင်ငံအနေဖြင့် ၂၀၁၃ ခုနှစ်တွင် စီးပွားရေးပြုပြင်ပြောင်းလဲမှုများကို စတင်လုပ်ဆောင်ခဲ့ပြီးနောက် ဆက်သွယ်ရေးကဏ္ဍတွင် ပြုပြင်ပြောင်းလဲမှုများကို အောင်မြင်စွာ ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း၊ ပြည်ထောင်စုအစိုးရအနေဖြင့် နိုင်ငံတစ်ဝန်းလုံးနှင့် ပြည်သူတစ်ရပ်လုံး၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုကို အကျိုးဖြစ်ထွန်းစေရန် ဆက်သွယ်ရေးကဏ္ဍတွင် ထင်ရှားသော တိုးတက်မှုများရှိစေမည့် အစီအမံများ ချမှတ်ဆောင်ရွက်ရန် အရေးကြီးသည်ကို နားလည်ပါကြောင်း၊ အစိုးရအဖွဲ့အစည်း၏ ဝန်ဆောင်မှုလုပ်ငန်းများကို ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းခြင်းအတွက် အစီအမံများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဒစ်ဂျစ်တယ်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကော်မတီ (DEDC) က မြန်မာနိုင်ငံဒစ်ဂျစ်တယ်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာစီမံကိန်းအား ရေးဆွဲပြုစုလျက်ရှိပါကြောင်းနှင့် ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းခြင်းသည် အတွေ့အကြုံနည်းပါးသော မြန်မာနိုင်ငံအနေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အခက်အခဲများရှိနိုင်သော်လည်း အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အပါအဝင် ဆွေနွေးဖက်နိုင်ငံများ၏ လက်တွဲဆောင်ရွက်မှုနှင့်အတူ ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း ဆွေးနွေးသည်။

ဆက်လက်၍ မြန်မာနိုင်ငံအနေဖြင့် အစိုးရအဖွဲ့၏လမ်းညွှန်မှုဖြင့် ကိုဗစ်–၁၉ ကမ္ဘာ့ကပ်ရောဂါအား ကာကွယ်တိုက်ဖျက်ထိန်းချုပ်ရန် ဆောင်ရွက်ရာတွင် New Normal ဖြစ်သည့် Work from Home၊ Video Conferencing နှင့် Online Shopping စသောလုပ်ငန်းများ၌ ICT ကို အရေးပါသော နည်းပညာတစ်ခုအဖြစ် အသုံးပြုလျက်ရှိပါကြောင်း၊ ဒစ်ဂျစ်တယ်အပလီကေးရှင်းများဖြင့် ရောဂါနှင့် ဆက်နွှယ်နေသည့် သတင်းအချက်အလက်များအား စောင့်ကြည့်ခြင်းနှင့် သတင်းဖြန့်ဝေအသိပေးခြင်းများအား ဆောင်ရွက်လျက်ရှိပါကြောင်း ဆွေးနွေးသည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများကလည်း မိမိတို့၏နိုင်ငံအတွင်း ဆောင်ရွက်ချက်များအား မျှဝေဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအတွက် လှူဒါန်းမှုအား လက်ခံ



**နေပြည်တော် ဇွန် ၁၂**

Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအတွက် အလှူရှင်များက အလှူငွေနှင့် ဆေးပစ္စည်းများကို နေပြည်တော်ရှိ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ ယနေ့မွန်းလွဲပိုင်းတွင် လာရောက်လှူဒါန်းရာ Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ အတွင်းရေးမှူး(၂)၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက လက်ခံသည်။

**လက်တွဲကူညီပါဝင်**

ရှေးဦးစွာ အလှူရှင်များကိုယ်စား Novartis Pharma Services မှ ကိုယ်စားလှယ်တစ်ဦးက လှူဒါန်းရသည့် အကြောင်းအရင်းနှင့်စပ်လျဉ်း၍ မိမိတို့နိုင်ငံတွင် လက်ရှိ၌ ကိုဗစ်–၁၉ ကပ်ရောဂါကို အတိုင်းအတာတစ်ခုအထိ ထိန်းချုပ်ထားနိုင်သည်ကို သိရှိရပါကြောင်း၊ ထိုသို့ ကိုဗစ်–၁၉ ကပ်ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများတွင် အစိုးရ၊ ပုဂ္ဂလိကနှင့် ပြည်သူများအားလုံးက ပါဝင်ဆောင်ရွက်နေကြသည်ကိုလည်း တွေ့ရှိရပါကြောင်း၊ မိမိတို့ အလှူရှင်များအနေဖြင့်လည်း တတ်နိုင်သည့်ဘက်မှ လက်တွဲကူညီ ပါဝင်ခြင်းဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ယခုအချိန်၌ ကိုဗစ်–၁၉ ကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းများတွင် ပုဂ္ဂလိကကဏ္ဍ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပရဟိတအဖွဲ့ပေါင်းစုံနှင့် ပြည်သူများ၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုများကြောင့် အတိုင်းအတာတစ်ခုအထိ ရောဂါထိန်းချုပ်ထားနိုင်သော်လည်း ပေါ့ဆ၍ မရပါကြောင်း၊ မိမိတို့နိုင်ငံတွင် ယခုလတ်တလောကာလ၌ တွေ့ရှိရသော ကိုဗစ်–၁၉ လူနာအများစုမှာ ပြည်ပနိုင်ငံများမှ ပြန်လာကြသူများဖြစ်ပါကြောင်း၊ ထို့အတွက် အသွားအလာကန့်သတ်ခံရသူများ အနေဖြင့် သတ်မှတ်စည်းကမ်းများကို လိုက်နာဆောင်ရွက်ရန်မှာ ယခုအချိန်တွင် အထူးအရေးကြီးပါကြောင်း၊ ယခုကဲ့သို့ အလှူရှင်များ၏ လှူဒါန်းမှုသည် ယခု ကိုဗစ်–၁၉ ဖြစ်စဉ်တွင် လူနာများအတွက် အသုံးပြုနိုင်မည်သာမက ရေရှည်တွင် ကျန်းမာရေးစနစ်ပိုမိုကောင်းမွန်စေရေး အရင်းအနှီးများလည်းဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်၊ အမြဲတမ်းအတွင်းဝန် ပါမောက္ခ ဒေါက်တာ သက်ခိုင်ဝင်းနှင့် ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသာထွန်းကျော်တို့က လှူဒါန်းမှုများကို လက်ခံခဲ့ပြီး ဂုဏ်ပြုမှတ်တမ်းလွှာများပြန်လည်ပေးအပ်သည်။

လှူဒါန်းပွဲတွင် Novartis Pharma Services မှ အမေရိကန်ဒေါ်လာ ၂၁၀၀၀၀ တန်ဖိုးရှိ SARS– COV 2 test ၇၈၇၂ ခုနှင့် PPE Full set ၂၄၉၆ စုံ၊ Unilever EAC Myanmar Co.,Ltd. မှ အမေရိကန်ဒေါ်လာ ၅၃၂၈၀ တန်ဖိုးရှိ 2019 nCov Nucleic acid Diagnostic kit အခု ၂၈၈၀၊ ASA microfinance (Myanmar) Limited (မင်္ဂလာဒုံ)မှ ငွေကျပ်သိန်း ၇၀၊ ပြည်သူ့ပါတီမှ PPE Full set ၅၀ နှင့် နှာခေါင်းစည်း အခု ၅၀၀၀၊ Tharaphu Soe Myint Co.,Ltd. မှ ငွေကျပ်သိန်း ၅၀ တန်ဖိုးရှိ PPE၊ N95၊ နှာခေါင်းစည်း၊ လက်သန့်ဆေးရည်နှင့် Hand Spray များ၊ ဝန်ထမ်းအဖွဲ့အစည်း ဒုတိယအကြီးအမှူးစီမံခန့်ခွဲမှု သင်တန်းအမှတ်စဉ် (၃/၂၀၁၉) ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) တက်ရောက်ခဲ့သူများက ငွေကျပ် ၁၁ သိန်း၊ မြန်မာနိုင်ငံ တိရစ္ဆာန်ဆေးကုဆရာဝန်များအသင်း (ဗဟို) (၂၀၁၉–၂၀၂၁) မှ ငွေကျပ် ၁၀ သိန်း၊ MT. Royal Peridot (2020), Norstar Ship Management PTE ltd မှ သင်္ဘောသားများက ငွေကျပ် ၄၅ ဒသမ ၃၃၃ သိန်း၊ လူမှုကွန်ရက်မှ အများပြည်သူကောင်းမှု ငွေကျပ် ၂၇ သိန်း၊ ညောင်လေးပင် မြို့နယ်သူ/သားများ (ရန်ကုန်)မှ ငွေကျပ် ၁၂ ဒသမ ၅ သိန်း၊ နယ်ဖြစ်ဒုရဲအုပ်လောင်းသင်တန်း (၉/၈၄) လူမှုကူညီစောင့်ရှောက်ရေးအဖွဲ့မှ ငွေကျပ် ၁၀ သိန်းနှင့် Myanmar Royal Golden Elephant Co.,Ltd. မှ ငွေကျပ် ၉၆၀၀၀၀ တန်ဖိုးရှိ နှာခေါင်းစည်း ၉၆၀၀ တို့အား လှူဒါန်းခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး Energize Myanmar အဖွဲ့အစည်းမှ တာဝန်ရှိသူများအား လက်ခံတွေ့ဆုံ



**နေပြည်တော် ဇွန် ၁၂**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် Energize Myanmar အဖွဲ့အစည်း၏ Chairman Mr. William James Harkin နှင့်အဖွဲ့အား ယနေ့နံနက်ပိုင်းတွင် အဆိုပါဝန်ကြီးရုံး မေခလာခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း (UEHRD) ကော်မတီအနေဖြင့် ရခိုင်ပြည်နယ်အတွင်း လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသခံများ အလုပ်အကိုင်အခွင့်အလမ်း ရရှိရေး၊ မတူညီသော အသိုက်အဝန်းများအကြား ယုံကြည်မှုတည်ဆောက်ရေးစသည့် လုပ်ငန်းများကို ပြည်တွင်း ပြည်ပ ပုဂ္ဂလိကကုမ္ပဏီများ၊ ရင်းနှီးမြှုပ်နှံသူများနှင့် လက်တွဲဆောင်ရွက်လျက်ရှိရာ Energize Myanmar ကုမ္ပဏီအနေဖြင့် ရခိုင်ပြည်နယ် ကျောက်ဖြူဒေသနှင့် အခြားလိုအပ်သည့် နေရာများတွင် စိုက်ပျိုးမွေးမြူရေးကဏ္ဍများ၌ ဒေသခံများ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စနစ်အသစ်ဖြင့် အကောင်အထည်ဖော်နိုင်ရန် နည်းပညာနှင့် အရင်းအမြစ်များပံ့ပိုးပေးခြင်း၊ ဈေးကွက်ရှာဖွေပေးခြင်း စသည်တို့ကို ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများနှင့် ဒေသဆိုင်ရာ အစိုးရဌာနများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဒေသခံပြည်သူများနှင့် ညှိနှိုင်းဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ကိုဗစ်-၁၉ လုပ်ငန်းစဉ်တွင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့၊ UNICEF အဖွဲ့တို့နှင့် ညှိနှိုင်းဆွေးနွေး



နေပြည်တော် ဇွန် ၁၂

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ကိုဗစ်-၁၉ လုပ်ငန်းစဉ်တွင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကိစ္စကို ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့၊ UNICEF အဖွဲ့တို့နှင့် ယနေ့မွန်းလွဲပိုင်းတွင် video conference ဖြင့် ညှိနှိုင်းဆွေးနွေးသည်။

ညှိနှိုင်းဆွေးနွေးရာတွင် ကိုဗစ်-၁၉ ကာလအတွင်း အသွားအလာကန့်သတ်မှုပြုလုပ်ထားသည့် နေရာများ၊ ထိခိုက်လွယ်သော အိမ်ထောင်စုများ နေထိုင်ရာနေရာများတွင် အခြေခံလိုအပ်ချက်များကို ကဏ္ဍပေါင်းစုံက ပူးပေါင်းဖြည့်ဆည်းပေးနိုင်ရေးကို နိုင်ငံတော်က ဆောင်ရွက်နေသကဲ့သို့ ကုလသမဂ္ဂနှင့် မိတ်ဖက်အဖွဲ့အစည်းများကလည်း ဆောင်ရွက်လျက်ရှိရာ ကိုဗစ်-၁၉ တုံ့ပြန်ရေးဆိုင်ရာ ဆောင်ရွက်မှုများတွင် ယန္တရားတစ်ရပ် ဖော်ထုတ် ဆောင်ရွက်သွားရန် ဆွေးနွေးသဘောတူခဲ့ကြသည်။

ယင်းနောက် ဆက်လက်ဆောင်ရွက်မည့် အဆင့်များ၊ ပါဝင်မည့်အထောက်အပံ့ပစ္စည်းများ သတ်မှတ်ခြင်းနှင့် စံလုပ်ထုံးလုပ်နည်း(SOP) များ ရေးဆွဲခြင်း၊ ကဏ္ဍပေါင်းစုံ စုံစမ်းအကဲဖြတ်စစ်ဆေးခြင်းများ ဆောင်ရွက်ရေး၊ ထောက်ပံ့ပစ္စည်းများ ဖြန့်ဝေပြီးချိန် ဝန်ဆောင်မှုအကဲဖြတ်ခြင်း ဆောင်ရွက်ရေးနှင့် ၎င်းအထောက်အပံ့များကို နိုင်ငံတော်က ဆောင်ရွက်နေသည့် လူမှုကာကွယ် စောင့်ရှောက်ရေးလုပ်ငန်းများနှင့် ရေရှည်ချိတ်ဆက်နိုင်ရေးတို့ကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## နိုင်ငံတကာသတင်းဂျာနယ် ပြန်လည်ထုတ်ဝေမည်

ကြေးမုံသတင်းစာတိုက် စာတည်းအဖွဲ့က တည်းဖြတ်ထုတ်ဝေသည့် နိုင်ငံတကာသတင်းဂျာနယ်ကို ဇွန် ၂၂ ရက်မှစ၍ အပတ်စဉ် တနင်္လာနေ့တိုင်း ပုံမှန်ပြန်လည်ထုတ်ဝေသွားမည်ဖြစ်ပါသည်။

နိုင်ငံတကာသတင်းဂျာနယ်တွင် ကြော်ငြာထည့်သွင်းလိုသူများနှင့် ဆက်သွယ်ဝယ်ယူလိုသူများအနေဖြင့် အမှတ်(၇၇)၊ ၅၂ လမ်း၊ ကြေးမုံသတင်းစာတိုက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့ **ဖုန်း ၀၁-၃၉၇၃၃၀** နှင့် **၀၁-၂၉၂၈၃၀** တို့သို့ ဆက်သွယ်နိုင်ပါသည်။

**စာတည်းအဖွဲ့၊ နိုင်ငံတကာသတင်းဂျာနယ်**

## ပုဂ္ဂလိက သူနာပြုသားဖွား အတတ်ပညာသင်ကျောင်း တည်ထောင်ဖွင့်လှစ်ခွင့် လုပ်ငန်းလိုင်စင်လျှောက်ထားနိုင်

နေပြည်တော် ဇွန် ၁၂

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် ကျန်းမာရေးကဏ္ဍတွင် အစိုးရနှင့် ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်ဖွံ့ဖြိုးစေရန် ရည်ရွယ်၍ တရားဝင်အသိအမှတ်ပြု ပုဂ္ဂလိက သူနာပြုသားဖွားအတတ်ပညာသင်ကျောင်း တည်ထောင်ဖွင့်လှစ်ခွင့် ခွင့်ပြုပေးမည်ဖြစ်၍ လျှောက်ထားလိုသူများသည် လုပ်ငန်းလိုင်စင်ကို မြန်မာနိုင်ငံသူနာပြုနှင့်သားဖွားကောင်စီမှတစ်ဆင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ လျှောက်ထားနိုင်ကြောင်း သိရှိရသည်။

**သတင်းစဉ်**

❖ စာမျက်နှာ ၆ မှ

ဆက်လက်၍ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေသောကာလဖြစ်သည့်အတွက် နေပြည်တော်ရှိ စားသောက်ဆိုင်များပိတ်ထားရသည့် သုံးလတာအတွက် အခွန်ဖြေလျှော့ပေးမှု၊ ဈေးကောက်လေလံဖြေလျှော့ပေးမှု၊ Max Myanmar ဟိုတယ်နောက်ရှိ မြေနေရာအား ချထားပေးမည့် အစီအစဉ်နှင့် ဘတ်ဂျက်အခြေအနေ၊ လရောင်တောစိုက်ပျိုးသက်မွေးပညာသင်တန်းကျောင်း နေရာချထားပေးမှု၊ နေပြည်တော်အတွင်း တရားဥပဒေစိုးမိုးရေး ဆောင်ရွက်ထားရှိမှု၊ နေပြည်တော် စိမ်းလန်းစိုပြည်ရေးအတွက် တစ်လတာ သစ်ပင်ပန်းပင်စိုက်ပျိုးရေလောင်းစရိတ်၊ နေပြည်တော်ရှိ သရက်ခြံစီမံကိန်းအခြေအနေ၊ လရောင်တောစီမံကိန်းဆောင်ရွက်ပြီးစီးမှု ရာခိုင်နှုန်း၊ နေပြည်တော်အတွင်း ဖြစ်ပွားလျက်ရှိသည့် မှုခင်းများကို မြန်ဆန်ထိရောက်စွာ ဖော်ထုတ်နိုင်ရေးအတွက် လုံခြုံရေးဆောင်ရွက်ထားရှိမှု၊ ဝန်ထမ်းအိမ်ရာများတွင် လုံခြုံရေးကြပ်မတ်ဆောင်ရွက်မှုအခြေအနေတို့နှင့် စပ်လျဉ်း၍ မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် စတုတ္ထ(၁)နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့်ပတ်သက်သည့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်တို့၏ သတင်းစာရှင်းလင်းပွဲကို ဇွန် ၁၅ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ဟန်မျိုးစိုး၊ ကေတာ**


ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နှင်းဆီကျေးရွာ ဂျာနယ် ထွက်ရှိ

၁၅-၆-၂၀၂၀ ရက်နေ့ထုတ် အတွဲ(၁၇)၊ အမှတ်(၁၂)တွင်

- လက်ဖက်စိုက်ပျိုးရေးနှင့် ရှေ့အလားအလာ
- ဒုံပေါက်မြေကျွံတဲ့မြေများကို ဘယ်လိုကုစားပြုပြင်မလဲ
- ဈေးကွက်ဝယ်လိုအားနှင့် ချိန်ညှိစိုက်ပျိုးနိုင်မှ တွက်ခြေကိုက်မည့် ဖရဲ
- နို့စားနွားမွေးမြူရေးနှင့် မေထုန်မဲ့သားစပ်လုပ်ငန်း စီမံခန့်ခွဲမှု
- ကြက် - ငါး တွဲဖက်မွေးမြူရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ
- မဲပေးဖို့လိုပါတယ်
- လူသားဘဝတိုးတက်ဖို့မူးယစ်ဆေးဝါးရှောင်ကြစို့
- ကလေးတွေ ဒေါသထွက်ခြင်းနဲ့ လိုအပ်တဲ့ ကျောင်းကျန်းမာရေး ပူးပေါင်းဆောင်ရွက်မှု
- ရာသီတုပ်ကွေး ကြိုတင်ကာကွယ်ပါ အပါအဝင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျန်းမာရေး၊ သုတရသ စုံလင်စွာဖြင့် ထွက်ရှိပြီဖြစ်ပါသည်။



တစ်စောင် (၂၀၀) ကျပ်

အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးများတွင် ဝယ်ယူရရှိနိုင်ပါသည်။

DKY Journal




# မြန်မာ့ရုပ်ရှင်ရာပြည့်အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး ဖျော်ဖြေရေးဆပ်ကော်မတီ ပထမအကြိမ် အစည်းအဝေးကျင်းပ

ရန်ကုန် ဇွန် ၁၂

မြန်မာ့ရုပ်ရှင်ရာပြည့်အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေးဖျော်ဖြေရေးဆပ်ကော်မတီ ပထမအကြိမ် အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဖျော်ဖြေရေးဆပ်ကော်မတီ ပထမအကြိမ် အစည်းအဝေးတွင် ဆပ်ကော်မတီဥက္ကဋ္ဌ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး နာယက ဦးအောင်လွင်နှင့် ဆပ်ကော်မတီဝင်များ၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး နာယကများက ရုပ်ရှင်နှစ်(၁၀၀)ပြည့် ပွဲတော်နှင့်ပတ်သက်၍ ရုပ်ရှင်တေးသီချင်းများနှင့် ခေတ်ပေါ်တေးသီချင်းများ၊ တေးသရုပ်ဖော်၊ တစ်ခန်းရပ်ပြဇာတ်၊ ပြဇာတ်ကြီး၊ အလှပြကားဖျော်ဖြေရေးအစီအစဉ်၊ ရုပ်ရှင်အနုပညာရှင် သရုပ်ဆောင်များ၏ ရုပ်ပုံတူများနှင့် အမှတ်တရဓာတ်ပုံရိုက်ကူးမည့်အစီအစဉ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

### အကြံပြုဆွေးနွေး

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက ရုပ်ရှင်နှစ်(၁၀၀)ပြည့် ပွဲတော်နှင့်ပတ်သက်၍ ငွေရတု၊ ရွှေရတု၊ စိန်ရတု ခေတ်အဆက်ဆက် တေးသီချင်းများသရုပ်ဖော်နိုင်မည့် အစီအစဉ်၊ ကျင်းပနိုင်မည့်နေရာ၊ ရုပ်သံလိုင်းများတွင် ရိုက်ကူးပြသဖျော်ဖြေနိုင်မည့် အစီအစဉ်များ၊ 3D ရုပ်လုံးကြွ အမှတ်တရဓာတ်ပုံရိုက်ကူးနိုင်မည့် အစီအစဉ်များနှင့်စပ်လျဉ်း၍ အကြံပြုဆွေးနွေးကြသည်။

**ဥမ္မာ၊ ရီရီ**

# ညောင်ရွှေမြို့နယ်၌ ကွန်ကရစ်မီးတိုင်များ စိုက်ထူပြီးစီး

ညောင်ရွှေ ဇွန် ၁၂

ညောင်ရွှေမြို့နယ်အတွင်း မြစိမ်းရောင်စီမံကိန်းဝင်ကျေးရွာများဖြစ်သည့် သိမ်ထောင့်၊ သက်ကယ်ကုန်းကျေးရွာမှ စီမံကိန်းအတိုးရငွေနှင့် ပြည်သူထည့်ဝင်ငွေ စုစုပေါင်းငွေကျပ် ၄၈၀၀၀၀၀ ဖြင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ကျေးရွာတွင်း ကွန်ကရစ်မီးတိုင် ၂၅ တိုင် လဲလှယ်တပ်ဆင်ပြီးစီးမှုအခြေအနေများကို ဦးစီးအရာရှိ ဒေါ်မဉ္ဇူသီဏ်းနှင့် မြို့နယ်စီမံကိန်းတာဝန်ခံ ဒုတိယဦးစီးမှူး ဒေါ်သီတာမျိုးတို့က ယမန်နေ့တွင် ကွင်းဆင်းစစ်ဆေးကာ ကျေးရွာမီးလင်းရေးအတွက် ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ကြေးမုံ**

# ကော့သောင်းမြို့၌ အခြေခံစားသောက်ကုန်များ ထောက်ပံ့လှူဒါန်း

ကော့သောင်း ဇွန် ၁၂

ကော့သောင်းမြို့ ကမ်းနီးအဖြူရောင်ပရဟိတအဖွဲ့မှ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးကာလအတွင်း စားသောက်ရေးကိစ္စများ အခက်အခဲများဖြစ်ပေါ်လျက်ရှိသည့် ရွှေပြည်သာရပ်ကွက်နှင့် အေးရိပ်ငြိမ်ရပ်ကွက်များရှိ အခြေခံလူတန်းစားမိသားစုများအား ယမန်နေ့ ညနေပိုင်းက အခြေခံစားကုန် ဆန်၊ ဆီ၊ ကြက်သွန်နီ၊ ကြက်ဥနှင့် ခေါက်ဆွဲခြောက်များကို အိမ်တိုင်ရာရောက် ထောက်ပံ့လှူဒါန်းခဲ့ကြောင်း သိရသည်။

### ထောက်ပံ့လှူဒါန်း

အဆိုပါပရဟိတအဖွဲ့သည် ကော့သောင်းမြို့၏ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းလုပ်ငန်းကုမ္ပဏီများ၊ မိုဘိုင်းဖုန်းအရောင်းဆိုင်လုပ်ငန်းရှင်များ၊ မြို့မိမြို့ဖအလှူရှင်များ ဝိုင်းဝန်းပူးပေါင်းလှူဒါန်းကူညီမှုဖြင့် အခြေခံစားသောက်ကုန်များကို မြို့ပေါ်ရပ်ကွက်များရှိ အခြေခံလူတန်းစားမိသားစုများ ရောဂါကာကွယ်ထိန်းချုပ်မှုလုပ်ငန်းများကြောင့် စားဝတ်နေရေးအခက်အခဲဖြစ်ပေါ်နေမှုအား တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေရန် ထောက်ပံ့လှူဒါန်းလျက်ရှိသည်။

ထို့အပြင် ရပ်ကွက်နေပြည်သူများအား ပေါ့လျော့မှုမရှိ ကျန်းမာရေးအသိ၊ သတိဖြင့် နေထိုင်ကြရန်၊ အပြင်ထွက်ပါက နှာခေါင်းစည်းများ စနစ်တကျဝတ်ဆင်ကြခြင်းဖြင့် ရောဂါကာကွယ်ထိန်းချုပ်မှုလုပ်ငန်းများအား ပါဝင်ကူညီဆောင်ရွက်ပေးကြရန် နှိုးဆော်အသိပညာပေးကာ နှာခေါင်းစည်းများ ဝေငှခဲ့ကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း)**



## လပွတ္တာမြို့နယ်၌ တင်ဒါပိုက်ချက်များအား ဒုတိယအကြိမ် ဈေးပြိုင်တင်ဒါရောင်းချ

**လပွတ္တာ ဇွန် ၁၂**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်(လပွတ္တာ+ပြင်စလူ) အတွင်းရှိ တင်ဒါပိုက်ချက်များအား ၂၀၂၀-၂၀၂၁ ခုနှစ်လုပ်ငန်းရာသီအတွက် ဒုတိယအကြိမ် ဈေးပြိုင်တင်ဒါရောင်းချခြင်းကို ယမန်နေ့နံနက်ပိုင်းက လပွတ္တာမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရွှေနဒီခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ခရိုင်နှင့် မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ ဝန်ထမ်းများက ဈေးပြိုင်တင်ဒါရောင်းချပွဲသို့ တတ်ရောက်လာသူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေး စည်းကမ်းချက်များနှင့်အညီ စစ်ဆေးခြင်းများကို ဆောင်ရွက်ပေးကြသည်။

**စည်းကမ်းချက်များ ပြောကြား**

ဆက်လက်၍ ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူး ဒေါ်ဝါဝါသိန်းက တက်ရောက်လာသူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးကာလအတွင်း စားသုံးသောအစားအစာများမှ အာဟာရဓာတ် မျှတစွာရရှိရေး၊ ငါးစားသုံးခြင်းဖြင့် ကျန်းမာစေသော အဆီဓာတ်၊ အိုမီဂါ-၃၊ မပြည့်ဝဆီ၊ ကယ်လဆီယမ်၊ သတ္တုဓာတ်များ ဖြည့်တင်းပေးသည့်အပြင် ငါးတွင်ပါဝင်သော ဗီတာမင်-ဒီနှင့် ဇင့်ဓာတ်တို့မှ ရောဂါပိုးများခုခံကာကွယ်ရေးနှင့် ကိုယ်ခံစွမ်းအား ကောင်းမွန်ရေးအတွက် အထောက်အပံ့ဖြစ်စေကြောင်း၊ ငါးကိုအဓိကစားသုံးရန်လိုအပ်ကြောင်း၊ ထို့အပြင် ငါးစဉ်ဆက်မပြတ် စားသုံးရန်အတွက် ငါးသယံဇာတထိန်းသိမ်းရေးမှာလည်း အဓိကဖြစ်ကြောင်း၊ ငါးရစ်ငါးသန်ရာသီချိန်မှာ မျိုးဥများနှင့် ပြည့်ဝနေသော ငါးမကြီးများနှင့် ငါးသေးလေးများအား ဖမ်းဆီးခြင်းမပြုလုပ်ရန်လိုအပ်ကြောင်း၊ တားမြစ်ထားသောငါးဖမ်းနည်းစနစ်၊ တားမြစ်ထားသော ငါးဖမ်းကိရိယာများဖြင့် ဖမ်းဆီးခြင်းမှ ရှောင်ရှားရန်လိုကြောင်း၊ ဌာနမှ တိုင်းဒေသကြီး ရေချိုငါးလုပ်ငန်းဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်၍ အသိပညာပေးလက်ကမ်းစာစောင်များဝေငှပေးထားပြီးဖြစ်ကြောင်းနှင့် ဈေးပြိုင်တင်ဒါရောင်းချခြင်းနှင့် ပတ်သက်သောစည်းကမ်းချက်များအား ရှင်းလင်းပြောကြားသည်။ လပွတ္တာမြို့နယ် (လပွတ္တာ+ပြင်စလူ)အတွင်းရှိ တင်ဒါပိုက်ချက်များအား ဈေးပြိုင်တင်ဒါရောင်းချဆောင်ရွက်ခဲ့ရာ တင်ဒါပိုက်ချက် ၃၁ ချက်၏ ပိုက်ချက်ခွဲငယ် ၁၅၅ ချက်အား ရောင်းချခဲ့ရာ တင်ဒါငွေကျပ် ၁၁၈ ဒသမ ၅၁ သိန်းရရှိခဲ့ပြီး ယခင်နှစ်ထက် ငွေကျပ် ၂၃ ဒသမ ၀၂ သိန်း ပိုမိုရရှိခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်မှုမှ ကြိုတင်ကာကွယ်ရေး သတိပေးနှိုးဆော်ချက်

နိုင်ငံတော်စားနပ်ရိက္ခာဖူလုံရေးနှင့် ပြည်ပတင်ပို့ခြင်းဖြင့် နိုင်ငံခြားဝင်ငွေရရှိရေးအတွက် နိုင်ငံအနှံ့အပြားတွင် ငါးမွေးမြူရေးကန်များဖြင့် မွေးမြူဆောင်ရွက်လျက်ရှိရာ မိုးအလွန်အကျွံရွာသွန်းခြင်းနှင့် မြစ်ရေကြီးခြင်းများကြောင့် ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်ခြင်းမှ ကြိုတင်ကာကွယ်ရန်နှင့် ဆုံးရှုံးမှုလျော့နည်းစေရေးအတွက် အောက်ဖော်ပြပါအချက်များကို ငါးပုစွန်မွေးမြူရေးကန်များ၌ လိုက်နာဆောင်ရွက်ကြပါရန်သတိပေးနှိုးဆော်အပ်ပါသည် -

- ငါးမွေးမြူရေးကန်များ၏ ကန်ပေါင်များခိုင်ခံ့ရန်အတွက် ကန်ပေါင်ပါးသောနိမ့်သောနေရာများတွင် သဲအိတ်များဖို့၍ ကန်ပေါင်ခိုင်ခံ့အောင်ပြုလုပ်ထားပါရန်၊
- အကယ်၍ရေကြီးရေလျှံလာပါက ငါးများလွတ်ထွက်မှုမရှိစေရေးအတွက် ဇာပြာပိုက်များဖြင့်ကာရံထားပါရန်၊
- ရေစီးကြောင်းနှင့်နီးသောငါးကန်များတွင် ရေတိုက်စားမှုကာကွယ်ရန်အတွက် တုတ်ရိုက်ပြီးဝါးထရံများဖြင့်ကာရံ၍ သဲအိတ်များဖို့ထားပါရန်၊
- လိုအပ်ပါကငါးများ ရွှေ့ပြောင်းနိုင်ရန်အတွက် ငါးဖမ်းပိုက်များ၊ စက်လှေများနှင့် စက်ပစ္စည်းများအားကြိုတင်ပြင်ဆင်ထားပါရန်နှင့် အထူးသဖြင့် မျိုးငါးကြီးများအား ဦးစားပေးရွှေ့ပြောင်းထားပါရန်၊
- သိုလှောင်ထားသော ငါးအစာနှင့်လုပ်ငန်းသုံးပစ္စည်းများအား ရေလွတ်သောနေရာသို့ရွှေ့ပြောင်းထားပါရန်၊
- ပုံမှန်အစာကျွေးခြင်းဖြင့် ငါးများလွတ်ထွက်မသွားစေရေး ဆောင်ရွက်ထားပါရန်၊
- မွေးမြူရေးကန်၏ ရေထွက်/ရေလျှံပေါက်များ၊ ရေကျော်မည့်နေရာများအား အစဉ်ဂရုတစိုက်စစ်ဆေးနေပါရန်၊
- ထူးခြားသည့်အခြေအနေများ အချိန်နှင့်တစ်ပြေးညီသိရှိနိုင်ရန်အတွက် ဆက်သွယ်သတင်းပို့နိုင်မည့်နည်းလမ်းများ ကြိုတင်ပြင်ဆင်ထားပါရန်၊
- နိုင်ငံပိုင်ရေဒီယို၊ အသံလွှင့်ဌာနများမှ ထုတ်လွှင့်လျက်ရှိသော အရေးပေါ်မိုးလေဝသသတိပေးချက်များနှင့် ပတ်သက်သည့်သတင်းများကို အမြဲဂရုတစိုက်နားထောင်ပါရန်နှင့် ပြည်တွင်းထုတ်နေ့စဉ် သတင်းစာများတွင်ပါရှိသည့် မိုးလေဝသနှင့်ပတ်သက်သည့် သတင်း၊ ဆောင်းပါးများအား အမြဲမပြတ်ဖတ်ရှုသတိပြုပြီး ငါးမွေးမြူသူအချင်းချင်း သတင်းအချက်အလက်ဖလှယ်ကြပါရန်၊
- ရေကြီးနစ်မြုပ်မှုအတွက် အရေးပေါ်အခြေအနေများဖြစ်ပေါ်ပါက နီးစပ်ရာငါးလုပ်ငန်းဦးစီးဌာနများနှင့်ဆက်သွယ်အကူအညီတောင်းခံကြပါရန်၊

**စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**
**ငါးလုပ်ငန်းဦးစီးဌာန**

## ကယားပြည်နယ်၌ ငါးမျိုးစိုက်ထည့်ခြင်းလုပ်ငန်း ဆောင်ရွက်

**လွိုင်ကော် ဇွန် ၁၂**

မြန်မာနိုင်ငံသည် သဘာဝမြစ်ချောင်း၊ အင်းအိုင်ပေါများသော နိုင်ငံဖြစ်ပြီး ဆည်၊ ရေလှောင်တမံများကို ဒေသအလိုက် တည်ဆောက်၍ ရေထိန်းသိမ်းခြင်းကိုလည်း ဆောင်ရွက်လေ့ရှိသဖြင့် ရေချိုငါးထုတ်လုပ်နိုင်သည့် အရင်းအမြစ်ကောင်းများကို ပိုင်ဆိုင်ထားသည်။ သိပ္ပံနည်းကျမှတ်တမ်းတင်ပြုစုထားရှိမှုအရ ရေချိုငါးမျိုးစိတ်ပေါင်း ၅၀၀ ကျော်ရှိသည့်အနက် ဧရာဝတီမြစ်ဝှမ်းဒေသတွင်ပင်လျှင် ရေချိုငါးမျိုးစိတ်ပေါင်း ၁၄၀ ကျော်ရှိသည်။



**နှစ်စဉ်မျိုးစိုက်ပေး**

ငါးမျိုးစိုက်ထည့်ပေးခြင်းဆိုသည်မှာ ငါးသယံဇာတများ လျော့နည်းကျဆင်းသွားသောကြောင့် ငါးများမျိုးပွားသားပေါက်သည့် ပမာဏကို ပုံမှန်အနေအထားတစ်ရပ်သို့ ပြန်လည်ရောက်ရှိလာစေရန် (သို့မဟုတ်) သဘာဝရေပြင်၌ တည်ရှိသော ငါးသယံဇာတထုထည်ကို ၎င်းအတိုင်း ရေရှည်ဖြစ်တည်မှု ပြန်လည်ရောက်ရှိလာစေရန်ဖြစ်ပြီး တိုင်းဒေသကြီး/ပြည်နယ်အသီးသီးရှိ ငါးလုပ်ငန်းဦးစီးဌာနများသည် သဘာဝရေပြင်များအတွင်းသို့ ငါးမျိုးများအား နှစ်စဉ်မျိုးစိုက်ပေးလျက်ရှိသည်။

ကယားပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် ပြည်နယ်အတွင်း ငါးသယံဇာတများ တိုးပွားစေရေးအတွက် သဘာဝရေပြင်များဖြစ်သည့် သဘာဝရေကန်များ၊ ချောင်းများနှင့် ဆည်တမံများအတွင်းသို့ ငါးမျိုးစိုက်ထည့်ခြင်းအား နှစ်စဉ်ဆောင်ရွက်လျက်ရှိရာ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း သဘာဝရေပြင်သို့ စတုတ္ထအကြိမ် ငါးမျိုးစိုက်ထည့်မှုအဖြစ် ဒီးမော့ဆိုမြို့နယ် ကွိုင်ငံရေထွက်ပေါက်၊ နမ့်စံဖူးရေထွက်ပေါက်၊ ဒေါတဒါးကန်နှင့် ပါဒေါ်ဒူကန်တွင် ငါးမြစ်ချင်းငါးသားပေါက်ကောင်ရေ လေးသောင်းနှင့် ထိုင်းငါးခုံးမကြီး ငါးသားပေါက်ကောင်ရေလေးသောင်း စုစုပေါင်း ငါးသားပေါက်ကောင်ရေ ရှစ်သောင်း မျိုးစိုက်ထည့်ခြင်းများ ဆောင်ရွက်ခဲ့သည်။

ယခုကဲ့သို့ ငါးမျိုးစိုက်ထည့်ပေးမှုကြောင့် အနီးပတ်ဝန်းကျင်ရှိ ယူဆမူဆိုကျေးရွာ၊ နမ့်စံဖူးကျေးရွာ၊ ဒေါတဒါးကျေးရွာနှင့် ပါဒေါ်ဒူကျေးရွာ စသည့်ကျေးရွာများတွင် ငါးပေါများလာစေရေးကို အထောက်အကူဖြစ်စေမည်ဖြစ်ပြီး ငါးမျိုးပြုန်းတီးစေသည့် ဖမ်းဆီးမှုများ မပြုလုပ်ပါက ဒေသခံပြည်သူများအနေဖြင့် ရေရှည်စားသုံးနိုင်စေမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ၁၀ မိုင်ကျေးရွာ ရေလုပ်သားများနှင့် တွေ့ဆုံ

**ကော့သောင်း ဇွန် ၁၂**

ကော့သောင်းခရိုင်ငါးလုပ်ငန်းဦးစီးဌာနသည် ကော့သောင်းမြို့နယ် ၁၀ မိုင်ကျေးရွာအုပ်စု တာညံ့ပါဒကျေးရွာသို့သွားရောက်၍ ၁၀ မိုင်ကျေးရွာနှင့် တာညံ့ပါဒကျေးရွာများရှိ ကမ်းနီးရေလုပ်သားများ၊ ကမ်းနီးငါးဖမ်းလှေပိုင်ရှင်များ၊ မြစိမ်းရောင်ငါးကဏ္ဍကော်မတီများနှင့်တွေ့ဆုံကာ ငါးလုပ်ငန်းဦးစီးဌာန၏ ဆောင်ရွက်မှုအခြေအနေများအား ယနေ့တွင် ရှင်းလင်းဆွေးနွေးသည်။

**အသေးစိတ်ရှင်းလင်း**

တွေ့ဆုံပွဲတွင် ရာသီပိတ်ကာလ ကမ်းနီးငါးဖမ်းလုပ်ငန်းများဆိုင်ရာကိစ္စရပ်များ၊ ကိုဗစ်-၁၉ ကာကွယ်ရေး ငါးရိက္ခာများစားသုံးပေးကိစ္စရပ်များ၊ ရေလုပ်သားမှတ်ပုံတင်နှင့် ကမ်းနီးငါးဖမ်းလိုင်စင်ကိစ္စရပ်များ၊ ပင်လယ်ပြင်ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာကိစ္စရပ်များ၊ ဥပဒေပြဋ္ဌာန်းချက်များ၊ စည်းမျဉ်းစည်းကမ်းနှင့်အညီ ငါးဖမ်းဆီးရမည့်ကိစ္စရပ်များနှင့် မြစိမ်းရောင်ချေးငွေဆိုင်ရာကိစ္စရပ်များအတွက် ကျေးရွာဓမ္မာရုံ၌ ရေလုပ်သားများနှင့် တွေ့ဆုံ၍ ငါးလုပ်ငန်းဦးစီးဌာန၏ ဆောင်ရွက်နေမှုအခြေအနေများအား အသေးစိတ်ရှင်းလင်းပြောကြားပြီး ရေလုပ်သားများမှသိလိုသည်များကို ခရိုင်/မြို့နယ်ဦးစီးမှူးက ပြန်လည်ရှင်းလင်းပြောကြားသည်။

**တက်ရောက်**

တွေ့ဆုံဆွေးနွေးပွဲသို့ ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးသန့်ဇင်၊ မြို့နယ်ဦးစီးဌာနမှူး ဦးအောင်နိုင်၊ ခရိုင်ငါးလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမင်းလွင်နှင့် ခရိုင်/မြို့နယ်ဝန်ထမ်းများ၊ ၁၀ မိုင်ကျေးရွာ ရေလုပ်သားအဖွဲ့ ၊ မြစိမ်းရောင်ကျေးရွာကော်မတီနှင့် ကျေးရွာရပ်မိရပ်ဖ အပါအဝင် ၃၂ ဦး တက်ရောက်ခဲ့သည်။

ခရိုင်ဦးစီးဌာနမှူးနှင့်အဖွဲ့သည် တာညံ့ပါဒကျေးရွာဈေးတွင် ကိုဗစ်-၁၉ ကာကွယ်ရေး ငါးရိက္ခာစားသုံးပေး ပညာပေးပိုစတာစိုက်ထူကာ ကျေးရွာပြည်သူများသို့ ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးဝေခဲ့ပြီး မြစိမ်းရောင်ချေးငွေဖြင့် ဆောင်ရွက်လျက်ရှိသော စီးပွားရေးလုပ်ငန်းများ၊ မွေးမြူရေးလုပ်ငန်းများ၊ လှေပြင် စက်ပြင်လုပ်ငန်းများအား လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ကိုဗစ် – ၁၉၊ အိမ်မွေးခွေးနှင့် Mink

ဒေါက်တာ ခင်စန်းမော်



ကိုဗစ် – ၁၉ ရောဂါကို ကမ္ဘာ့ကပ်ရောဂါကြီးဟု ကြေညာပြီးသည့်နောက်ပိုင်းတွင် လူတို့သည် သူတို့၏ ကျန်းမာရေးကိစ္စအပြင် သူတို့မွေးမြူထားသော အိမ်မွေးတိရစ္ဆာန်တို့၏ ကျန်းမာရေးကိစ္စကိုပါ စိုးရိမ်လာကြပါသည်။ သူတို့စိတ်ပူကြသည့် အဓိကအချက်မှာ အိမ်မွေးတိရစ္ဆာန်များထံမှ ကိုဗစ်–၁၉ ရောဂါ ကူးစက်နိုင်မည်လားဆိုသော အချက်ပင် ဖြစ်သည်။ ထို့ကြောင့် အမေရိကန်နိုင်ငံရှိ ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ရေးစင်တာမှ "ယခုအချိန်အထိ အိမ်မွေးတိရစ္ဆာန်များမှ လူသို့ ကိုဗစ်ရောဂါ ကူးစက်သည့် အထောက်အထား မရှိသေးပါ" ဟု ကြေညာခဲ့ရသည်။

လတ်တလောအချိန်အထိ ကိုဗစ် – ၁၉ ရောဂါ အတည်ပြုမှုကို အိမ်မွေးကြောင်များနှင့် တိုင်းတစ်ပါးမှ တင်သွင်းလာသော ကြောင်မျိုးနွယ်ဝင်များ (Exotic cats) မှသာ တွေ့ရှိခဲ့ကြောင်း သိရသည်။

### ကြောင်များတွင် ရောဂါလက္ခဏာ ခပ်ပျော့ပျော့သာ ပြ

ကမ္ဘာပေါ်တွင် အမေရိကန်နိုင်ငံ Bronx Zoo မှ နာဒီယာအမည်ရှိမလေးရှားကျားသည် ပထမဆုံး ကိုဗစ်–၁၉ ရောဂါအတည်ပြုခဲ့သော Exotic cat ဖြစ်သည်။ အခြားကျားများနှင့် ခြင်္သေ့ရှစ်ကောင်တွင် ထပ်မံတွေ့ရှိခြင်း၊ နယူးယောက်မြို့မှ အိမ်မွေးကြောင် နှစ်ကောင်၊ ဟောင်ကောင်မှ အိမ်မွေးကြောင်တစ်ကောင်၊ ဘယ်လ်ဂျီယံနိုင်ငံမှ ကြောင်တစ်ကောင်၊ ရုရှားနိုင်ငံမှ ကြောင်တစ်ကောင်တို့ကို ရောဂါအတည်ပြုခဲ့သော်လည်း ကြောင်အများစုက ရောဂါလက္ခဏာ ခပ်ပျော့ပျော့သာ ပြခဲ့ကြသည်။

ထိုကြောင်များနှင့် တောရိုင်းကြောင်မျိုးနွယ်ဝင်များကို ရောဂါကူးစက်ပုံမှာ ကိုဗစ်– ၁၉ ရောဂါ အတည်ပြုလူနာ အိမ်မွေးတိရစ္ဆာန်ပိုင်ရှင်များနှင့် ရောဂါလက္ခဏာမပြဘဲ ရောဂါပိုးသယ်ဆောင်ထားသည့် တိရစ္ဆာန်ဥယျာဉ်ဝန်ထမ်းမှ ကူးစက်သွားခြင်းဖြစ်သည်။

အမေရိကန်နိုင်ငံတွင် ဒုတိယမြောက်တွေ့ရသည်မှာ နယူးယောက်မြို့ရှိ သီးခြားပိုင်ရှင်နှစ်ဦး၏ ကြောင်နှစ်ကောင်ကို ကူးစက်ခြင်းဖြစ်ပြီး တတိယမြောက် အိမ်မွေးကြောင်က မင်နီဆိုတာပြည်နယ်မှ ဖြစ်၏။ ထိုသတင်းများကြောင့် ကိုဗစ် – ၁၉ ရောဂါပိုးကို ကြောင်များမှာ တွေ့ရသလို ခွေးများမှာပါ ကူးစက်နိုင်မလားဟု အိမ်မွေးတိရစ္ဆာန်ပိုင်ရှင်များက စိုးရိမ်ပူပန်ခဲ့ကြသည်။ ကိုရိုနာဗိုင်းရပ်စ်သည် လွန်ခဲ့သော နှစ်ပေါင်းထောင်ပေါင်းများစွာကပင် တိရစ္ဆာန်တို့မှာ ရှိနေခဲ့သော ဗိုင်းရပ်စ်ဖြစ်သောကြောင့် ကိုဗစ် – ၁၉ ဗိုင်းရပ်စ်သည် ခွေးတို့၏ကျန်းမာရေးကို မခြိမ်းခြောက်နိုင်သော်လည်း ရောဂါအတည်ပြုမှု (Positive) ဖြစ်နိုင်သည်ဟု ပညာရှင်များက ဆိုပါသည်။

မြောက်ကယ်ရိုလိုင်းနားမှ ဝင်စတန်(Winston) ဟု အမည်ရှိသော Pug dog လေးကို အမေရိကန်နိုင်ငံတွင် ကိုဗစ်–၁၉ ရောဂါအတည်ပြုနိုင်သည့် ပထမဆုံးခွေးအဖြစ် ယခင်ရက်ပိုင်းက ကြေညာခဲ့သည်။ ထိုခွေး၏ ပိုင်ရှင် မိသားစုဝင် သုံးဦး အနက် နှစ်ဦးသည် ကိုဗစ် – ၁၉ ရောဂါအတွက် ရှေ့တန်းမှ တာဝန်ထမ်းဆောင်နေရသော ကျန်းမာရေးဝန်ထမ်းများဖြစ်ကြပြီး ရောဂါပိုးအတည်ပြုလူနာများလည်း ဖြစ်နေကြသည်။ သို့သော် ထိုခွေးလေးကို နောက်ထပ်စစ်ဆေးမှုများ လုပ်သောအခါ အတည်ပြုချက် မပြတော့ပါ။

### မြုပ်ချည်ပေါ်ချည် ဖြစ်တတ်

ဟောင်ကောင်မှာရှိသော အိမ်မွေးခွေး နှစ်ကောင်က ရောဂါပိုးအတည်ပြုမှု ထွက်ပေါ်လာပြန်သည်။ ရောဂါအတည်ပြုနိုင်သော အိမ်မွေးခွေး ပိုင်ရှင်များမှ ကူးစက်ခံရသည်ဟု ဆိုသည်။ သို့သော် ခွေးများတွင် ရောဂါလက္ခဏာ လုံးဝမပြပေ။ ဟောင်ကောင်ကျန်းမာရေးဌာနက ခွေးများမှာ ကိုဗစ် – ၁၉ ရောဂါဝင်လျှင်ရောဂါလက္ခဏာ မြုပ်ချည်ပေါ်ချည်ဖြစ်တတ်သည်ဟု ဆိုပါသည်။ မတ်လ ၂၅ ရက်နေ့က ဟောင်ကောင် စိုက်ပျိုးရေးနှင့် ငါးလုပ်ငန်းလေ့လာရေးဌာနသည် ကိုဗစ်– ၁၉ လူနာများ၊ ရောဂါပိုးအတည်ပြုပြီး လူများနှင့် နီးနီးကပ်ကပ်ရှိနေခဲ့သော အိမ်မွေးခွေး ၁၇ ကောင်၊ အိမ်မွေးကြောင် ရှစ်ကောင်တို့ကို စမ်းသပ်စစ်ဆေးခဲ့ရာ ခွေးနှစ်ကောင်မှသာ ရောဂါပိုးအတည်ပြုမှုရလဒ် ထွက်လာသည်။ ဟောင်ကောင်မှ တာဝန်ရှိပုဂ္ဂိုလ်များက အိမ်မွေးခွေး၊ ကြောင်တို့တွင် ကိုဗစ် – ၁၉ ရောဂါ အလွယ်တကူ မကူးစက်နိုင်သလို သူတို့ထံမှလူကို ပြန်လည်ကူးစက်ခြင်းမရှိပါဟု ပြောကြားခဲ့ပါသည်။



■ အိမ်မွေးခွေးပိုင်ရှင်များက သူတို့၏ ခွေးများကို ကိုဗစ်ရောဂါမကူးစက်နိုင်အောင် ကာကွယ်သည့်အနေဖြင့် ခွေးမျက်နှာစည်းများ ဝတ်ဆင်ပေးလာ

■ အိမ်မွေးတိရစ္ဆာန်ကိုဖြစ်စေ၊ နို့တိုက်သတ္တဝါများဖြစ်သော မွေးမြူရေးတိရစ္ဆာန်များကိုဖြစ်စေ လူအချင်းချင်းမကူးစက်အောင် စောင့်ရှောက်သည့် နည်းလမ်းများအတိုင်း ကာကွယ်စောင့်ရှောက်ခြင်းသည် အမြော်အမြင်ရှိသောလုပ်ရပ်၊ ဆင်ခြင်ဉာဏ်ရှိသောလုပ်ရပ်၊ ရောဂါကာကွယ်ရေးအတွက် အရေးပါသောလုပ်ရပ်ဖြစ်

အမေရိကန်နိုင်ငံ တိရစ္ဆာန်ဆေးကုဆရာဝန်များအသင်းကြီးက ကိုဗစ် – ၁၉ ရောဂါနှင့်ပတ်သက်ပြီး အိမ်မွေးကြောင်၊ Ferret၊ ဟမ်စတာနှင့် ခွေးများကို စမ်းသပ်ခန်းထဲ၌ လေ့လာမှုအမျိုးမျိုး ပြုလုပ်ခဲ့ကြပါသည်။ သို့သော် ထိုလေ့လာမှုများသည် တစ်ကမ္ဘာလုံး အတိုင်းအတာကို ကိုယ်စားပြုနိုင်ခြင်း မရှိသေးပေ။

### ပထမဆုံး ကိုဗစ် အတည်ပြု ခွေး တစ်ကောင် ပေါ် ထွက်ခဲ့

၂၀၂၀ ပြည့်နှစ် ဇွန်လ ၂ ရက်နေ့တွင် အမေရိကန်နိုင်ငံ နယူးယောက်မြို့၌ အမေရိကန်နိုင်ငံ၏ ပထမဆုံး ကိုဗစ်အတည်ပြု ခွေးတစ်ကောင် ပေါ်ထွက်ခဲ့သည်။ ထိုခွေးသည် German Shepherd အမျိုးအစားဖြစ်ပြီး ကိုဗစ် – ၁၉ ရောဂါ ပိုးရှိသည့် ခွေးပိုင်ရှင်ထံမှ ကူးစက်ခြင်းဖြစ်သည်ဟု ယုံကြည်ကြပြီး လုံးဝပြန်လည်ကျန်းမာမည်ဟု မျှော်လင့်ထားကြသည်။ ထိုခွေးမှလူသို့ ပြန်လည်ကူးစက်သော အထောက်အထားကတော့ တစ်ခုမှ မရှိသေးပါ။

ဤ ဖြစ်ရပ်သည် ကိုဗစ် – ၁၉ အတည်ပြုလူနာများ အနေဖြင့် မိမိ၏ အိမ်မွေးတိရစ္ဆာန်များ၊ အခြားတိရစ္ဆာန်များအား ရောဂါပိုး မကူးစက်အောင် ကာကွယ်သင့်သည် ဆိုသောအချက်ကို မီးမောင်းထိုးပြသကဲ့သို့ ဖြစ်နေသည်ဟု ကူးစက်ရောဂါကာကွယ်ထိန်းချုပ်ရေးစင်တာမှ ပြောရေးဆိုခွင့်ရှိသူ Kate Grusich က ပြောကြားခဲ့သည်။

ခွေးပိုင်ရှင်၏ ရောဂါအတည်ပြုချက်ထွက်လာပြီး မကြာခင် သူ့ခွေးတွင် အသက်ရှူလမ်းကြောင်းဆိုင်ရာ နာမကျန်းမှုများ ခံစားလာရသောကြောင့် ပုဂ္ဂလိက Vet Lab မှာ ဦးစွာ စစ်ဆေးခဲ့ပြီး မှန်ကန်သည်ဟု မှတ်ယူရသော ရောဂါ အတည်ပြုမှုရခဲ့သည်။ ထို့နောက် အမေရိကန်နိုင်ငံ စိုက်ပျိုးရေးဌာန (USDA) လက်အောက်ရှိ တိရစ္ဆာန်ဆေးကုဆိုင်ရာဓာတ်ခွဲခန်းတွင် ထပ်မံစစ်ဆေးခဲ့ရာ ခွေးတွင် ဖြစ်ပွားသော ကိုဗစ် – ၁၉ရောဂါ ပထမဆုံးအတည်ပြုမှုအဖြစ် သေချာစေခဲ့ပါသည်။

တစ်အိမ်တည်းမှာ မွေးမြူထားသော ဒုတိယ ခွေးတစ်ကောင်ကို စစ်ဆေးကြည့်ရာ ဓာတ်ခွဲအတည်ပြုမှု မတွေ့ရှိရသော်လည်း ထိုခွေး၏ ခုခံအားစနစ်တွင် ကိုဗစ် – ၁၉ ရောဂါအတွက် ခုခံနိုင်အား (antibody) ကို တွေ့ရှိရသဖြင့် ရောဂါပိုးနှင့် ထိတွေ့မှုရှိခဲ့ကြောင်း USDA အဆိုအရ သိရသည်။

### အရေအတွက် ၂၀ အောက်တွင်သာရှိ

သို့ရာတွင် အမေရိကန်နိုင်ငံ တိရစ္ဆာန်ဆေးပညာဆရာဝန်များအသင်းကြီး (AVMA) ၏ ပြောကြားချက်အရ ကိုဗစ်အတည်ပြုလူနာများမှ အိမ်မွေးတိရစ္ဆာန်သို့ ရောဂါကူးစက်နိုင်ခြေသည် အလွန်နည်းပါးနေပါသေးသည်။ တစ်ကမ္ဘာလုံးအနက် SARS–CoV–2 အတည်ပြုနိုင်သည့် အိမ်မွေးတိရစ္ဆာန်များသည် အရေအတွက် ၂၀ အောက်တွင်သာ ရှိနေသည်။ တစ်ကမ္ဘာလုံးရှိ ကိုဗစ် – ၁၉ ဗိုင်းရပ်စ် ကူးစက်ခံရသော အိမ်မွေးတိရစ္ဆာန်အများစုသည် ရောဂါပိုးအတည်ပြုလူနာများနှင့် နီးကပ်စွာထိတွေ့ခဲ့ပြီးမှ ကူးစက်ခံရခြင်းဖြစ်ရာ အချို့သော အခြေအနေများတွင် လူမှ တိရစ္ဆာန်သို့ ရောဂါကူးစက်ပျံ့နှံ့နိုင်သည့် အကြောင်းက ဦးစွာပေါ်လာပါသည်။

အိမ်မွေးခွေးတွင် ပထမဆုံး ရောဂါပိုးအတည်ပြုနိုင်သည့် German Shepherd ခွေးတစ်ကောင် ပေါ်လာပြီဖြစ်သော်လည်း ကျွမ်းကျင်သူပညာရှင်တို့၏ ညွှန်ကြားချက်က ယခင်ကအတိုင်းပင် ဖြစ်သည်။

- ❖ ခွေးပိုင်ရှင်သည် ကိုဗစ် – ၁၉ အတည်ပြု လူနာဖြစ်ပါက သို့မဟုတ် မကျန်းမာသည့် လက္ခဏာများ ခံစားလာရပါက မိမိ၏အိမ်မွေးတိရစ္ဆာန်များနှင့် ခပ်ဝေးဝေးနေပါ။
- ❖ မျက်နှာစည်း ဝတ်ဆင်ပါ။
- ❖ တိရစ္ဆာန်များကို အစာမကျွေးခင်နှင့် အစာကျွေးပြီးနောက် စက္ကန့် ၂၀ ကြာအောင် လက်ဆေးပါ။
- ❖ ကိုဗစ် – ၁၉ ရောဂါ ခံစားနေရသော ပိုင်ရှင်သည် ခွေး၊ ကြောင်တို့ကိုထိတွေ့ကိုင်တွယ်ခြင်း၊ ပွတ်သပ်ချော့မြူခြင်း၊ ပွေ့ဖက် နမ်းရှုပ်ခြင်း မပြုသင့်ပါ။
- ❖ ခွေး၊ ကြောင်တို့နှင့်အတူ အစာစားခြင်း၊ အတူအိပ်စက်ခြင်း မပြုသင့်ပါဟု ညွှန်ကြားထားသည်။

နောက်ထပ်သတင်းတစ်ပုဒ်မှာ ၂၀၂၀ ပြည့်နှစ် ဇွန်လ ၃ ရက်နေ့တွင် နယ်သာလန်နိုင်ငံရှိ အမွေးရှည် Mink (ရေနီးကုန်းနီး ဖျံ)မွေးမြူရေးခြံများ၌ ကိုဗစ် – ၁၉ အတည်ပြု ရလဒ်ထွက်သော Mink များ ပေါ်ထွက်လာခဲ့ခြင်း ဖြစ်ပါသည်။ ထို Mink များသည် အသက်ရှူလမ်းကြောင်းဆိုင်ရာ လက္ခဏာများအပါအဝင် ကွဲပြားခြားနားသော ရောဂါလက္ခဏာများကို ပြသခဲ့သည်။ မွေးမြူရေးခြံ အလုပ်သမားအချို့မှာလည်း ကိုဗစ်–၁၉ ရောဂါလက္ခဏာများ ဖြစ်ပေါ်လာခဲ့ရာ Mink များထံမှ ရောဂါကူးစက်ခြင်း ဖြစ်သည်ဆိုသောအချက်က မှန်ကန်ဖွယ်ဖြစ်သည်ဟု ယူဆကြပါသည်။

ဓာတ်ခွဲခန်းတွင် သုတေသနပြုချက်များအရ Ferret များသည် SARS–CoV–2 ဗိုင်းရပ်စ် ကူးစက်နိုင်သည်ဟု သိခဲ့ရသဖြင့် အမွေးရှည် Mink များမှာလည်း ရောဂါဖြစ်ပွားနိုင်သည်ဟု ခန့်မှန်းခဲ့ကြသည်။ ရောဂါလက္ခဏာပြသော အမွေးရှည် Mink များ၏ ကိုယ်တွင်း အင်္ဂါများနှင့် အာခေါင်တို့ဖတ်ယူပြီး စစ်ဆေးကြည့်ရာ SARS–CoV–2 ဗိုင်းရပ်စ်ကို တွေ့ရှိခဲ့သည်။

### အမြစ်ပြတ် သုတ်သင်ရှင်းလင်းရန်

မွေးမြူရေးခြံထဲမှ Mink များမှာ ရောဂါတွေ့ရှိရခြင်းသည် အချင်းချင်းကူးစက်မှုကြောင့် ဖြစ်သည်ဟု ကောက်ချက်ချကြသည်။အလုပ်သမားများသို့ ရောဂါကူးစက်ခြင်းမှာ Mink များထံမှ ကူးစက်ခြင်း ဖြစ်နိုင်သောကြောင့် တိရစ္ဆာန်မှ လူသို့ ရောဂါကူးစက်ခြင်း ထပ်မံမဖြစ်ပွားအောင် ဒတ်ချ် အစိုးရသည် Mink မွေးမြူရေးစခန်းများမှ Mink များအားလုံးကို ဇွန်လ ၅ ရက်နေ့မှ စတင်ပြီး အမြစ်ပြတ် သုတ်သင်ရှင်းလင်းရန် အမိန့်ထုတ်ပြန်ခဲ့သည်။

ကမ္ဘာပေါ်တွင် ကိုဗစ် – ၁၉ ကပ်ရောဂါကြီး စတင်ဖြစ်ပွားစဉ်ကပင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့အစည်းကြီး၏ ညွှန်ကြားချက်အတိုင်း မျက်နှာစည်းဝတ်ဆင်ခြင်း၊ လက်ဆေးခြင်း၊ နှာချေလျှင်၊ ချောင်းဆိုးလျှင် တစ်ရှူးဖြင့်ကာခြင်း၊ လူအချင်းချင်းခပ်ခွာခွာနေခြင်း စသော နည်းလမ်းများအား လူတို့က ကျင့်သားရနေပြီး ဖြစ်ပါသည်။

ယခုအခါတွင် အိမ်မွေးခွေးပိုင်ရှင်များက သူတို့၏ ခွေးများကို ကိုဗစ်ရောဂါ မကူးစက်နိုင်အောင် ကာကွယ်သည့်အနေဖြင့် ခွေးမျက်နှာစည်းများ ဝတ်ဆင်ပေးလာကြသည်။

ယခုလို ကာလတွင် အိမ်မွေးတိရစ္ဆာန်ကိုဖြစ်စေ၊ နို့တိုက်သတ္တဝါများဖြစ်သော မွေးမြူရေး တိရစ္ဆာန်များကိုဖြစ်စေ လူအချင်းချင်းမကူးစက်အောင် စောင့်ရှောက်သည့် နည်းလမ်းများအတိုင်း ကာကွယ်စောင့်ရှောက်ခြင်းသည် အမြော်အမြင်ရှိသောလုပ်ရပ်၊ ဆင်ခြင်ဉာဏ်ရှိသောလုပ်ရပ်၊ ရောဂါကာကွယ်ရေးအတွက် အရေးပါသောလုပ်ရပ်ဖြစ်သည်ဟု အကြံပြုလိုပါသည်။ ။

# ဆွီဒင်မှလွဲ၍ အိမ်နီးချင်းနိုင်ငံများအတွက် နယ်စပ်ဂိတ်များ ဖင်လန်နိုင်ငံ ဖွင့်လှစ်


ဖင်လန်နိုင်ငံ ပြည်ထဲရေးဝန်ကြီး မာရီယာအိုဟီဆာလို

**ဟယ်လ်ဆင်ကီး ဇွန် ၁၂**

နော်ဒစ်နှင့် ဘောလ်တစ်နိုင်ငံများသို့ ပြန်လည်ဖွင့်လှစ်ပေးမှု၏ တစ်စိတ်တစ်ဒေသအဖြစ် နော်ဝေနှင့် ဒိန်းမတ်နိုင်ငံများမှ ပြည်သူများအတွက် နယ်စပ်ဂိတ်များ ပြန်လည်ဖွင့်လှစ်ပေးမည်ဟု ဖင်လန်အစိုးရက ကြေညာလိုက်သည်။

လာမည့် ဇွန် ၁၅ ရက်မှစ၍ ဖင်လန်နိုင်ငံက နော်ဝေ၊ ဒိန်းမတ်၊ အိုက်စလန်၊ အက်စတိုးနီးယား၊ လတ်ဗီးယားနှင့် လစ်သူယေးနီးယားနိုင်ငံတို့နှင့် ထိစပ်နေသည့် နယ်စပ်ဂိတ်များကို ဖွင့်လှစ်မည်ဖြစ်သည်။ အဆိုပါနိုင်ငံများမှ ခရီးသွားများအနေဖြင့် ဖင်လန်နိုင်ငံသို့ ရောက်ရှိလျှင် သီးသန့်ခွဲနေရန် မလိုအပ်ပေ။ ယခုအစီအစဉ်မှာ ဘေးအန္တရာယ်ကင်းသည်ဟု ယူဆရသော နိုင်ငံများမှ ခရီးသွားများအတွက် "Travel bubbles" ဟုခေါ်ဆိုသည့် အကြံအစည် ဖော်ဆောင်ခြင်းဖြစ်သည်။ ကိုရိုနာဗိုင်းရပ်စ် ကူးစက်မှုမြင့်မားခြင်းကြောင့် နယ်စပ်ဂိတ်များ ပြန်လည်ဖွင့်လှစ်ရာတွင် ဆွီဒင်နိုင်ငံကို မထည့်သွင်းရန် ဆုံးဖြတ်ခဲ့ကြောင်း ဖင်လန်ပြည်ထဲရေးဝန်ကြီး မာရီယာအိုဟီဆာလိုက ပြောသည်။

"ဆွီဒင်နိုင်ငံမှာ ကပ်ရောဂါအခြေအနေက တော်တော် ဆိုးရွားနေဆဲဖြစ်နေလို့ ကန့်သတ်ချက်တွေ ရုပ်သိမ်းဖို့ မဖြစ်နိုင်သေးပါဘူး" ဟု မာရီယာက ပြောသည်။ ဆွီဒင်နိုင်ငံကို ချန်လှပ်ထားရသည့် ဆုံးဖြတ်ချက်မှာ မလွယ်ကူကြောင်း၊ အစိုးရက အခြေအနေကို စဉ်ဆက်မပြတ် စောင့်ကြည့်နေကြောင်း၊ ကူးစက်မှုအခြေအနေ ကျဆင်းသွားပါက ကန့်သတ်ချက်များ ရုပ်သိမ်းမည်ဖြစ်ကြောင်း ၎င်းက ဆိုသည်။ ဆွီဒင်ပြည်ထဲရေးဝန်ကြီး မိုက်ကယ်ဒမ်ဘတ်ဂျ်က ဆုံးဖြတ်ချက်ကို စိတ်ပျက်မိကြောင်း ပြောကြားလိုက်သည်။

### ပြန်လည်ဖွင့်လှစ်လျက်ရှိ

"ဆွီဒင်နိုင်ငံက နော်ဒစ်ဒေသနိုင်ငံများနဲ့ ထိစပ်နေတဲ့ နယ်စပ်ဂိတ်တွေကို ပိတ်မထားပါဘူး။ အခြား နော်ဒစ်ဒေသနိုင်ငံများက ခရီးသွားတွေ ဆွီဒင်နိုင်ငံကို လာရောက်တဲ့အခါ ခရီးသွားလုပ်ငန်းနဲ့ စီးပွားရေးအတွက် အရေးကြီးတယ်ဆိုတာ သတိရသင့်ပါတယ်" ဟု ၎င်းက ဆိုသည်။ ဖင်လန်နိုင်ငံက နယ်စပ်ဂိတ်များ ပြန်လည်ဖွင့်လှစ်တော့မည်ဖြစ်ရာ ဥရောပသမဂ္ဂကော်မရှင်က ထိုသို့ လုပ်ဆောင်ရန် အီးယူအဖွဲ့ဝင်နိုင်ငံများကို ဖိအားပေးလျက်ရှိသည်။ ဖင်လန်နိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကူးစက်မှု ၇၀၆၄ မှုနှင့် သေဆုံးသူ ၃၂၅ ဦးရှိရာ ယခုအခါ စီးပွားရေးလုပ်ငန်းများကို တဖြည်းဖြည်းချင်း ပြန်လည်ဖွင့်လှစ်လျက်ရှိသည်။

### သေဆုံးသူ ၅၀၀၀ နီးပါးရှိ

ကန့်သတ်ပိတ်ဆို့မှု မပြုလုပ်ခဲ့သည့် ဆွီဒင်နိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ် ကူးစက်မှု ၄၈၀၀၀ ကျော်နှင့် သေဆုံးသူ ၅၀၀၀ နီးပါးရှိကြောင်း သိရသည်။ အခြားတိုင်းပြည်များက ကူးစက်မှုများ ကျဆင်းနေချိန်တွင် ဆွီဒင်နိုင်ငံက ပြီးခဲ့သည့်သီတင်းပတ် အစောပိုင်းတွင် ကူးစက်မှု စံချိန်တင်ခဲ့ပြီး ၂၄ နာရီအတွင်း ကူးစက်လူနာ ၁၄၇၄ ဦးအထိ ရှိလာခဲ့သည်။

**ကိုးကား-စပွန်းနစ်ခ်**
**ဘာသာပြန်-ကျော်ထိုက်စိုး**

## အင်ဒိုနီးရှားနိုင်ငံ၌ ရေကြီးရေလျှံမှုများ ဖြစ်ပွား

**ဂျကာတာ ဇွန် ၁၂**

အင်ဒိုနီးရှားနိုင်ငံ ဘုန်းဘိုလန်ဂိုခရိုင်နှင့် ဂိုရွန်တာလိုမြို့တို့၌ မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုများဖြစ်ပွားခဲ့ရာ အနည်းဆုံးကျေးရွာ ၄၃ ရွာ ရေဘေးသင့်ခဲ့ကြောင်း ဂိုရွန်တာလိုမြို့၏ ဘေးအန္တရာယ်ကာကွယ်စောင့်ရှောက်ရေးအေဂျင်စီက ယနေ့ပြောကြားခဲ့သည်။

ဆူဝါဝါ၊ ကာဘီလနှင့် ဘွန်းကျေးရွာများအပါအဝင် ဘုန်းဘိုလန်ဂိုခရိုင်အတွင်းရှိ ရွာပေါင်းများစွာတွင် ရေကြီးရေလျှံမှုကြောင့် ဒေသခံထောင်ပေါင်းများစွာ အိုးမဲ့အိမ်မဲ့ဖြစ်ပွားခဲ့ရကြောင်း ခရိုင်အုပ်ချုပ်ရေးမှူး ဆူမာဝါတိုက ဆိုသည်။

အလားတူ ဂိုရွန်တာလိုမြို့ရှိ ဘူဂစ်၊ အီပီလို၊ ပါဒီဘူလို၊ တာလူမိုလိုနှင့် တန်ဒါတို့အပါအဝင် ဒေသအများအပြားတွင်လည်း ရေအမြင့်ပေ ၁ ဒသမ ၅ မီတာ (ငါးပေနီးပါး) မြင့်တက်ခဲ့ကြောင်း သိရသည်။

ရေကြီးရေလျှံမှုများကြောင့် ဘူဂစ်ကျေးရွာတွင် ဒေသခံ ၅၂၅၀၊ တန်ဒါတွင် ဒေသခံ ၄၀၁၀၊ အီပီလိုတွင် ၂၃၅၈ ဦး၊ ဘိုတူတွင် ၁၀၀၀၊ တာလူမိုလိုတွင် ၇၅၀ နှင့် ပါဒီဘူလိုတွင် ဒေသခံ ၄၀၀ တို့သည် နေအိမ်များပျက်စီးဆုံးရှုံးခဲ့ရသည်။

အဆိုပါရေဘေးသင့်ပြည်သူများအား ကယ်ဆယ်ရေးစခန်းများသို့ ပို့ဆောင်ထားပြီး စားနပ်ရိက္ခာနှင့် လိုအပ်သည့်ပစ္စည်းများ ထောက်ပံ့ပေးလျက်ရှိကြောင်း အင်ဒိုနီးရှားအာဏာပိုင်များက ဆိုသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အောင်ကျော်ကျော်**



## အီဂျစ်၌ ကိုရိုနာဗိုင်းရပ်စ် ကပ်ဘေးသင့်မှုနည်းပါးသော ခရီးသွားနယ်မြေများ ပြန်လည်ဖွင့်လှစ်မည်

**ကိုင်ရို ဇွန် ၁၂**

အီဂျစ်နိုင်ငံက ဇူလိုင် ၁ ရက်မှစ၍ ကိုရိုနာဗိုင်းရပ်စ်ကပ်ဘေးသင့်မှု နည်းပါးသော ခရီးသွားနယ်မြေအချို့သို့ ကမ္ဘာတစ်ဝန်းမှ ခရီးသွားများကို ပြန်လည်သွားရောက်ခွင့်ပြုမည်ဟု အစိုးရအဖွဲ့က ဇွန် ၁၁ ရက်တွင် ပြောကြားခဲ့သည်။



ဗိုင်းရပ်စ်ဘေးသင့်မှု နည်းပါးသော ဝေးလံခေါင်ဖျား ခရီးသွားနယ်မြေများသို့ ကမ္ဘာလှည့်ခရီးသွားများ ဆွဲဆောင်ရန် အီဂျစ်အစိုးရက မျှော်လင့်နေသည်။ ပြန်လည်ဖွင့်လှစ်မည့် ခရီးသွားနယ်မြေများတွင် အပန်းဖြေစခန်းနှင့် ကမ်းခြေနေရာများရှိရာ ဆိုင်းနိုင်းကျွန်းဆွယ်တောင်ပိုင်း၊ ပင်လယ်နီအပန်းဖြေစခန်းများအပြင် မြေထဲပင်လယ်ကမ်းရိုးတန်းရှိ မာဆာမတ်ရော့ဂျ်လည်း ပါဝင်သည်။

လူနေထူထပ်ရာ ကိုင်ရိုမြို့တော်နှင့် အခြားမြို့ကြီးများတွင် ကိုဗစ်-၁၉ ရောဂါကူးစက်မှု မြင့်တက်နေစဉ် ယခုဆုံးဖြတ်ချက်ကို ကြေညာခဲ့ခြင်းဖြစ်သည်။ အီဂျစ်နိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ် ကူးစက်မှု ၃၉၀၀၀ ကျော်နှင့် သေဆုံးသူ ၁၃၇၇ ဦးရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနက မှတ်တမ်းတင်ခဲ့ပြီး အာရပ်ကမ္ဘာတွင် သေဆုံးသူဦးရေ အမြင့်ဆုံးဖြစ်လာခဲ့သည်။ နောက်ထပ်သတိပေးချက် ထုတ်ပြန်ချိန်အထိ ကိုင်ရိုလေဆိပ်သို့ နိုင်ငံတကာလေကြောင်းခရီးစဉ်များ ဆိုက်ရောက်မှု ပိတ်ပင်ထားမည်ဖြစ်သည်။

ပြည်သူ့ပန်းခြံများ၊ ကမ်းခြေများကို ဇွန်လကုန်အထိ ပိတ်ထားမည်ဟု အစိုးရအဖွဲ့ ပြောရေးဆိုခွင့်ရှိသူ နာဒါဆဒ်က ပြောကြားသည်။ ကိုရိုနာဗိုင်းရပ်စ် ကူးစက်မှုများ မြင့်တက်နေလင့်ကစား အီဂျစ်နိုင်ငံက ဇွန် ၁၄ ရက်မှစကာ ဇွန်လကုန်အထိ ညမထွက်ရ အမိန့်အချိန်ကို ည ၈ နာရီမှ နံနက် ၄ နာရီအထိ လျှော့ချပေးမည်ဖြစ်သည်။ ခပ်ခွာခွာနေ စည်းမျဉ်းများ၊ အခြား ကြိုတင်ကာကွယ်ရေး အစီအမံများ ဖော်ဆောင်သည့် ဟိုတယ်များက ပြီးခဲ့သည့်လအတွင်း ပြည်တွင်းခရီးသွားများအတွက် လုပ်ငန်းပြန်လည်စတင်ခဲ့သည်။ အီဂျစ်နိုင်ငံ၏စီးပွားရေးက ဂျီဒီပီ၏ ၁၂ ရာခိုင်နှုန်းရှိသည့် ခရီးသွားလုပ်ငန်းအပေါ် ကြီးမားစွာ မှီခိုနေရသည်။ နိုင်ငံတကာလေကြောင်းခရီးစဉ်များ ရပ်နားထားစဉ်ကာလရှည် ကန့်သတ်ပိတ်ဆို့မှုက စီးပွားရေးအရ ထိခိုက်စေနိုင်သည်ကို အစိုးရက စိုးရိမ်နေသည်။

အီဂျစ်နိုင်ငံက အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့ (အိုင်အမ်အက်ဖ်)ထံမှ အမေရိကန်ဒေါ်လာ ၂ ဒသမ ၈ ဘီလီယံ အကူအညီရရှိခဲ့သလို ကပ်ဘေးသင့် စီးပွားရေးလုပ်ငန်းများကို ကယ်တင်ရန် နောက်ထပ်ချေးငွေဒေါ်လာ ၅ ဒသမ ၂ ဘီလီယံ ပံ့ပိုးကူညီရန် သဘောတူညီချက်တစ်ရပ် ရရှိခဲ့သည်။

**ကိုးကား-စီဂျီတီအင်န်**
**ဘာသာပြန်-ကျော်ထိုက်စိုး**

## လက်တင်အမေရိက၌ ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှုများ မြင့်တက်

**ဘရာဇီးလီးယား ဇွန် ၁၂**

လက်တင်အမေရိကဒေသတွင် ကိုရိုနာဗိုင်းရပ်စ် ပျံ့နှံ့လာမှုနှင့်အတူ အမေရိကန်တွင်ဖြစ်ပေါ်လာနိုင်သည့် ကိုရိုနာဗိုင်းရပ်စ် ဒုတိယလှိုင်းက ကမ္ဘာ့ဈေးကွက်များအား ရိုက်ခတ်သွားနိုင်သည်ကို ကျွမ်းကျင်သူများက သတိပေးနေကြသည်။

အမေရိကန်နိုင်ငံ အလယ်ပိုင်းနှင့် တောင်ပိုင်းဒေသများတွင် လူပေါင်း ၁ ဒသမ ၅ သန်းခန့် ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရပြီး ၇၀၀၀၀ ခန့် သေဆုံးခဲ့သည်။

ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှုများကြောင့် ဒေသတွင်း သမိုင်းတွင်မည့် စီးပွားရေးဆိုင်ရာ ဆုတ်ယုတ်မှုများ ဖြစ်လာမည်ဖြစ်ကြောင်း လက်တင်အမေရိကနှင့် ကာရစ်ဘီယန်ဒေသဆိုင်ရာ ကုလသမဂ္ဂစီးပွားရေးကော်မရှင်၏ အတွင်းရေးမှူးချုပ် အလက်ကာဘာဆီနာက ပြောကြားသည်။ ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါကို တိုက်ဖျက်ရေးဆောင်ရွက်နေစဉ် ဒေသတွင်း၌ ဆင်းရဲနွမ်းပါးမှု၊ ငတ်မွတ်ခေါင်းပါးမှုနှင့် အလုပ်လက်မဲ့များပြားလာခြင်းတို့ကို ပိုမိုကြုံတွေ့ရမည်ဖြစ်ကြောင်း ၎င်းက ထပ်မံပြောကြားသည်။

### အချိန်အတော်ကြာလျှောက်လှမ်းရမည်

ကမ္ဘာ့ကျန်းမာရေးအဖွဲ့အကြီးအကဲ တီဒရော့စ်အက်နွန်ဂါဘရီရီဆက်က ကမ္ဘာကြီးအား ကိုရိုနာဗိုင်းရပ်စ် အန္တရာယ်မှ ကာကွယ်နိုင်ရန်ဆောင်ရွက်ရမည့်ခရီးလမ်းမှာ အချိန်အတော်ကြာလျှောက်လှမ်းရမည်ဟု ပြောကြားခဲ့သည်။

"ကိုရိုနာဗိုင်းရပ်စ် တိုက်ဖျက်ရေးဟာ မပြီးဆုံးသေးပါဘူး။ ကိုရိုနာဗိုင်းရပ်စ်ဟာ တစ်ခါပြန်ဦးမော့လာနိုင်မယ့် အခြေအနေရှိပါတယ်"ဟု ၎င်းက ပြောကြားသည်။

**ကိုးကား-အေအက်ဖ်ပီ**
**ဘာသာပြန်-စိုးသူရ**



# အမေရိကန်တပ်ဖွဲ့များ ရုပ်သိမ်းရေးကတိကဝတ် အမေရိကန်နှင့် အီရတ် အတည်ပြု



**ဝါရှင်တန် ဇွန် ၁၂**

အီရတ်နိုင်ငံရှိ အမေရိကန်တပ်ဖွဲ့ဝင်အရေအတွက် လျှော့ချမည့်ကတိကဝတ်ကို အမေရိကန်နှင့် အီရတ်နိုင်ငံတို့က အတည်ပြုလိုက်ပြီဖြစ်သည်။

ယမန်နေ့ကထုတ်ပြန်သည့် အမေရိကန်-အီရတ် မဟာဗျူဟာမြောက် ဆွေးနွေးမှုဆိုင်ရာ ပူးတွဲကြေညာချက်အရ အီရတ်ရှိ အိုင်အက်စ်အဖွဲ့အား အမြစ်ပြတ်ချေမှုန်းရာတွင် အောင်မြင်မှုရရှိခဲ့ခြင်းအပေါ် နှစ်ဖက်စလုံးက အသိအမှတ်ပြုပြီး ထိုအောင်မြင်မှုအရ အမေရိကန်တပ်ဖွဲ့ဝင်များအား အီရတ်မှ ဆက်လက်ရုပ်သိမ်းရေးကို ခွင့်ပြုခဲ့သည်။

ခိုင်မာသော နှစ်ဦးနှစ်ဖက် အကျိုးစီးပွားများအပေါ် အခြေခံ၍ နှစ်နိုင်ငံလုံခြုံရေးဆိုင်ရာဆက်ဆံရေးတစ်ရပ် တည်ဆောက်ရေး အလေးထားနေချိန်တွင် အမေရိကန်နိုင်ငံက အီရတ်နိုင်ငံရှိ ကျန်ရှိသောတပ်ဖွဲ့များ၏ အခြေအနေကို အီရတ်အစိုးရနှင့် ထပ်မံဆွေးနွေးမည်ဟု ထုတ်ပြန်ချက်က ဖော်ပြခဲ့သည်။

အီရတ်နိုင်ငံတွင် အမြဲတမ်း စစ်ဘက်အခြေစိုက်စခန်းများ သို့မဟုတ် အမြဲတမ်းတပ်ဖွဲ့ထားရှိရေး ပြုလုပ်မည်မဟုတ်ကြောင်း ကတိကဝတ်ကို အမေရိကန်နိုင်ငံက ထပ်လောင်းပြောဆိုခဲ့သလို နိုင်ငံတကာညွန့်ပေါင်းတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ၊ ၎င်းတို့ကိုလက်ခံထားရှိသော အီရတ်စခန်းများကို ကာကွယ်စောင့်ရှောက်ရန် သန္နိဋ္ဌာန်ချထားဆဲဖြစ်ကြောင်း အီရတ်အစိုးရက ပြောကြားသည်။

အမေရိကန်နှင့် အီရတ်နိုင်ငံတို့က စီးပွားရေးနှင့် စွမ်းအင်နယ်ပယ်များအပြင် နိုင်ငံရေးဆိုင်ရာကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်မှု ဆက်လက်လုပ်ဆောင်မည်ဟု ထုတ်ပြန်ချက်က ဆိုသည်။

ကိုးကား-ဗွီအိုအေ
ဘာသာပြန်-ကျော်ထိုက်စိုး

# ညမထွက်ရအမိန့် ဖြေလျှော့ပြီး နိုင်ငံတကာခရီးသွားလာမှု ဆက်လက်တားမြစ်ရန် ထိုင်းအစိုးရ ဆုံးဖြတ်



ထိုင်းနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါအခြေအနေ စီမံခန့်ခွဲရေးဗဟိုဌာန ပြောရေးဆိုခွင့်ရှိသူ
ဒေါက်တာ တာဝီစင်ဗီဆာနူယိုသင်

**ဗန်ကောက် ဇွန် ၁၂**

ထိုင်းအစိုးရသည် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုထိန်းချုပ်ရန် ဧပြီ ၃ ရက်က ကြေညာထားသည့် ညမထွက်ရအမိန့်ကို ဇွန် ၁၅ ရက်တွင် အဆုံးသတ်ရန် အတည်ပြုထားကြောင်း နိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါအခြေအနေ စီမံခန့်ခွဲရေးဗဟိုဌာနက ယနေ့ကြေညာသည်။

ထိုင်းဝန်ကြီးများနှင့် ကျန်းမာရေးဆိုင်ရာ ကျွမ်းကျင်ပညာရှင်အားလုံးသည် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုထိန်းချုပ်ရန် နေ့စဉ် ည ၁၁ နာရီမှ နံနက် ၃ နာရီအထိ ညမထွက်ရအမိန့်ကို ဇွန် ၁၅ ရက်တွင် ဖြေလျှော့ရန် သဘောတူခဲ့ကြောင်း၊ သို့သော် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အရေးပေါ်အခြေအနေကိုမူ ဆက်လက်ရှိနေမည်ဖြစ်ကြောင်း နိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါ အခြေအနေ စီမံခန့်ခွဲရေးဗဟိုဌာန ပြောရေးဆိုခွင့်ရှိသူ ဒေါက်တာ တာဝီစင်ဗီဆာနူယိုသင်က ပြောကြားသည်။

အသွားအလာကန့်သတ်မှုများ ဖြေလျှော့ရေးဆိုင်ရာ အစည်းအဝေးတစ်ရပ်ကို ထိုင်းနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါ အခြေအနေစီမံခန့်ခွဲရေးဗဟိုဌာန ဦးဆောင်သူ ဝန်ကြီးချုပ် ပရာယုဒ်ချန်အိုချာက သဘာပတိအဖြစ် ဦးဆောင်ခဲ့ကြောင်း သိရသည်။

မေလနှောင်းပိုင်းမှစ၍ ထိုင်းနိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူအများစုမှာ နိုင်ငံရပ်ခြားမှ ပြန်လာသည့် နိုင်ငံသားများပင်ဖြစ်ရာ အစိုးရသည် နိုင်ငံအတွင်း အဝင်၊ အထွက်ကို တင်းကျပ်စွာဖြင့် ဆက်လက်ထိန်းချုပ်သွားမည်ဖြစ်ကြောင်း၊ ယခုအခါ အစိုးရသည် အသွားအလာကန့်သတ်မှုဖြေလျှော့ရေးအဆင့်လေးသို့ ချဉ်းကပ်လျက်ရှိရာ အရက်ဆိုင်များ၊ အရက်အဖျော်ယမကာဆိုင်များနှင့် အနှိပ်ခန်းများကို ဆက်လက်ပိတ်ထားမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါနေရာများသည် ကိုဗစ်-၁၉ ရောဂါ အစုလိုက်အပြုံလိုက် ကူးစက်မှုဖြစ်ပွားစေနိုင်သည့် နေရာများဖြစ်သောကြောင့်ဖြစ်ကြောင်း တာဝီစင်ဗီဆာနူယိုသင်က ထပ်မံပြောကြားသည်။

**ဆုံးဖြတ်ချက် မချမှတ်ရသေး**

တစ်ဆက်တည်းမှာပင် ထိုင်းအမျိုးသားလုံခြုံရေးကောင်စီက နိုင်ငံအတွင်း ညမထွက်ရအမိန့် ဖြေလျှော့မှုကို စမ်းသပ်ကာလအနေဖြင့် ဇွန် ၁၅ ရက်အထိ ပြဋ္ဌာန်းသင့်သည်ဟု အစိုးရအားတင်ပြလိုက်သည်။ သို့သော် လုံခြုံရေးကောင်စီ၏ အဆိုပြုမှုနှင့်ပတ်သက်၍ ထိုင်းနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါ အခြေအနေစီမံခန့်ခွဲရေးဗဟိုဌာနအနေဖြင့် ဆုံးဖြတ်ချက် မချမှတ်ရသေးကြောင်း သိရသည်။

ဇွန် ၁၂ ရက်က ထိုင်းနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူလေးဦး ထပ်မံစမ်းသပ်တွေ့ရှိခဲ့ရာ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၃၁၂၅ ဦး ရှိလာပြီး ၎င်းတို့အနက် ၅၈ ဦးသည် အဆိုပါရောဂါကြောင့် သေဆုံးခဲ့ကြောင်း သိရသည်။ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသည့် အဆိုပါလူနာလေးဦးသည် အိန္ဒိယနိုင်ငံမှပြန်လာသည့် ထိုင်းနိုင်ငံသားများဖြစ်ကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - ဂျေတီ

## ကမ္ဘာတစ်ဝန်း
## ကိုဗစ်-၁၉ ရောဂါဆိုင်ရာ
## နောက်ဆုံးအခြေအနေ

ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ
၇၆၃၅၂၄၆ ဦး

သေဆုံးသူ
၄၂၄၇၀၆ ဦး

ပြန်လည်ကျန်းမာလာသူ
၃၈၆၅၆၀၇ ဦး

# အိန္ဒိယ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၀၀၀၀ ကျော် စံချိန်တင် စမ်းသပ်တွေ့ရှိပြီး ၃၉၆ ဦးသေဆုံး

**နယူးဒေလီ ဇွန် ၁၂**

အိန္ဒိယနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် ၃၉၆ ဦး ထပ်မံသေဆုံးခဲ့ရာ အဆိုပါ ရောဂါကြောင့် သေဆုံးသူပေါင်း ၈၄၉၈ ဦးရှိလာကြောင်း၊ ထို့အတူ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၀၉၅၆ ဦး ထပ်မံတွေ့ရှိခဲ့ရာ အိန္ဒိယ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၂၉၇၅၃၅ ဦး ရှိလာကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနက ယနေ့ ပြောကြားသည်။

အိန္ဒိယနိုင်ငံ၌ ယနေ့ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုပမာဏသည် နိုင်ငံအတွင်း ရောဂါစတင်တွေ့ရှိခဲ့ချိန်ကတည်းက တစ်ရက်အတွင်း ရောဂါကူးစက်မှုနှုန်း အမြင့်မားဆုံးဖြစ်သလို ရောဂါကူးစက်ခံရသူ ၁၀၀၀၀ ကျော်အထိ ပထမအကြိမ်ရောက်ရှိသည့် နေ့တစ်နေ့ဖြစ်လာခဲ့သည်။

သို့သော် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူများအနက် ၁၄၇၁၉၅ ဦးသည် ရောဂါကင်းစင်ပြီး ဆေးရုံများမှ ပြန်ဆင်းခဲ့ကြရာ အိန္ဒိယနိုင်ငံ၌ ယခုလက်ရှိ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၄၁၈၄၂ ဦးသာရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုကိုထိန်းချုပ်ရန် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အသွားအလာကန့်သတ်မှု ချမှတ်ခြင်းကို အိန္ဒိယဝန်ကြီးချုပ် မိုဒီက မတ် ၂၅ ရက်က ချမှတ်ခဲ့သည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - ဂျေတီ



# ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကန့်သတ်မှုများ ထပ်မံဖြေလျှော့မည်ဟု ဩစတြေးလျဝန်ကြီးချုပ် ကြေညာ

**ကင်ဘာရာ ဇွန် ၁၂**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေး လူစုလူဝေးဆိုင်ရာ ကန့်သတ်ချက်များကို သီတင်းပတ် အနည်းငယ်အတွင်း ဖြေလျှော့သွားမည်ဖြစ်ကြောင်း ဩစတြေးလျဝန်ကြီးချုပ် စကော့သ်မော်ရီဆန်က ယနေ့ ပြောကြားသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်များ ဖြေလျှော့ရန် အစိုးရ၏စီမံချက်အဆင့်(၃) အရ လူအများအပြားစုဝေးမှုအပေါ် ကန့်သတ်ချက်ကို ဖျက်သိမ်းမည်ဖြစ်ကြောင်း ဝန်ကြီးချုပ် မော်ရီဆန်က ယနေ့ပြုလုပ်သော အမျိုးသားကက်ဘိနက် အစည်းအဝေးအပြီးတွင် ကြေညာလိုက်သည်။

အဆိုပါ စီမံချက်အရ လူပေါင်း ၄၀၀၀၀ ခန့် ဝင်ဆံ့သော အားကစားရုံများကို လူခပ်ခွာခွာဖြင့် နေနိုင်ရေးအတွက် လူ ၁၀၀၀၀ အထိသာ ခွင့်ပြုမည်ဖြစ်ပြီး ပိုမိုကြီးမားသော အားကစားရုံများသည် ပွဲကြည့်ပရိသတ်များအတွက် အထူးကင်းလွတ်ခွင့် လျှောက်ထားရန် လိုအပ်မည်ဖြစ်ကြောင်း မော်ရီဆန်က ပြောကြားသည်။

ထို့အပြင် အမျိုးသားကက်ဘိနက်အဖွဲ့သည် ကိုဗစ်- ၁၉ ရောဂါ လုံခြုံမှုရှိသော ဩစတြေးလျဖြစ်ရေးဆိုင်ရာ အစိုးရ၏ အဆင့် (၃) မူဘောင်အား ဇူလိုင်လအတွင်း



ဩစတြေးလျဝန်ကြီးချုပ် စကော့သ်မော်ရီဆန်။

အပြီးသတ်ဆောင်ရွက်ရေးဆိုင်ရာ ကတိကဝတ်ကိုလည်း ထပ်လောင်း အတည်ပြုလိုက်ကြောင်း ၎င်းက ထပ်မံ ပြောကြားသည်။

ထို့အတူ ကွင်းစလန်းပြည်နယ်နှင့်တောင်ဩစတြေးလျပြည်နယ်အစိုးရတို့သည် ဇူလိုင် ၁၀ ရက်နှင့် ၂၀ ရက်တွင် ပြည်တွင်းနယ်စပ်ဂိတ်များကို အသီးသီးပြန်လည် ဖွင့်လှစ်ကြမည်ဖြစ်ကြောင်း သိရသည်။

တစ်ဆက်တည်းမှာပင် ဩစတြေးလျနိုင်ငံ၏ ဆေးဘက်ဆိုင်ရာ အရာရှိချုပ် ဘရင်ဒန်မာဖီက ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုအပေါ် ဩစတြေးလျနိုင်ငံ၏ တုံ့ပြန်မှုသည် ကောင်းမွန်ကြောင်း ပြီးခဲ့သည့်သီတင်းပတ်က ဩစတြေးလျနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၃၈ ဦးသာ စမ်းသပ်တွေ့ရှိခဲ့ကြောင်း၊ အဆိုပါ လူနာ ၃၈ ဦးအနက် ထက်ဝက်ခန့်သည် နိုင်ငံရပ်ခြားမှပြန်လာသော ခရီးသည်များပင်ဖြစ်ကြောင်း ပြောကြားသည်။

ယနေ့ ဒေသစံတော်ချိန် ညနေ ၃ နာရီအထိ ဩစတြေးလျနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၇၂၈၅ ဦးရှိပြီး ၎င်းတို့အနက် ၁၀၂ ဦးသည် အဆိုပါရောဂါကြောင့် သေဆုံးခဲ့ကြောင်း သိရသည်။ သို့သော် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသောလူနာ ၆၇၆ ဦးသည် ကိုဗစ်-၁၉ ရောဂါကင်းစင်ပြီး ဆေးရုံများနှင့် ဆေးခန်းများမှ ပြန်ဆင်းသွားပြီဖြစ်ကြောင်း ဩစတြေးလျ ကျန်းမာရေးဌာနမှ ထုတ်ပြန်သည့် ကိန်းဂဏန်းများအရ သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - ဂျေတီ**

# ဂျပန်နိုင်ငံ၌ ကိုဗစ်-၁၉ ကူးစက်ခံရသူ ၅၆ ဦး ထပ်မံတွေ့ရှိ

**တိုကျို ဇွန် ၁၂**

ဂျပန်နိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရသူ ၅၆ ဦး ယနေ့ထပ်မံတွေ့ရှိရပြီး သုံးဦးသေဆုံးခဲ့ကြောင်း ဂျပန်ကျန်းမာရေးတာဝန်ရှိသူများက ယနေ့ပြောကြားသည်။

ယင်းရောဂါပိုးကူးစက်မှု ထပ်မံတွေ့ရှိသူများ အပါအဝင် ဂျပန်နိုင်ငံတစ်ဝန်းလုံးတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားသူ ၁၇၄၀၄ ဦးရှိပြီဖြစ်ပြီး ယင်းအရေအတွက်တွင် ဒိုင်းမွန်းပရင့်ဆက်အမည်ရှိ ဇိမ်ခံသင်္ဘောမှ ရောဂါပိုးကူးစက်ဖြစ်ပွားသူများ မပါရှိပေ။

အဆိုပါ အပျော်စီးသင်္ဘောပေါ်တွင် ရောဂါပိုးကူးစက်ဖြစ်ပွားသူ ၇၁၂ ဦးရှိပြီး ၎င်းတို့ကိုထည့်သွင်းပေါင်းထည့်ပါက ဂျပန်နိုင်ငံ၌ ရောဂါပိုးကူးစက်ဖြစ်ပွားသူဦးရေမှာ ၁၈၁၁၆ ဦးဖြစ်သည်။

ဂျပန်နိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရမှုကြောင့် သေဆုံးရသူပေါင်း ၉၃၈ ဦးရှိပြီး ယင်းတို့ထဲတွင် ဒိုင်းမွန်းပရင့်ဆက်သင်္ဘောခရီးသည် ၁၃ ဦးတို့ ပါဝင်ကြသည်။

တိုကျိုခရိုင်သည် ဂျပန်နိုင်ငံ၌ ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရသူ ၅၄၇၃ ဦးဖြင့် ထိပ်ဆုံးမှ ရပ်တည်နေပြီး ယင်းအနောက်တွင် အိုဆာကာခရိုင်က ၁၇၈၆ ဦး၊ ကာနာဂါဝါခရိုင်က ၁၄၀၀၊ ဟော့ကိုင်းဒိုးခရိုင်က ၁၁၅၄ ဦးနှင့် ဆိုင်တာမာခရိုင်က ၁၀၁၆ ဦးတို့ဖြင့် အစဉ်လိုက်ဖြစ်သည်။

**ကိုးကား- အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-ဇော်ဝင်း**






# တူနီးရှားအရှေ့တောင်ပိုင်းကမ်းလွန်၌ ရေယာဉ်တစ်စင်း နစ်မြုပ် ရွှေ့ပြောင်းနေထိုင်သူ ၄၈ ဦးသေဆုံး

**တူနစ် ဇွန် ၁၂**

တူနီးရှားနိုင်ငံအရှေ့တောင်ပိုင်းကမ်းလွန်တွင် တရားမဝင်ရွှေ့ပြောင်းနေထိုင်သူများ စီးနင်းလိုက်ပါလာသည့် ရေယာဉ်တစ်စင်း နစ်မြုပ်ခဲ့ရာ သေဆုံးသူဦးရေမှာ ၄၈ ဦးထိမြင့်တက်ခဲ့ကြောင်း တူနီးရှားကာကွယ်ရေးဝန်ကြီးဌာနက ယမန်နေ့က ပြောကြားသည်။

ယမန်နေ့ နံနက်ပိုင်းတွင် တူနီးရှားကမ်းခြေစောင့်တပ်ဖွဲ့များက ရေယာဉ်နစ်မြုပ်ရာမှ သေဆုံးသွားသည့် နောက်ထပ်ရုပ်အလောင်း ၁၃ လောင်းကို ရှာဖွေတွေ့ရှိခဲ့ကြောင်း၊ တွေ့ရှိရသည့်ရုပ်အလောင်းများမှာ အမျိုးသားရုပ်အလောင်း ကိုးလောင်းနှင့် အမျိုးသမီးရုပ်အလောင်းလေးလောင်းတို့ဖြစ်ကြောင်း၊ ယခုတွေ့ရှိရသည့်ရုပ်အလောင်းများအပါအဝင် သေဆုံးလူဦးရေမှာ ၄၈ ဦးထိ မြင့်တက်လာကြောင်း တူနီးရှားကာကွယ်ရေးဝန်ကြီးဌာန၏ ကြေညာချက်၌ ဖော်ပြသည်။

နစ်မြုပ်သွားသည့်ရေယာဉ်တွင် အာဖရိကနိုင်ငံအချို့မှ ရွှေ့ပြောင်းအခြေချနေထိုင်သူ ၅၃ ဦး တင်ဆောင်လာခြင်းဖြစ်သည်။

ရေယာဉ်နစ်မြုပ်ရာတွင် ပါဝင်သည့် ကျန်ရှိသူများအား ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်လုပ်ဆောင်နေဆဲဖြစ်ကြောင်း ကြေညာချက်တွင် ဖော်ပြသည်။

ကနဦး စုံစမ်းစစ်ဆေးချက်များအရ နစ်မြုပ်သွားသော ရေယာဉ်သည် ဇွန် ၄ ရက်က ဆာဖက်စ်ကမ်းရိုးတန်းမှ အီတလီနိုင်ငံကမ်းခြေသို့ ဦးတည်ထွက်ခွာလာခြင်းဖြစ်ပြီး ဆာဖက်စ်ကမ်းလွန် ကာကန်နက်ခ်ကျွန်းအနီး၌ နစ်မြုပ်သွားခြင်းဖြစ်ကြောင်း သိရသည်။

လွန်ခဲ့သည့် နှစ်များအတွင်းက တူနီးရှားနိုင်ငံသည် တရားမဝင်ရွှေ့ပြောင်းနေထိုင်သူများအနေဖြင့် ဥရောပတိုက်သို့ သွားရောက်ရန် ကြိုးပမ်းရာတွင် အရေးပါသော လမ်းကြောင်းတစ်ခု ဖြစ်လာခဲ့သည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- ဇော်ဝင်း**

# ကိုရိုနာဗိုင်းရပ်စ်ရောဂါနှင့်ပတ်သက်၍ ဆက်လက်လေ့လာနေရဆဲဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ပြောကြား

**ဂျီနီဗာ ဇွန် ၁၂**

ကိုရိုနာဗိုင်းရပ်စ်ရောဂါပိုးရှိသော်လည်း ရောဂါလက္ခဏာမပြသသည့် ရောဂါပိုးသယ်ဆောင်သူများမှတစ်ဆင့် ရောဂါမည်သို့ကူးစက်နိုင်သည်ကို သိရှိနိုင်ရန် ကျွမ်းကျင်သူများက သုတေသနပြုလုပ်နေကြသည်။

ကျွမ်းကျင်သူများအနေဖြင့် ထိုကဲ့သို့ ရောဂါကူးစက်နိုင်သည့် အကြောင်းရင်းကို ရှာဖွေဖော်ထုတ်နိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်ဟု ဇွန် ၁၀ ရက်တွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့အကြီးအကဲ တီဒရော့စ် အက်နွမ်ဂါဘရီယီဆက်စ်က သတင်းထောက်များအား ပြောကြားသည်။

ကိုရိုနာဗိုင်းရပ်စ်အမျိုးအစားအသစ်များအား ကျယ်ကျယ်ပြန့်ပြန့်လေ့လာရန်အတွက် ကုလသမဂ္ဂ၏ အဖွဲ့အစည်းတစ်ခုဖြစ်သည့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ယခုသီတင်းပတ်အစောပိုင်းတွင် သတင်းအချက်အလက်များ မျှဝေခဲ့သည်။

ကိုဗစ်-၁၉ ရောဂါရှိသော်လည်း ရောဂါလက္ခဏာမပြသသည့် ရောဂါပိုးသယ်ဆောင်သူများအား သုတေသနပြုလုပ်သည့်လုပ်ငန်းကို တိုးချဲ့ဆောင်ရွက်လျက်ရှိကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့အကြီးအကဲ တီဒရော့စ် အက်နွမ်ဂါဘရီယီဆက်စ်က သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

"ကျွန်တော်တို့ သိရှိထားတဲ့ အချက်တွေကတော့ ရောဂါပိုးရှိသူတွေကို ရှာဖွေမယ်၊ သီးသန့်ခွဲထားမယ်၊ ရောဂါပိုးရှိ/မရှိစမ်းသပ်မယ်၊ ပြီးတော့သူတို့နဲ့ နီးနီးကပ်ကပ် နေထိုင်ခဲ့သူတွေကို သီးခြားခွဲခြားစောင့်ကြည့်ခြင်းတွေ ဆောင်ရွက်မယ်ဆိုရင် ဒီရောဂါကို ထိန်းချုပ်နိုင်မှာပါ"ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။



လက်ရှိအချိန်တွင် နိုင်ငံအများစုကလည်း အဆိုပါနည်းလမ်းများကို ကျင့်သုံးဆောင်ရွက်လျက်ရှိပြီး အတိုင်းအတာတစ်ခုအထိ ရောဂါကို ထိန်းချုပ်နိုင်ပြီဖြစ်ကြောင်း တီဒရော့စ် အက်နွမ်ဂါဘရီယီဆက်စ်က ဆိုသည်။

**ကိုးကား- ယူအင်န်နယူးစ်၊ ဘာသာပြန်- စိုးသူရ**

# ပုဏ္ဏားကျွန်းမြို့ မြို့သစ်ဈေးအနီး လုံခြုံရေးဆောင်ရွက်နေသော တပ်ဖွဲ့ဝင်များကို ရန်မူလာသည့် မသင်္ကာဖွယ်လူတစ်ဦးအား ဓား၊ ဒေသန္တရမိုင်း တစ်လုံးတို့နှင့်အတူ အသေ ပစ်ခတ်ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၁၂**

ပုဏ္ဏားကျွန်းမြို့ မြို့သစ်ဈေးအနီး လုံခြုံရေးဆောင်ရွက်နေသော တပ်ဖွဲ့ဝင်များကို ရန်မူလာသည့် မသင်္ကာဖွယ်လူတစ်ဦးအား ဓား၊ ဒေသန္တရမိုင်း တစ်လုံးတို့နှင့်အတူ အသေပစ်ခတ် ဖမ်းဆီးရမိခဲ့ကြောင်း တပ်မတော်သတင်းမှန် ပြန်ကြားရေးအဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။



အဆိုပါ သတင်းထုတ်ပြန်ချက်တွင် ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့ မြို့သစ်ဈေးအတွင်း၌ ယမန်နေ့ နံနက်ပိုင်းက နယ်မြေခံတပ်မှ အရာရှိတစ်ဦးနှင့် စစ်သည်တစ်ဦးတို့သည် အရပ်ဝတ်များဖြင့် ဈေးဝယ်နေစဉ် အမျိုးသား ရှစ်ဦးခန့်က ဓား၊ သံတုတ်များဖြင့် အကြောင်းမဲ့ ဝိုင်းဝန်းထိုးနှက်ရိုက်ပုတ်ရာ အရာရှိမှာ နေရာတွင်ပင် သတိမေ့လဲလျက် စစ်သည်အား ဆိုင်ကယ်ဖြင့် အဓမ္မဖမ်းဆီး ခေါ်ဆောင်သွားသည့် ဖြစ်စဉ်နှင့်ပတ်သက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက ပုဏ္ဏားကျွန်းမြို့နှင့် အနီးတစ်ဝိုက်အား လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း။

ထိုသို့ ဆောင်ရွက်လျက်ရှိစဉ် မြို့သစ်ဈေးအနီး ဈေးလမ်းဆုံနေရာ၌ လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော တပ်ဖွဲ့ဝင်များထံသို့ နံနက် ၁၁ နာရီ မိနစ် ၄၀ ခန့်တွင် ဓားမြောင် ကိုင်ဆောင်ထားသော မသင်္ကာဖွယ်အမျိုးသားတစ်ဦးသည် ရန်မူတိုက်ခိုက်လိုသည့် အပြုအမူဖြင့် ချဉ်းကပ်လာသဖြင့် အော်ဟစ်တားဆီး ရပ်တန့်စေသော်လည်း ရပ်တန့်ခြင်းမရှိဘဲ ရှေ့ဆက်တိုးလာသောကြောင့် ၎င်းအမျိုးသား၏ ခန္ဓာကိုယ်အောက်ပိုင်းသို့ သတိပေးခြောက်လှန့်ပစ်ခတ်ခဲ့ရာ ခြေထောက်တွင်ကျည်ဆန်ထိမှန်ပြီး လဲကျစဉ် ထပ်မံပစ်ခတ်ခဲ့သည့် ကျည်ဆန်ကြောင့် ခန္ဓာကိုယ်ပိုင်းသို့ ထပ်မံထိမှန်ခဲ့ကာ သေဆုံးသွားခဲ့ကြောင်း။

အဆိုပါ သေဆုံးသူအား စစ်ဆေးခဲ့ရာ ၎င်းလွယ်ထားသည့် ကျောပိုးအိတ်အတွင်းမှ အမြင့် ခြောက်လက်မ၊ အချင်း ရှစ်လက်မခန့်ရှိ ကွန်ကြူပိုက်ဖြင့် ပြုလုပ်ထားသော ဒေသန္တရမိုင်း တစ်လုံးအပါအဝင် မိုင်းပြုလုပ်ရာတွင် အသုံးပြုသည့် ကွန်ကြူပိုက် အမြောက်အမြားအား ကျောပိုးအိတ်နှင့်အတူ တွေ့ရှိ သိမ်းဆည်းရမိခဲ့ပြီး သေဆုံးသူ၏ ရုပ်အလောင်းအား လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာသို့ စနစ်တကျလွှဲပြောင်းပေးခဲ့ကြောင်း ဖော်ပြထားသည်။

**သတင်းစဉ်**

# ဟိုပုံး၊ လားရှိုး၊ ရပ်စောက်နှင့် ကျေးသီးမြို့နယ်တို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် ဇွန် ၁၂**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည်ယမန်နေ့ မွန်းလွဲပိုင်းက ဟိုပုံးမြို့နယ် လွယ်အွန့်ကျေးရွာအုပ်စု ရန်ကင်းကျေးရွာအနီး ဟိုပုံး-တောင်ကြီးသွား ကားလမ်းတွင် မျိုးမင်းထွန်း(ခ) တီးတုတ် မောင်းနှင်လာသော မော်တော်ယာဉ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွဆေးပြား ၁၃၆၀၀၀၊ ဘိန်းဖြူ သုညဒသမ ၉၆၈ ကီလို၊ ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သည်။

အလားတူ ယင်းနေ့ ညနေ ၅ နာရီက လားရှိုးမြို့နယ် လားရှိုး-မိုင်းယော်သွားကားလမ်း နားဖကျေးရွာအနီးတွင် ရည်မွန်(ခ)ဦးချစ် မောင်းနှင်လာသည့် မော်တော်ယာဉ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွဆေးပြား ၄၀၀၀၊ ဖုန်း တစ်လုံးတို့ကိုလည်းကောင်း။

ထို့အတူ ထိုနေ့ မွန်းလွဲ ၂ နာရီခွဲက ရပ်စောက်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ရပ်စောက်မြို့နယ် ငါးပင်ရွာဟောင်းကျေးရွာနေ မျိုးထွန်း၏ နေအိမ်ကိုရှာဖွေရာ စိတ်ကြွဆေးပြား ၂၀၀၃၊ မြန်မာငွေကျပ် ၂၆၀၀၀၀ တို့ကိုလည်းကောင်း။

အလားတူ ယင်းနေ့ နံနက် ၇ နာရီ ခွဲတွင် ကျေးသီးမြို့နယ် မိုင်းနောင်မြို့အနီး မိုင်းနောင်- မိုင်းနန်းကျေးရွာသွားလမ်းတွင် ရပ်တန့်ထားသော ခြောက်ဘီးယာဉ်ကို စစ်ဆေးရာ ယာဉ်မောင်းအား မတွေ့ရှိဘဲ ယာဉ်ပေါ်မှ တော်လူအင်း ၃၆၈၀ လီတာ၊ အက်စီတုန်း ၆၄၀ လီတာ၊ အီသိုင်း အက်စီတစ် ၁၆၀ လီတာတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**



မျိုးမင်းထွန်း(ခ) တီးတုတ်အား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

# ပုသိမ်ကြီးမြို့နယ်၌ လုယက်မှုကျူးလွန်သူများအား ဖမ်းဆီးအရေးယူ

**နေပြည်တော် ဇွန် ၁၂**

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်၌ ယမန်နေ့က လုယက်မှုကျူးလွန်သူ သုံးဦးအား ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ စဉ့်ကိုင်မြို့နယ် မီးသွေးဖုတ်ကျေးရွာနေ သန်းဇော် (ဆိုင်ကယ်ကယ်ရီမောင်း)သည် ယမန်နေ့ ညနေ ၃ နာရီက အုန်းချောကျေးရွာနေ ဆင်ခြေထောက်(ခ)အောင်မျိုးဇော်နှင့် တစ်ရွာတည်းနေ ကြက်သောင်း(ခ)ကောင်းမြတ်ဝင်း၊ အေးကျော်တို့ သုံးဦးအား အုန်းချော-ကျွဲနဖားကျေးရွာချင်းဆက်လမ်းအတိုင်း လိုက်ပါပို့ဆောင်ပေးခဲ့ကြောင်း။

ကျွဲနဖားကျေးရွာ အနီးအရောက်၌ ဆင်ခြေထောက်(ခ)အောင်မျိုးဇော်က ဓားဖြင့် သန်းဇော်၏လည်ပင်းအားလှီးဖြတ်၍ ဆိုင်ကယ်နှင့် ဖုန်းတစ်လုံးတို့အား ယူဆောင်ထွက်ပြေးသွားခဲ့ကြောင်း၊ သန်းဇော်တွင် ဒဏ်ရာများရရှိခဲ့သောကြောင့် အုန်းချောနယ်မြေရဲစခန်းက ပြစ်မှုကျူးလွန်သူများအား ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**




# လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၌ မီးလောင်မှုဖြစ်ပွား၊ နှစ်ဦးသေဆုံး

**ရန်ကုန် ဇွန် ၁၂**

ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် လှိုင်သာယာ (အနောက်ပိုင်း)မြို့နယ်၌ ယနေ့နံနက် ၅ နာရီ ၄၅ မိနစ်က အမှတ်(၉)ရပ်ကွက် မိုးမခလမ်းနေ ဦးကျော်ရွှေနေအိမ်တွင် ဘုရားမီးပူဇော်ရန်အတွက် ဖယောင်းတိုင်ထွန်းရာမှ အောက်ခံအဖြစ်အသုံးပြုသော သစ်သားပြားမီးစွဲလောင်၍ မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါ မီးလောင်ရာနေရာသို့ မြောက်ပိုင်းခရိုင် မီးသတ်ဦးစီးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်မီးသတ်ဦးစီးတို့မှ အနီးကပ်ကြီးကြပ်၍ မီးသတ်ယာဉ် ခုနစ်စီး၊ ရေသယ်ယာဉ် နှစ်စီး၊ အုပ်ချုပ်မှုယာဉ် တစ်စီးတို့ဖြင့် မီးငြိမ်းသတ်ခဲ့ရာ နံနက် ၆ နာရီ ၅ မိနစ်တွင် မီးငြိမ်းသွားခဲ့ပြီး မီးလောင်မှုကြောင့် ဦးကျော်ရွှေ၏ဇနီးနှင့် မြေးဖြစ်သူတို့ သေဆုံးခဲ့ပြီး ဦးကျော်ရွှေမှာ လှိုင်သာယာပြည်သူ့ဆေးရုံတွင် (မစိုးရိမ်ရ) ဆေးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။

**မြသန္တာဝင်း**
**(ပြန်/ဆက်)**

# ရွှေသွေးဂျာနယ်ထွက်ရှိ

**နေပြည်တော် ဇွန် ၁၂**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။




ဇွန် ၁၃ ရက် (စနေနေ့)၌ ထုတ်ဝေမည့် ရွှေသွေးဂျာနယ်တွင် သဘာဝသစ်တော သစ်ပင်များကို ထိန်းသိမ်းဖို့ရာ အလေးထားဆောင်ရွက်သင့်ပုံအကြောင်းနှင့် ငါးများ မျိုးသုဉ်းမသွားစေရန် သတိပြုဆင်ခြင်သင့်ပုံအကြောင်းကို ရေးဖွဲ့ထားသည့် "ဒီရေတောကအပြန်" မျက်နှာဖုံး ကာတွန်း၊ မြန်မာလူမျိုးတို့၏ အရသာရှိသော ဟင်းလျာတစ်မျိုးဖြစ်သည့် မှိုဟင်းအကြောင်းကို ဗဟုသုတဖြစ်ဖွယ်တင်ဆက်ထားသည့် "မှိုအကြောင်း သိကောင်းစရာ" သုတဆောင်းပါး၊ ပုပုတို့ သူငယ်ချင်းတစ်စု၏ ကြက်ခြေနီ ရှေးဦးပြုစုနည်းဖြင့် သတိလစ်နေသော ပေစိ၏ အမေအား ပြုစုကုသပေးခဲ့ပုံအကြောင်းကို တင်ဆက်ထားသည့် "ပုပုပါဝင်သည့် သိပါလေစ" နှစ်မျက်နှာကာတွန်း၊ မိဘစကား နားထောင်သော ဖိုးသက်သည် သူ့မိခင်၏ ဆုံးမသွန်သင်လမ်းပြမှုများအပေါ် လေးစားဂုဏ်ယူမိပုံအကြောင်းကိုရေးဖွဲ့ထားသည့်ဝတ္ထုကဏ္ဍအပါအဝင် ရွှေသွေးစကားဝိုင်းကဏ္ဍ၊ ကျန်းမာရေးအသိပေးချက် ကဏ္ဍ၊ ကဗျာ စုံလင်စွာဖြင့် ဖတ်စရာမှတ်စရာများပါရှိကြောင်း သိရသည်။

**သတင်းစဉ်**

# COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

## (၁၂-၆-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ

၁။ (၁၂-၆-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် -

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ (ပထမအသုတ်) ဓာတ်ခွဲ နမူနာ (၄၇၀)ခု၊
- ဆေးသုတေသနဦးစီးဌာန (DMR)မှ ဓာတ်ခွဲနမူနာ (၁၄၅) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဓာတ်ခွဲနမူနာ (၂၉၈) ခုနှင့်
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) မှ ဓာတ်ခွဲနမူနာ (၂၂၄) ခုနှင့်

စုစုပေါင်း (၁,၁၃၇)ခုအား ယနေ့ ညနေတွင် စစ်ဆေးပြီးစီးခဲ့ရာ -

- COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် မတွေ့ရှိရပါ။

### COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်
### (၁၂-၆-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

| | |
|---|---|
| (၁၂-၆-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ (ပထမအသုတ်) ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၄၇၀) ခု |
| (၁၂-၆-၂၀၂၀) ရက်နေ့တွင် ဆေးသုတေသနဦးစီးဌာနမှ စစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၄၅) ခု |
| (၁၂-၆-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၂၉၈) ခု |
| (၁၂-၆-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၂၂၄) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) | (၀) ဦး |

၂။ (၁၂-၆-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲ အတည်ပြုလူနာ (၂၆၁) ဦးရှိပါသည်။

၃။ ဓာတ်ခွဲအတည်ပြုလူနာဟောင်း (old confirmed case) များ၏ ဓာတ်ခွဲနမူနာစစ်ဆေးမှုတွင် (၂) ကြိမ်ဆက်တိုက် ပိုးမတွေ့ရှိသူ စုစုပေါင်း (၁၆၅) ဦး ရှိပါသည်။ ၎င်းတို့အနက် (၁၅၈) ဦးအား ဆေးရုံမှဆင်းခွင့်ပြုခဲ့ပြီးဖြစ်ကာ သတ်မှတ် နေရာများတွင် အသွားအလာဆက်လက်ကန့်သတ်၍ စောင့်ကြပ်ကြည့်ရှုလျက်ရှိပါသည်။

၄။ ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူ (၆)ဦး ရှိပါသည်။

၅။ (၁၁-၆-၂၀၂၀) ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီမှ (၁၂-၆-၂၀၂၀)ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီအတွင်း တွေ့ရှိရသော စောင့်ကြည့်လူနာအသစ် (၄၆) ဦး ရှိပါသည်။

### COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်
### (၁၂-၆-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

| | အသစ် | ယခုအထိ စုစုပေါင်း |
|---|---|---|
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (confirmed) | (၀) ဦး | (၂၆၁) ဦး |
| ကုသမှုခံယူပြီး ရောဂါပိုးကင်းစင်လာသူ (recovered) | (၀) ဦး | (၁၆၅) ဦး |
| သေဆုံးလူနာ (death) | (၀) ဦး | (၆) ဦး |

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

# COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

## (၁၂-၆-၂၀၂၀) ရက်နေ့၊ နံနက်(၈:၀၀)နာရီ

၁။ (၁၁-၆-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် -

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ ဓာတ်ခွဲနမူနာ (၆၅၃) ခု၊
- ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး၊ ခုတင် (၁၀၀၀) မှ ဓာတ်ခွဲနမူနာ (၁၄၈) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(မော်လမြိုင်)မှ ဓာတ်ခွဲနမူနာ (၉၈) ခု၊ စုစုပေါင်း ဓာတ်ခွဲနမူနာ (၈၉၉) ခုအား ထပ်မံစစ်ဆေးပြီးစီးခဲ့ရာ -

- COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁) ဦး တွေ့ရှိပါသည်။

၂။ သို့ဖြစ်ရာ (၁၁-၆-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် -

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(ရန်ကုန်)(NHL) မှ ဓာတ်ခွဲနမူနာ (၁,၃၀၅) ခု၊
- ဆေးသုတေသနဦးစီးဌာန(DMR) မှ ဓာတ်ခွဲနမူနာ (၁၉၃) ခု၊
- ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး၊ ခုတင် (၁၀၀၀) မှ ဓာတ်ခွဲနမူနာ (၁၄၈) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(မန္တလေး) မှ ဓာတ်ခွဲနမူနာ (၃၅၈) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(မော်လမြိုင်) မှ ဓာတ်ခွဲနမူနာ (၁၉၂) ခု၊

စုစုပေါင်း (၂,၁၉၆) ခုအား စစ်ဆေးခဲ့ခြင်းဖြစ်ပြီး COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် (၁၂) ဦး တွေ့ရှိခဲ့ပါသည်။ (ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၁) ဦးတွေ့ရှိ ကြောင်းကို (၁၁-၆-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ သတင်းတွင် ဖော်ပြပြီးဖြစ်ပါသည်။)

### COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ
### (၁၂-၆-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ

| | |
|---|---|
| (၁၁-၆-၂၀၂၀) ရက်နေ့အတွက် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ ထပ်မံစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာစုစုပေါင်း | (၆၅၃) ခု |
| (၁၁-၆-၂၀၂၀) ရက်နေ့အတွက် ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး၊ ခုတင် (၁၀၀၀) မှ စစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာစုစုပေါင်း | (၁၄၈) ခု |
| (၁၁-၆-၂၀၂၀) ရက်နေ့အတွက် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) မှ ထပ်မံစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာစုစုပေါင်း | (၉၈) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) (positive) | (၁) ဦး |

၃။ (၁၂-၆-၂၀၂၀)ရက်နေ့၊ နံနက်(၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၂၆၁)ဦး ရှိပြီဖြစ်ပါသည်။

### COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်
### (၁၂-၆-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ

| | အသစ် | ယခုအထိ စုစုပေါင်း |
|---|---|---|
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (confirmed) | (၁) ဦး | (၂၆၁) ဦး |
| ကုသမှုခံယူပြီး ရောဂါပိုးကင်းစင်လာသူ (recovered) | (၀) ဦး | (၁၆၅) ဦး |
| သေဆုံးလူနာ (death) | (၀) ဦး | (၆) ဦး |

### (၁၁-၆-၂၀၂၀) ရက်နေ့ ဓာတ်ခွဲစစ်ဆေးမှုများတွင် COVID-19 လူနာတွေ့ရှိမှု
### (၁၂-၆-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ

| လူနာ အမှတ်စဉ် | အသက် | ကျား/ မ | နေရပ်လိပ်စာ | COVID-19 ရောဂါ အတည်ပြုလူနာများနှင့် ထိတွေ့မှု | ပြည်ပသို့ ခရီးသွားရာဇဝင် ရှိ/ မရှိ | ဆေးကုသမှု ခံယူစေမည့် ဆေးရုံ | COVID-19 ဓာတ်ခွဲ အဖြေ | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| 261 | ၆၀ နှစ် | မ | သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | ရှိ (အိန္ဒိယနိုင်ငံ) | တောင်ဥက္ကလာပ အထူးကုဆေးရုံကြီး | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (တောင်ဒဂုံမြို့နယ်) |

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

ကြေးမုံ
ဇွန် ၁၃၊ ၂၀၂၀

# Coronavirus Disease 2019(COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီသို့ အများပြည်သူများမှ အလှူငွေများ ထည့်ဝင်လှူဒါန်းမှုစာရင်း

ကမ္ဘာလုံးဆိုင်ရာ ကပ်ရောဂါ (Pandemic) အဖြစ် ထုတ်ပြန်ထားသော Coronavirus Disease 2019(COVID–19) နှင့် ပတ်သက်၍ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာလုပ်ငန်းများအား နိုင်ငံတော်မှ အမျိုးသားအဆင့်အနေဖြင့် သတ်မှတ်၍ အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းများပိုမိုအောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ကုမ္ပဏီများ၊ အသင်းအဖွဲ့များနှင့် ပြည်သူလူထုတစ်ဦးချင်းအနေဖြင့် (၂၀၂၀)ပြည့်နှစ်၊ ဇွန်လ (၁၂)ရက်နေ့၊ (၁၆:၃၀) နာရီအထိ အောက်ဖော်ပြပါအတိုင်း အလှူငွေများကို စေတနာထက်သန်စွာဖြင့် လှူဒါန်းမှုပြုခဲ့ကြပါသည် –

**COVID–19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအတွက် ဗဟိုကော်မတီသို့ လှူဒါန်းသော အလှူရှင်များစာရင်း (၁၂–၆–၂၀၂၀)ရက်နေ့၊ (၁၆:၃၀)နာရီအချိန်ထိ**

| စဉ် | အလှူရှင်အမည် | ကျပ်(သိန်းပေါင်း) |
|---|---|---|
| ၁။ | မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် (ရုံးချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ် ခရိုင်နှင့် မြို့နယ်ဘဏ်ခွဲများ)မှ ဝန်ထမ်းများ (ဒုတိယအကြိမ် လှူဒါန်း) | ၁၃၇.၇၈ |
| ၂။ | ASA Microfinance (Myanmar) Limited | ၇၀.၀၀ |
| ၃။ | ဆရာမကြီး ဒေါ်ခေမာစာရီ(ဝင်ဒါမီယာ) အားအမှူးထား၍ Upland Co.,Ltd နှင့် R.V Thurgau Exotic မိသားစု | ၅၄.၀၀ |
| ၄။ | VisionFund Myanmar Co.,Ltd | ၅၀.၀၀ |
| ၅။ | MT.Royal Peridot (2020),Norstar Ship Management Pte ltd မှ သင်္ဘောသားများ | ၄၅.၃၃ |
| ၆။ | အဖြူရောင်လက်များအဖွဲ့မှကြီးမှူး၍ စာပေမြတ်နိုးသူများ | ၃၅.၁၈ |
| ၇။ | DSA 10th Intake | ၃၀.၀၀ |
| ၈။ | Oldmen Seventy Group | ၃၀.၀၀ |
| ၉။ | ဦးမောင်မောင်အေး+ဒေါ်ခင်ဝင်းမြင့် ၊ ဒေါ်ညွန့်ညွန့်၊ ဒေါ်နုနု မိသားစု | ၃၀.၀၀ |
| ၁၀။ | လူမှုကွန်ရက်မှ အများပြည်သူကောင်းမှု | ၂၇.၀၀ |
| ၁၁။ | ၁၉၈၄ (အကြီးတန်း) စိုက်ပျိုးရေးတက္ကသိုလ်၊ ကျောင်းသား/သူဟောင်းများ | ၂၅.၃၀ |
| ၁၂။ | ဦးဘဟန်+ဒေါ်ခင်အေး သား/သမီး မြေး၊ မြစ် မိသားစု၊ ရန်ကင်း | ၁၅.၀၀ |
| ၁၃။ | ညောင်လေးပင်မြို့နယ်သူ/သားများ(ရန်ကုန်) | ၁၂.၅၀ |
| ၁၄။ | ဝန်ထမ်းအဖွဲ့အစည်းဒုတိယအကြီးအမှူးစီမံခန့်ခွဲမှုသင်တန်းအမှတ်စဉ် (၃/၂၀၁၉) ဗဟိုဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) | ၁၁.၀၀ |
| ၁၅။ | ဦးကိုကိုကြည်+ဒေါ်သန်းမြတ်ဝင်း၊ ပွင့်သစ်စရတနာမော်တော်ယာဉ်၊ရန်ကုန် | ၁၀.၀၀ |
| ၁၆။ | မြန်မာနိုင်ငံတိရစ္ဆာန်ဆေးကုသဆရာဝန်များအသင်း(ဗဟို)(၂၀၁၉–၂၀၂၁) | ၁၀.၀၀ |
| ၁၇။ | နယ်ဖြစ်ဒုရဲအုပ်လောင်းသင်တန်း(၉/၈၄)လူမှုကူညီစောင့်ရှောက်ရေးအဖွဲ့ | ၁၀.၀၀ |
| ၁၈။ | ဒေါ်တိုး၊ (၆၉)နှစ်ပြည့် မွေးနေ့အလှူ | ၅.၀၀ |
| ၁၉။ | The Golden Lotus Co.,Ltd | ၃.၀၀ |
| ၂၀။ | ဒေါ်တင်အေးချို၊ ကညန၊ နေပြည်တော် | ၁.၀၀ |
| | စုစုပေါင်း | ၆၁၂.၀၉ |

ကျန်ရှိသော လှူဒါန်းငွေများနှင့် ဆေးရုံသုံးပစ္စည်း/ စက်ကိရိယာများ ထည့်ဝင်လှူဒါန်းမှုများကို ဆက်လက်အသိပေး ထုတ်ပြန်သွားမည်ဖြစ်ပါကြောင်း အသိပေးဖော်ပြအပ်ပါသည်။

**Coronavirus Disease 2019(COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ**

# ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံ၊ မိုင်းဖြတ်၊ မိုင်းယု၊ မိုင်းယောင်းဒေသများသို့ စားနပ်ရိက္ခာများ ဆက်လက်ထောက်ပံ့

**ကျိုင်းတုံ ဇွန် ၁၂**

ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ကမ္ဘောဇဘဏ်နာယက ဦးအောင်ကိုဝင်း၊ အကြီးတန်းအုပ်ချုပ်မှုဒါရိုက်တာ ဦးညိုမြင့်နှင့် တာဝန်ရှိသူများ၊ ရှမ်းပြည်နယ် ပြည်သူလူထု စားနပ်ရိက္ခာထောက်ပံ့ရေးကော်မတီဝင်များ၊ ပရဟိတအဖွဲ့ဝင်များသည် ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်၊ မိုင်းယောင်းနှင့် မိုင်းယုဒေသရှိ ရှမ်း၊ လားဟူ၊ အာခါတိုင်းရင်းသားများနေထိုင်ရာဒေသများသို့ သွားရောက်၍ အခြေခံပြည်သူများအား ဆန်၊ ဆီ၊ ဆားနှင့် ကုလားပဲများပါဝင်သည့် စားနပ်ရိက္ခာများ ထောက်ပံ့ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

ယင်းသို့သွားရောက်ထောက်ပံ့လှူဒါန်းရာ၌ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ယနေ့နံနက် ၈ နာရီခွဲတွင် မိုင်းဖြတ်မြို့သို့ရောက်ရှိပြီး ရှမ်း၊ လားဟူ၊ အာခါတိုင်းရင်းသားပြည်သူများအား စားနပ်ရိက္ခာထုပ်များနှင့် ငွေကျပ် ၁၀၀၀၀ စီကို ထောက်ပံ့ပေးအပ်လှူဒါန်းသည်။

ထို့မှတစ်ဆင့် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် မိုင်းယောင်းမြို့ ထပ်လုံဘုရားသို့ ရောက်ရှိဖူးမြော်ကြည်ညိုပြီး ဝမ်ကောင်းကျေးရွာရှိ ရှမ်း၊ လားဟူ၊ အာခါတိုင်းရင်းသားပြည်သူများအား စားနပ်ရိက္ခာထုပ်များနှင့် ငွေကျပ် ၁၀၀၀၀ စီကိုလည်းကောင်း၊ ဝမ်မန်းကျေးရွာရှိ ရှမ်း၊ လားဟူ၊ အာခါတိုင်းရင်းသားပြည်သူများအား စားနပ်ရိက္ခာထုပ်များနှင့် ငွေကျပ် ၁၀၀၀၀ စီကိုလည်းကောင်း




အသီးသီးထောက်ပံ့ပေးအပ်လှူဒါန်းပြီး ဝမ်မန်းကျေးရွာလမ်းများ ပြုပြင်ရန်အတွက် ကမ္ဘောဇဘဏ်နာယက ဦးအောင်ကိုဝင်းက ဘိလပ်မြေအိတ် ၁၀၀၀ ကို ပေးအပ်လှူဒါန်းသည်။

မွန်းလွဲပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် မိုင်းယုမြို့သို့ရောက်ရှိပြီး ရှမ်း၊ လားဟူ၊ အာခါတိုင်းရင်းသားပြည်သူများအား စားနပ်ရိက္ခာထုပ်များနှင့် ငွေကျပ် ၁၀၀၀၀ စီကိုလည်းကောင်း ပေးအပ်လှူဒါန်းသည်။ ဆက်လက်၍ မိုင်းယောင်းမြို့ ဟိုခုံဘုန်းတော်ကြီးကျောင်းသို့ရောက်ရှိပြီး ဆရာတော်အားဖူးမြော်ကြည်ညိုကာ ဟိုခုံဘုန်းတော်ကြီးကျောင်းနှင့် ထပ်လုံစေတီတော်ဘက်စုံ ပြုပြင်တည်ဆောက်ရန်အတွက် အလှူငွေကျပ်သိန်း ၂၀၀ နှင့် ဘိလပ်မြေအိတ် ၂၀၀၀ ကို ပေးအပ်လှူဒါန်းသည်။

အလားတူ ယမန်နေ့ ညပိုင်းတွင် ကျိုင်းတုံမြို့၌ ရှမ်းပြည်နယ် ပြည်သူလူထု စားနပ်ရိက္ခာထောက်ပံ့ရေးကော်မတီနာယက၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် နာယက၊ ကမ္ဘောဇဘဏ်နာယက ဦးအောင်ကိုဝင်းက ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းရုံး ဆောက်လုပ်ရန်အတွက် အလှူငွေကျပ်သိန်း ၁၀၀၀ ကို ပေးအပ်လှူဒါန်းသည်။

ရှမ်းပြည်နယ် ပြည်သူလူထု စားနပ်ရိက္ခာထောက်ပံ့ရေးကော်မတီသည် ကမ္ဘောဇဘဏ်မှ မတည်လှူဒါန်းငွေကျပ်သိန်း ၁၀၀၀၀ နှင့် အများပြည်သူများ၏ လှူဒါန်းငွေများဖြင့် ရှမ်းပြည်နယ်အတွင်း တိုင်းရင်းသားပေါင်းစုံနေထိုင်ရာဒေသများသို့လည်းကောင်း၊ တိုက်ပွဲရှောင်စခန်းများသို့လည်းကောင်း စားနပ်ရိက္ခာများ ဆက်လက်ထောက်ပံ့လှူဒါန်းသွားမည်ဖြစ်ပြီး ကိုဗစ်–၁၉ ရောဂါ ကာကွယ်ကုသရေးအတွက် မြန်မာနိုင်ငံသို့ ပြန်လည်ဝင်ရောက်လာသည့် ပြည်တော်ပြန်များအား စောင့်ကြည့်ရေးစခန်းများ၊ တိုက်နယ်ဆေးရုံများ၊ ကျေးလက်ဆေးပေးခန်းများသို့ ရောဂါကာကွယ်ရေး အထောက်အကူပြုပစ္စည်းများကို နေရာအရောက် ဆက်လက်ထောက်ပံ့ပေးအပ်လှူဒါန်းသွားမည်ဖြစ်ကြောင်း ယင်းကော်မတီမှ သိရသည်။

ကမ္ဘောဇဘဏ်သည် ကိုဗစ်– ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းစဉ်များကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် KBZ MS General Insurance၊ KBZ Life၊ Myanmar Airways International MAI နှင့် Air KBZ တို့နှင့်လက်တွဲ၍ ဖေဖော်ဝါရီ ၂၆ ရက်မှစတင်ကာ ယနေ့အချိန်ထိ ငွေကျပ်သိန်းပေါင်း ၄၄၈၇၈ သိန်း လှူဒါန်းထားပြီးဖြစ်ကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**

**❒ ထိုင်းနိုင်ငံမှ**

မေ ၁၂ ရက်တွင် ၄၁ ဦး၊ မေ ၁၃ ရက်တွင် ၁၆ ဦး၊ မေ ၁၄ ရက်တွင် ၃၈ ဦး၊ မေ ၁၅ ရက်တွင် ၁၂၀၊ မေ ၁၆ ရက်တွင် ၇၆ ဦး၊ မေ ၁၇ ရက်တွင် ၉၀၊ မေ ၁၉ ရက်တွင် ၆၄ ဦး၊ မေ ၂၂ ရက်တွင် ၃၆ ဦး၊ မေ ၂၃ ရက်တွင် ၆၀၄ ဦး၊ မေ ၂၄ ရက်တွင် ၁၁၁၈ဦး၊ မေ ၂၅ ရက်တွင် ၁၂၇၇ ဦး၊ မေ ၂၆ ရက်တွင် ၁၃၉၄ ဦး၊ မေ ၂၇ ရက်တွင် ၁၄၃၄ ဦး၊ မေ ၂၈ ရက်တွင် ၁၁၆၈ ဦး၊ မေ ၂၉ ရက်တွင် ၁၂၀၂ ဦး၊ မေ ၃၀ ရက်တွင် ၁၁၅၂ ဦး၊ မေ ၃၁ ရက်တွင် ၁၅၁၁ ဦး၊ ဇွန် ၁ ရက်တွင် ၁၀၄၃ ဦး၊ ဇွန် ၂ ရက်တွင် ၁၅၁၇ ဦး၊ ဇွန် ၃ ရက်တွင် ၁၅၄၇ ဦး၊ ဇွန် ၄ ရက်တွင် ၁၂၀၄ ဦး၊ ဇွန် ၅ ရက်တွင် ၁၁၉၀၊ ဇွန် ၆ ရက်တွင် ၁၇၈၄ ဦး၊ ဇွန် ၇ ရက်တွင် ၁၆၃၅ ဦး၊ ဇွန် ၈ ရက်တွင် ၉၄၆ ဦး၊ ဇွန် ၉ ရက်တွင် ၁၀၉၄ ဦး၊ ဇွန် ၁၀ ရက်တွင် ၉၉၄ ဦး၊ ဇွန် ၁၁ ရက်တွင် ၆၇၀၊ ယနေ့တွင် ၈၂၃ ဦး ပြန်လည်ဝင်ရောက်ခဲ့ပြီး စုစုပေါင်း ၂၆၁၂၇ ဦးထိ ပြန်လည်ဝင်ရောက်ခဲ့ပြီးဖြစ်သည်။

ယနေ့ ပြန်လည်ဝင်ရောက်သူများအနေဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှ အမျိုးသား ၄၈၆ ဦး၊ အမျိုးသမီး ၃၃၇ ဦး စုစုပေါင်း ၈၂၃ ဦးဖြစ် ကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

# ရေကြည်မြို့နယ်၌ ကိုဗစ်-၁၉ ရောဂါကာလအတွင်း မသန်စွမ်းသူ ၅၀ အား ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်း

**ရေကြည် ဇွန် ၁၂**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ရေကြည်မြို့နယ်၌ ကိုဗစ်–၁၉ ရောဂါကာလအတွင်း မသန်စွမ်းသူ ၅၀ အား ယနေ့နံနက် ၁၀ နာရီက ကျေးရွာအုပ်စုများအရောက် ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်းကြောင်း သိရသည်။

လှူဒါန်းရာတွင် မြန်မာနိုင်ငံ မသန်စွမ်းရှေ့ဆောင်အဖွဲ့ ရေကြည်မြို့နယ်ရုံးခွဲမှ ဥက္ကဋ္ဌ ဦးလှမျိုးအောင် ဦးဆောင်ပြီး ဇရပ်လှအုပ်စု၊ ရုံးတုံးအုပ်စု၊ ဘုရားငူအုပ်စု၊ မရင်းကူးအုပ်စု၊ ဝါးရုံလဟာအုပ်စု၊ နွားရေတိုက်အုပ်စု၊ ပန်းဇံအုပ်စု၊ ကညင်ငူအုပ်စုတို့ရှိ ကိုဗစ်–၁၉ ကပ်ရောဂါကာလအတွင်း ရောဂါကာကွယ်ရေးသုံးပစ္စည်းများနှင့် အာဟာရထောက်ပံ့မှု အစီအစဉ်အား မြို့နယ်တွင် မသန်စွမ်းသူ ၅၀ အတွက် ဆန်၊ ကုလားပဲ၊ ငရုတ်ခြောက်၊ ဆီဘူး၊ လက်ဆေးဆပ်ပြာ၊ အရက်ပြန်၊ ကာပေါ်လစ်ဆပ်ပြာ၊ နှာခေါင်းစည်းများ၊ အမျိုးသမီးသုံးပစ္စည်းများနှင့် မသန်စွမ်းသူ သုံးဦးအတွက် လိုအပ်လျက်ရှိသည့် ချိုင်းထောက်များပါ ထောက်ပံ့ပေးအပ်လှူဒါန်းခဲ့ပြီး ရေကြည်မြို့နယ် ကိုဗစ်–၁၉ ရောဂါ ထိန်းချုပ်ရေးကော်မတီထံသို့ အလှူငွေကျပ် နှစ်သိန်းပေးအပ်ခဲ့ကြောင်း ရေကြည်မြို့နယ်ရုံးခွဲမှ ဥက္ကဋ္ဌ ဦးလှမျိုးအောင်ထံမှ သိရသည်။

**ဆန်တင့်(ရေကြည်)**



# ဇွန် ၁၂ ရက်တွင် ကိုဗစ် -၁၉ ရောဂါပိုးရှိသူ တစ်ဦး ထပ်မံတွေ့ရှိ ရောဂါပိုးရှိသူ စုစုပေါင်း ၂၆၁ ဦး ရှိပြီ

**နေပြည်တော် ဇွန် ၁၂**

ယနေ့တွင် ကိုဗစ် - ၁၉ ရောဂါပိုးရှိသူ တစ်ဦးတွေ့ရှိသဖြင့် ရောဂါပိုးရှိသူ စုစုပေါင်း ၂၆၁ ဦးရှိသွားပြီ ဖြစ်ကြောင်း၊ ယနေ့ရောဂါပိုးတွေ့ရှိသူမှာ အိန္ဒိယနိုင်ငံမှ ပြန်လည်ဝင်ရောက်လာသူဖြစ်ကြောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်များအရ သိရသည်။

ရောဂါပိုးတွေ့ရှိသူ ၂၆၁ ဦး အနက် သေဆုံးသူ ခြောက်ဦး၊ ပိုးမတွေ့ရှိတော့သူ စုစုပေါင်း ၁၆၅ ဦးရှိပြီး ဆေးရုံမှ ဆင်းခွင့်ပြုသူ ၁၅၈ ဦးရှိသွားပြီဖြစ်ကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ထုတ်ပြန်ချက်များတွင် ဖော်ပြထားသည်။

သတင်းစဉ်

## မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် စောင့်ကြပ်ကြည့်ရှုမှု အခြေအနေ

| ဓာတ်ခွဲစစ်ဆေးသူစုစုပေါင်း | ပိုးတွေ့လူနာပေါင်း |
|---|---|
| ၄၅၉၂၆ | ၂၆၁ |

| ရောဂါပိုးကင်းစင်လာသူ | သေဆုံးသူ |
|---|---|
| ၁၆၅ | ၆ |

စောင့်ကြည့်လူနာ စုစုပေါင်း – ၅၄၀၃

ရောဂါကင်းစင်၍ ဆေးရုံမှ ဆင်းခွင့်ရရှိသူ – ၁၅၈ ဦး (အသွားအလာ ဆက်လက်ကန့်သတ်ထားရှိ)

❖ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ ရောဂါပိုး တွေ့ရှိမှုနှင့် သေဆုံးသူ စာရင်းဖော်ပြမှု

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | ပိုးတွေ့ရှိသူ | သေဆုံးသူ |
|---|---|---|---|
| ၁ | ရန်ကုန် | ၂၀၁ | ၅ |
| ၂ | ချင်း | ၁၀ | |
| ၃ | စစ်ကိုင်း | ၉ | |
| ၄ | ပဲခူး | ၈ | ၁ |
| ၅ | ရခိုင် | ၇ | |
| ၆ | ရှမ်း(တောင်) | ၄ | |
| ၇ | မန္တလေး | ၃ | |
| ၈ | ရှမ်း(ရှေ့) | ၃ | |
| ၉ | ရှမ်း(မြောက်) | ၃ | |
| ၁၀ | မကွေး | ၃ | |
| ၁၁ | နေပြည်တော် | ၂ | |
| ၁၂ | ကရင် | ၂ | |
| ၁၃ | ဧရာဝတီ | ၂ | |
| ၁၄ | ကချင် | ၂ | |
| ၁၅ | တနင်္သာရီ | ၁ | |
| ၁၆ | မွန် | ၁ | |
| | စုစုပေါင်း | ၂၆၁ | ၆ |

❖ ယနေ့အချိန်ထိ ကယားပြည်နယ်တွင် ရောဂါပိုးတွေ့ရှိသူ မရှိပါ။

ကိုးကား - ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ၁၂-၆-၂၀၂၀ ရက်၊ ည(၈) နာရီ

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက် / သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|
| အမေရိကန် | ၂၀၉၀၆၀၇ | ၈၁၆၄၆၃ | ၁၁၆၀၆၇ |
| ဘရာဇီး | ၈၀၅၆၄၉ | ၃၉၆၆၉၂ | ၄၁၀၅၈ |
| ရုရှား | ၅၁၁၄၂၃ | ၂၆၉၃၇၀ | ၆၇၁၅ |
| အိန္ဒိယ | ၃၀၀၈၂၁ | ၁၄၉၀၃၅ | ၈၅၃၁ |
| ဗြိတိန် | ၂၉၂၉၅၀ | စိစစ်ဆဲ | ၄၁၄၈၁ |
| စပိန် | ၂၈၉၇၈၇ | စိစစ်ဆဲ | ၂၇၁၃၆ |
| အီတလီ | ၂၃၆၁၄၂ | ၁၇၁၃၃၈ | ၃၄၁၆၇ |
| ပီရူး | ၂၁၄၇၈၈ | ၁၀၂၄၂၉ | ၆၁၀၉ |
| ဂျာမနီ | ၁၈၆၉၂၀ | ၁၇၀၆၀၀ | ၈၈၅၃ |
| အီရန် | ၁၈၂၅၂၅ | ၁၄၄၆၄၉ | ၈၆၅၉ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|
| စင်ကာပူ | ၃၉၈၅၀ | ၂၇၂၈၆ | ၂၅ |
| အင်ဒိုနီးရှား | ၃၆၄၀၆ | ၁၃၂၁၃ | ၂၀၄၈ |
| ဖိလစ်ပိုင် | ၂၄၇၈၇ | ၅၄၅၄ | ၁၀၅၂ |
| မလေးရှား | ၈၄၀၂ | ၇၁၆၈ | ၁၁၉ |
| ထိုင်း | ၃၁၂၉ | ၂၉၈၇ | ၅၈ |
| ဗီယက်နမ် | ၃၃၃ | ၃၂၃ | ၀ |
| မြန်မာ | ၂၆၁ | ၁၆၅ | ၆ |
| ဘရူနိုင်း | ၁၄၁ | ၁၃၈ | ၂ |
| ကမ္ဘောဒီးယား | ၁၂၆ | ၁၂၅ | ၀ |
| လာအို | ၁၉ | ၁၉ | ၀ |

# ရိခေါဒါရ်မြို့၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တားဆီးရေးလုပ်ငန်း အရှိန်အဟုန်မြှင့်ဆောင်ရွက်

**ရိခေါဒါရ် ဇွန် ၁၂**

ချင်းပြည်နယ်(မြောက်ပိုင်း) မြန်မာ-အိန္ဒိယနှစ်နိုင်ငံ ဝင်၊ ထွက်ပေါက်ရှိသည့် ရိခေါဒါရ်မြို့၌ မြို့အဆင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တားဆီးရေးကော်မတီ၏ ဦးဆောင်မှုဖြင့် ဒေသအတွင်း ရောဂါကာကွယ်၊ ထိန်းချုပ်၊ တားဆီးရေးလုပ်ငန်းများကို ဌာနဆိုင်ရာများ၊ ရပ်ကွက်လူငယ်အဖွဲ့အစည်း စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်းပြီး အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



**အသိပညာပေး**

ရိခေါဒါရ်မြို့အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တားဆီးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မြို့အဆင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တားဆီးရေးကော်မတီ၏ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရိခေါဒါရ်နယ်မြေစခန်းမှ တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးအဖွဲ့များ၊ ရပ်ကွက်လူငယ်အဖွဲ့အစည်း စေတနာ့ဝန်ထမ်းများပူးပေါင်းပြီး အိန္ဒိယနိုင်ငံမှ တရားမဝင်နည်းလမ်းဖြင့် မြန်မာနိုင်ငံသို့ ဝင်ရောက်လာသူ မရှိစေရေးအတွက် နှစ်နိုင်ငံနယ်စပ်ချောင်းတစ်လျှောက် ၌ လုံခြုံရေးစောင့်ကြည့်ခြင်း၊ မြို့အဝင်၊ အထွက်နေရာများ၌ အခြားနေရာဒေသများမှ လူဝင်၊ ထွက်သွားလာမှုအား ကျန်းမာရေးစစ်ဆေးခြင်းနှင့် အချက်အလက်များ မှတ်တမ်းပြုစုခြင်း၊ ရပ်ကွက်အတွင်း၊ အပြင် သွားလာလှုပ်ရှားသူများအား နှာခေါင်းစည်းဝတ်ဆင်ခြင်း ရှိ၊ မရှိ စစ်ဆေးခြင်းနှင့် အသိပညာပေးခြင်း၊ ညမထွက်ရအမိန့်အား ပြည်သူများ လိုက်နာမှု ရှိ၊ မရှိ စစ်ဆေးခြင်း၊ ကန့်သတ်စောင့်ကြည့်ခံ ပြည်သူများ၏ နေထိုင်စားသောက်ရေးနှင့် ကျန်းမာရေး အခြေအနေစစ်ဆေးခြင်း၊ ရပ်ကွက်အတွင်း စားနပ်ရိက္ခာပြတ်လပ်မှုမရှိစေရေးနှင့် ကုန်ဈေးနှုန်း မြင့်တက်မှုမရှိစေရေး စီစဉ်ကြပ်မတ်ဆောင်ရွက်ခြင်း၊ ကျန်းမာရေးဆိုင်ရာ အသိပညာပေးထုတ်ပြန်ချက်များအား ရပ်ကွက်အတွင်း လှည့်လည်အသိပညာပေးခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်း စသည့်ရောဂါကြိုတင်ကာကွယ်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဆက်လက်ပို့ဆောင်**

ရိခေါဒါရ်မြို့၌ အိန္ဒိယနိုင်ငံမှ ပြန်လည်ဝင်ရောက်လာမည့် မြန်မာနိုင်ငံသား ၁၅ ဦးတို့အား တိုက်နယ်ဆေးရုံနှင့် တောင်တန်းသာသနာပြု ဘုန်းတော်ကြီးကျောင်းတို့၌ အသွားအလာကန့်သတ်စောင့်ကြည့်ထားဆဲဖြစ်ကြောင်း၊ ရိခေါဒါရ်မြို့ရှိ မြန်မာ-အိန္ဒိယ နှစ်နိုင်ငံနယ်စပ်ကိုဖြတ်ကျော်၍ အိန္ဒိယနိုင်ငံမှ ဝင်ရောက်လာသူ မြန်မာနိုင်ငံသား ၄၉ ဦးတို့အား တီးတိန်မြို့နှင့် ဖလမ်းမြို့များသို့ အသွားအလာကန့်သတ်စောင့်ကြည့်ထားရှိရန် ဆက်လက်ပို့ဆောင်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ကြေးမုံ
ဇွန် ၁၃၊ ၂၀၂၀

# တပ်မတော်သားများနှင့် မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် ပိုးသတ်ဆေးဖျန်းခြင်းများ ဆောင်ရွက်

**နေပြည်တော် ဇွန် ၁၂**
သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်အသီးသီးမှ တပ်မတော်သားများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာန၊ အဖွဲ့အစည်းများ ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် ဇွန် ၇ ရက်က ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်များမှ မြို့နယ် ၄၃ မြို့နယ်ရှိ နေရာ ၇၂ နေရာတို့တွင် မီးသတ်ယာဉ်များ၊ မီးသတ်ပစ္စည်းကိရိယာများဖြင့် ဆောင်ရွက်ခဲ့ရာ ပိုးသတ်ဆေးရည် ၅၄ ဂါလန်နှင့် ပိုးသတ်ဆေးမှုန့် ၁၃ ကီလိုဂရမ်သုံးစွဲခဲ့ပြီး ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး ပိုးသတ်ဆေးဖျန်းစဉ်။



မန္တလေးတိုင်းဒေသကြီး မစိုးရိမ်တိုက်သစ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး ပိုးသတ်ဆေးဖျန်းစဉ်။



ကယားပြည်နယ် ဒီးမော့ဆိုမြို့နယ်ရှိ အခြေခံပညာအထက်တန်းကျောင်း၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး ပိုးသတ်ဆေးဖျန်းစဉ်။



မွန်ပြည်နယ် မုဒုံမြို့နယ်ရှိ ကန့်သတ်စောင့်ကြည့်စခန်း ဖွင့်လှစ်ထားသည့် အထက(၃)၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး ပိုးသတ်ဆေးဖျန်းစဉ်။



ရခိုင်ပြည်နယ် မောင်တောမြို့ သား၊ ငါး ဟင်းသီးဟင်းရွက်ဈေး၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး ပိုးသတ်ဆေးဖျန်းစဉ်။

**○ ဖိလစ်ပိုင်နိုင်ငံမှ**
၆ နာရီ ၂၅ မိနစ်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိကြသည်။

၎င်းတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေးစိစစ်ရေးနှင့် ၂၁ ရက်တာ အသွားအလာကန့်သတ်နေထိုင်ရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့မှ သက်ဆိုင်ရာအခန်းကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ပေးခဲ့သည်။

နိုင်ငံတကာကုန်သွယ်သင်္ဘောများ၊ အပျော်စီးသင်္ဘောများပေါ်တွင် တာဝန်ထမ်းဆောင်လျက်ရှိကြသည့် မြန်မာသင်္ဘောသားများသည် ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ရေးအစီအမံများကြောင့် တာဝန်မှရပ်စဲခံရခြင်း၊ ဆိပ်ကမ်းကပ်ရာနိုင်ငံများ၌ သွားလာကန့်သတ်မှုများနှင့် ကြုံတွေ့ရခြင်း၊ ပြည်ဝင်ခွင့်မရခြင်း၊ နိုင်ငံတကာခရီးသည်တင်လေယာဉ်များ ပျံသန်းပြေးဆွဲမှု ယာယီရပ်ဆိုင်းခြင်းနှင့်အတူ ရောက်ရှိရာနေရာဒေသများတွင် အခက်အခဲကြုံတွေ့နေရခြင်း၊ လူစားလဲလှယ်(Crew change)ပြုလုပ်ရန် အခက်အခဲများရှိခြင်းတို့ကြောင့် သက်ဆိုင်ရာသင်္ဘောကုမ္ပဏီများ၏ အစီအစဉ်ဖြင့်လည်းကောင်း၊ မြန်မာသံရုံးများ၏ အစီအစဉ်ဖြင့်လည်းကောင်း နိုင်ငံခြားရေးဝန်ကြီးဌာနသို့ တင်ပြလျက် မြန်မာနိုင်ငံသို့ ကယ်ဆယ်ရေးလေယာဉ်များ၊ အထူးလေယာဉ်များဖြင့် ပြန်လည်ခေါ်ဆောင်ပေးလျက်ရှိရာ ယနေ့အထိ မြန်မာသင်္ဘောသား စုစုပေါင်း ၅၅၀ ခန့် ပြန်လည်ရောက်ရှိခဲ့ပြီးဖြစ်သည်။ ထို့ပြင် ဗြိတိန်နိုင်ငံရှိ ဆိပ်ကမ်းများတွင် ပိတ်မိနေသည့် မြန်မာသင်္ဘောသားဦးရေ ၄၀၀ ကျော်ကိုလည်း ဇွန်လတတိယပတ်အတွင်း မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

**သတင်းစဉ်**

## တရုတ်နိုင်ငံမှ မြန်မာအလုပ်သမား ၈၉ ဦး ကျိုင်းတုံမြို့သို့ ထပ်မံရောက်ရှိ

**ကျိုင်းတုံ ဇွန် ၁၂**
တရုတ်နိုင်ငံ၌ အလုပ်လုပ်ကိုင်ပြီး ပြန်လာသည့် မြန်မာအလုပ်သမား ၈၉ ဦးသည် အထူးဒေသ-၄(မိုင်းလား)မှတစ်ဆင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ လေ့ကျင့်ရေးအားကစားရုံသို့ ယနေ့ညနေ ၄ နာရီခွဲတွင် ထပ်မံရောက်ရှိခဲ့ရာ တာဝန်ရှိသူများက မူလနေရပ်သို့ အဆင်ပြေချောမွေ့စွာ ပို့ဆောင်နိုင်ရေး စီစဉ်ဆောင်ရွက်ပေးကာ တောင်ကြီးမြို့သို့ ဆက်လက်ပို့ဆောင်ခဲ့ကြောင်း သိရသည်။

အဆိုပါနေရပ်ပြန် မြန်မာလုပ်သားများသည် အထူးဒေသ-၄(မိုင်းလား) ဒေသတွင် အသွားအလာစောင့်ကြည့်မှု ၂၁ ရက် ထားရှိပြီး ပြန်လည်ဝင်ရောက်လာရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးဆန်းထွန်း၊ ဌာနဆိုင်ရာများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ကျိုင်းတုံလူငယ်ပရဟိတ လူမှုရေးအသင်းအဖွဲ့များ၊ အလှူရှင်များနှင့် ကျန်းမာရေးဝန်ထမ်းများက လိုအပ်သော ကျန်းမာရေးစစ်ဆေးပေးပြီး ထမင်းထုပ်၊ ရေသန့်ဘူး၊ မျက်နှာသုတ်ပဝါ၊ ဆပ်ပြာ၊ သွားတိုက်ဆေး၊ သွားတိုက်တံ၊ လက်အိတ်၊ နှာခေါင်းစည်းများ ဝေငှပေးခဲ့ကြောင်း သိရသည်။




ပြန်လည်ဝင်ရောက်လာသူများအနက် ကျိုင်းတုံမြို့နယ်မှ ၄၈ ဦး၊ မိုင်းဆတ်မြို့နယ်မှ တစ်ဦးတို့အား နေအိမ်အသွားအလာ ကန့်သတ်စောင့်ကြည့်မှု ဆက်လက်ထားရှိရန် တာဝန်ရှိသူများက စီစဉ်ဆောင်ရွက်ပေးပြီး ကျန် ၄၀ ဦးကို ၎င်းတို့နေရပ်ဒေသအသီးသီးသို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ပို့ဆောင်နိုင်ရေး စီစဉ်ဆောင်ရွက်ပေးကာ တောင်ကြီးမြို့သို့ မော်တော်ယာဉ်များဖြင့် ဆက်လက်ပို့ဆောင်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ရွှေ့နေနှင့် ဘဝနေနည်း

ဦးဟန်ညွန့် (ဥပဒေ)




**နိဒါန်း**

"ဆရာ"

"ဗျာ"

"ဒီတစ်ပတ်ဆောင်းပါးခေါင်းစဉ်ကဘာလဲဆရာ"

"ရွှေ့နေနှင့် ဘဝနေနည်းပါတဲ့"

"ဘာအဓိပ္ပာယ်လဲဆရာ"

"စာရေးဆရာကြီး မြသန်းတင့် မြန်မာပြန်တဲ့ ဘဝနေနည်း အနုပညာအကြောင်း ရေးသားတင်ပြခြင်း ဖြစ်ပါတယ်"

"မြန်မာပြန်ဆိုတော့ မူရင်းစာအုပ်က ဘာလဲဆရာ"

"မူရင်းစာအုပ်ကတော့ ပြင်သစ်စာရေးဆရာကြီး အန်ဒရေမော်ရွိုင်း၏ကျော်ကြားသော The Art of Living" စာအုပ်ကို ဘာသာပြန်ထားခြင်းဖြစ်ပါတယ်"

" စိတ်ဝင်စားစရာပဲဆရာ"

" ကိုင်း --------- ဒါဖြင့် ဖတ်ကြည့်ကြစို့"

**မာတိကာ**

စာရေးဆရာကြီး မြသန်းတင့်မြန်မာပြန်သော ဘဝနေနည်းအနုပညာစာအုပ်ကို တိုးမြစ်စာအုပ်တိုက်မှ ၂၀၁၈ ခုနှစ်တွင် ဒုတိယအကြိမ် ပုံနှိပ်ထုတ်ဝေခဲ့သည်။ ထိုစာအုပ်တွင် အောက်ပါ ဆောင်းပါး(၉)ပုဒ်ပါရှိသည်–

(၁) ချစ်ခြင်းအနုပညာ
(၂) လက်ထပ်ထိမ်းမြားမှုအနုပညာ
(၃) မိသားစုဘဝအနုပညာ
(၄) မိတ်ဆွေဖွဲ့ခြင်းအနုပညာ
(၅) တွေးခေါ်မှုအနုပညာ
(၆) အလုပ်လုပ်ခြင်းအနုပညာ
(၇) ခေါင်းဆောင်မှုအနုပညာ
(၈) အိုခြင်းအနုပညာနှင့်
(၉) ပျော်ရွှင်ခြင်းအနုပညာတို့ ဖြစ်ပါသည်။

**(၁) ချစ်ခြင်းအနုပညာ**

ချစ်ခြင်းအနုပညာဆိုသည်မှာ ဘာလဲ။ ချစ်တာဟာ အနုပညာလား။ ဒါမှမဟုတ် အလိုအလျောက်ပေါ်လာတဲ့ ပကတိစိတ်တစ်မျိုးလား။ ဤအဖြေကို အောက်ပါအတိုင်း ရေးသားဖော်ပြထားပါသည်–

**အနုပညာဆိုတာဘာလဲ**

အနုပညာသည် သဘာဝလောကကြီးကို ထပ်မံပေါင်းဖြည့်ထားသည့် လူဖြစ်သည်လို့ စာရေးဆရာ ဘေကွန်က ပြောခဲ့တယ်။ ရိုးရိုးဥဒါဟရုဏ်ကလေးတွေကို ကြည့်လိုက်ရင် ဘေကွန်ရဲ့အဆိုဟာ သင့်မြတ်တဲ့ အဆိုဖြစ်ကြောင်းကို တွေ့နိုင်တယ်။ သဘာဝကြီးဟာ ပန်းချီဆရာတစ်ယောက်အတွက် ပန်းချီကားရေးဖို့ကုန်ကြမ်းတွေကို ဖန်တီးပေးတယ်။ သစ်ပင်တွေ၊ ပန်းပွင့်တွေ၊ ပင်လယ်ကြီး၊ သက်ရှိသတ္တဝါတွေ၊ အလင်းရောင်စတဲ့ ကုန်ကြမ်းတွေကို ပေးတယ်။ ပန်းချီဆရာက သူ့စိတ်ကူးက တောင်းဆိုနေတဲ့ အတိုင်း အဲဒီကုန်ကြမ်းတွေကို ပုံတူဆွဲတယ်။ ဖွဲ့စည်းတယ်။ အနုပညာအဖြစ်ဖန်တီးတယ်။ သဘာဝကြီးဟာ ဝတ္ထုတစ်ပုဒ်အတွက် အခြေခံပစ္စည်းတွေကို ဖန်တီးပေးတယ်။ ငိုသံတွေ၊ ရမ္မက်တွေ၊ အဖြေရှာမရတဲ့ လူသတ်မှုတွေ၊ စာရေးဆရာဟာ ရှုပ်ထွေးနေတဲ့ ကုန်ကြမ်းပစ္စည်းတွေကို သိမ်းကျုံးယူလိုက်ပြီး လိုရာရွေးယူတယ်။ ပွဲကြည့်ပရိသတ်တွေ နားလည်နိုင်တဲ့ သူတို့ကို စိတ်လှုပ်ရှားစေတဲ့ အလွမ်းဇာတ်တစ်ပုဒ်ကို ဖန်တီးလိုက်ပါတယ်။(စာ–၁)

**(၂) လက်ထပ်ထိမ်းမြားမှုအနုပညာ**

**(က) လက်ထပ်ထိမ်းမြားမှုအနုပညာဆိုတာဘာလဲ။**

သင်ဟာ သင်ချစ်တဲ့ အမျိုးသမီးတစ်ယောက်ကို သေတစ်ပန်သက်ဆုံး ပေါင်းဖက်မယ်လို့ တရားဥပဒေနှင့်အညီ သဘောတူလက်မှတ်ရေးမထိုးခဲ့လျှင် သင်တို့နှစ်ဦး ပေါင်းဖက်ရာက မွေးလာတဲ့သားသမီးများကို ကျွေးမွေးစောင့်ရှောက်ပါ့မယ်လို့ တရားဝင်လက်မှတ်မထိုးခဲ့လျှင် သင်ဟာ သင့်ရဲ့ ပကတိစိတ်ရဲ့အလိုကို မလိုက်နိုင်ဘူး။ အိမ်ထောင်မှုဆိုတဲ့ ကြိုးချည်နှောင်မှုဟာ တော်တော်ဖြတ်တောက်ဖို့ ခက်တဲ့ကိစ္စတစ်ရပ်ဖြစ်တယ်။ (စာ–၃၃)

**(ခ) လက်ထပ်ထိမ်းမြားမှုနှောင်ကြိုး**

လက်ထပ်ထိမ်းမြားမှုနှောင်ကြိုးဟာ တင်းကျပ်သည်ဖြစ်စေ၊ လျော့ရဲသည်ဖြစ်စေ၊ လင်ရယ်မယားရယ်ဆိုပြီး အိမ်ထောင်ပြုကြတော့မယ်ဆိုရင်တော့ မင်္ဂလာအခမ်းအနားတွေ လက်ထပ်ထိမ်းမြားမှုဆိုင်ရာပဋိညာဉ်တွေဟာဘယ်မှာပဲဖြစ်ဖြစ် လုပ်ရပေလိမ့်မယ်။ လုပ်သင့်တယ်လို့လည်းယူဆတယ်။ ဘာကြောင့်လုပ်သင့်တယ်ဆိုတာကို ကြိုးစားပြီးရှင်းလင်းပါမယ်။ (စာ–၃၄)

လက်ထပ်တာဟာ ဘာနဲ့တူသလဲဆိုရင် မုန်တိုင်းထန်တဲ့ ပင်လယ်ပြင်မှာ လှေရွက်ကြီးကို နှစ်ဆလောက်ကားလာအောင်ဖြန့်လိုက်တာနဲ့တူတယ်။ အဲဒီလိုဖြန့်လိုက်တာနဲ့ လူ့လောကမုန်တိုင်းတွေထဲမှာ ဒီရွက်ဟာ ကျစ်ကျစ်လျစ်လျစ် လိပ်ထားတာထက်ပိုပြီး အန္တရာယ်များလာတော့တာပဲလို့ သူတို့ကပြောလေ့ရှိကြတယ်။ (စာ–၃၇)

ဒီလိုနဲ့ လင်ကိစ္စ၊ မယားကိစ္စ၊ သားသမီးကိစ္စတွေထဲမှာ နှစ်မြုပ်သွားပြီး ငြီးငွေ့စရာကောင်းတဲ့ ဘဝကြီးထဲမှာ နစ်မွန်းသွားရတော့တယ်။ မျှော်လင့်ချက်တွေ ကုန်ဆုံးသွားရတော့တယ်။ အောင်မြင်မှုတွေကုန်ဆုံးသွားရတော့တယ်။ အောင်မြင်မှုတွေ့ဖို့ အလားအလာတွေ ပိတ်သွားရတော့တယ်။ အံ့သြစရာတွေ ပျောက်ပျက်ကုန်ဆုံးသွားရတော့တယ်။ နည်းနည်းကြာလာတော့ အချစ်ဟာလည်း ပျောက်ဆုံးသွားပြီး အိမ်မှုကိစ္စအတွက် လုံးပန်းရ၊ သားသမီးပညာရေးအတွက် စိုးရိမ်ရ ဖြစ်လာတယ်။ ဒီလိုနဲ့ လူငယ်ရဲ့ဘဝ၊ လူငယ်ရဲ့ပျော်ရွှင်စရာတွေကို မခံစားလိုက်ရဘဲ မသိမသာနဲ့ အိုမင်းရင့်ရော်သွားခဲ့ရတယ်။ လက်ထပ်ရင်ပျော်စရာကောင်းမှာပဲဆိုတဲ့ စိတ်ကူးယဉ်အချစ်ကြောင့် လက်ထပ်ခဲ့ပေမယ့် လက်ထပ်လိုက်တာနဲ့ လက်ထပ်ချင်အောင် လှုံ့ဆော်ပေးခဲ့တဲ့ စိတ်ကူးယဉ်အချစ်ဟာလည်း ပြိုလဲပျက်စီးသွားတော့တယ်။ (စာ–၃၈)

**(ဂ) သူစိမ်းပြင်ပြင်**

တစ်ခါတလေကျတော့ လင်နဲ့မယားဖြစ်ပါလျက်သားနဲ့ သူစိမ်းပြင်ပြင်လိုနေကြတာဟာ တော်တော်ဆိုးဆိုးရွားရွားအထိ ဖြစ်လာတတ်တယ်။ တစ်ယောက်နဲ့တစ်ယောက် အပြန်အလှန် နားလည်မှုမရှိရုံတင်မကဘဲ တစ်ယောက်ကိုတစ်ယောက် ရွံ့မုန်းလာကြတယ်။ တစ်ယောက်ကိုတစ်ယောက် တိတ်ဆိတ်စွာ မုန်းတီးနေကြတာ လင်မယားနှစ်ယောက် မယုံသင်္ကာမျက်လုံးတွေနဲ့ အပြန်အလှန်စောင့်ကြည့်နေကြတာကို မြင်ဖူးကြမယ်ထင်တယ်။ တစ်ယောက်နဲ့တစ်ယောက် ရင်ထဲကမုန်းတီးနေကြပေမယ့် ဖွင့်လည်းမပြောကြဘူး။ ပြောစရာ တူညီတဲ့ဘာသာစကားလည်းရှာလို့မတွေ့ကြဘူး။ မျက်လုံးတွေကလည်းကြောင်လို့၊ မိန်းမက တရှုံ့ရှုံ့ငိုလို့၊ ယောကျ်ားက အမှောင်ထဲကနေပြီး မိန်းမရဲ့ငိုသံကို နားထောင်နေတယ်။ မချော့ဘူး။ သူလည်းမျက်ရည်တွေကျလို့။(စာ–၆၀)

**(၃) မိသားစုဘဝအနုပညာ**

မိသားစုအနုပညာ၏အဓိပ္ပာယ်ဆိုတာဘာလဲ။

သမီးဟာ အိမ်ထောင်ကျသည့်တိုင် သူ့အမေကို တစ်နေ့မတွေ့ရရင် မနေနိုင်တာမျိုးလည်း ရှိတတ်တယ်။ ဒါပေမယ့် တချို့ကျတော့လည်း သမီးနှင့်အမေကြားမှာ အပြိုင်အဆိုင်သဘောမျိုး မနာလိုဝန်တိုတာမျိုးတွေပေါ်လာတတ်တာမျိုးလည်းရှိတယ်။ အမေက ငယ်လည်း ငယ်သေးတယ်။ ရုပ်ကလည်း ချောသေးတယ်။ မနာလိုဝန်တိုတဲ့စိတ်မျိုးလည်းရှိတယ်။ ဒီလိုမဟုတ်ရင်လည်းသမီးက သူ့အရည်အချင်းကို သိပ်မယုံဖြစ်ပြီး အမေကို မနာလိုတတ်တာမျိုးလည်း ရှိတယ်။ သည်လိုအခါမျိုးမှာတော့ ကိုယ့်ခံစားချက်ကို မျိုသိမ့်ထားဖို့ကိစ္စဟာ အမေ့ရဲ့တာဝန်ဖြစ်လာတယ်။ (စာ–၈၃)

**(၄) မိတ်ဆွေဖွဲ့ခြင်းအနုပညာ**

မိန်းမနှင့်ယောကျ်ား တော်တော်များများမှာ ဖြစ်လေ့ရှိတာက မိန်းမက ယောကျ်ားကို အထင်ကြီးလေးစားတယ်။ သူရဲ့စိတ်ဓာတ်ဆိုင်ရာ ရှေ့ဆောင်လမ်းပြလို့ ထင်တတ်တယ်။ တစ်ခါတလေမှာလည်း လူလွန်ယောကျ်ားလို့ ယုံကြည်ကိုးစားပြီး လျှို့ဝှက်ချက်ကို ဖွင့်ဆိုတိုင်ပင်အပ်သူလို့ မြင်တတ်တယ်။ ဘာသာတရား မယုံကြည်သူတွေ ဒါမှမဟုတ် အခြားယုံကြည်ချက်မရှိသူတွေဟာ သူတို့လုပ်ငန်းကို သူတို့အထင်ကြီးတတ်တဲ့ အတိုင်ပင်ခံသမားတော်ကြီးများကို ဖွင့်ဟပြောခြင်းအားဖြင့် လွတ်မြောက်မှုကိုရှာကြတယ်။(စာ–၁၁၂)

**(၅) တွေးခေါ်မှုအနုပညာ**

မိမိ၏လုပ်ရပ်များကြောင့် အစစ်အမှန်လောကကြီးထဲမှာ ပေါ်ထွက်လာတဲ့ ရလဒ်များ အကျိုးသက်ရောက်မှုများကို သင်္ကေတများ၊ အာရုံရုပ်ပုံများဖြင့် ပေါင်းပြီး ခန့်မှန်းရန်၊ ကြည့်မြင်ရန် ကြိုးစားသောလူရဲ့ အားထုတ်မှု။ ဒါဟာ တွေးခေါ်စဉ်းစားခြင်း ဖြစ်စဉ်ပဲ။ (စာ–၁၁၉)

**(၆) အလုပ်လုပ်ခြင်းအနုပညာ**

လူရဲ့အလုပ်ဟာ များလည်းများတယ်။ ထွေပြားလည်း ထွေပြားတယ်။ ဒါပေမယ့် အလုပ်သမားအားလုံးနဲ့ သက်ဆိုင်တဲ့ လိုက်နာအပ်တဲ့ဆောင်ပုဒ်အချို့တော့ရှိတယ်။ လူတစ်ယောက်ဟာ များပြားလှတဲ့ အလုပ်အကိုင်တွေကြားထဲက ဖြစ်နိုင်တဲ့အလုပ်တစ်ခုကိုတော့ ရွေးရမှာပဲ။ လူရဲ့စွမ်းအားနဲ့ အသိဉာဏ်ဟာ အကန့်အသတ်ရှိတယ်။ အရာအားလုံးကို လုပ်ချင်နေတဲ့ လူတစ်ယောက်ဟာ ဘာကိုမှလုပ်ဖြစ်မှာမဟုတ်ဘူး။ အရည်အချင်းရယ်လို့ ဘာမှဆုပ်ဆုပ်ကိုင်ကိုင်မရှိတဲ့သူတွေ ပြောလေ့ရှိသလိုပေါ့။ ကျုပ်သာ " ဂီတပညာရှင်ကြီးတစ်ယောက်လုပ်ရင် ကျုပ်လည်း ဖြစ်နိုင်ပါတယ်" ဆိုတာတို့။ " စီးပွားရေးလုပ်ငန်းဆိုတာ လွယ်လွယ်လေးပါ"ဆိုတာတို့ မကြာခဏကြားဖူးကြမှာပဲ။ (စာ–၁၄၈)

**(၇) ခေါင်းဆောင်မှုအနုပညာ**

လူတွေဟာ ဘုံအလုပ်တစ်ခုကိုစုပေါင်းလုပ်ကြတယ်။ ဒီလိုလုပ်တဲ့အခါမှာ သူတို့အထဲကတစ်ယောက်က သူတို့အလုပ်တွေ အမြဲတစေ ညွှန်ကြားကြီးကြပ်နေမှသာ အကျိုးရှိစွာ လုပ်နိုင်ကြလိမ့်မယ်။ ဦးစီးခေါင်းဆောင်မှုမရှိတဲ့ စုပေါင်းအလုပ်တိုင်းဟာ ဖရိုဖရဲ ကသောင်းကနင်းချက်ချင်းဖြစ်သွားမှာပဲ။ ခေါင်းဆောင်ဟာ တတ်ကျွမ်းသူပညာရှင်များက လေးစားအောင် လုပ်နိုင်ရမယ်။ ခေါင်းဆောင်တစ်ယောက်ဟာ ကြီးမြတ်တဲ့ ပုဂ္ဂိုလ်ကျော်တစ်ယောက်ဖြစ်တယ်။ ခေါင်းဆောင်ဟာ ဘက်မလိုက်ရဘူး။ ကိုယ်ကျိုးမရှိရဘူး။ ခေါင်းဆောင်တစ်ယောက်မှာ တစ်ချောင်းတည်းသော စိတ်သာရှိရမယ်။ အဲဒါဟာ သူ့အလုပ်နဲ့ သူ့အသက်မွေးမှုလုပ်ငန်းပဲ။ (စာ–၁၈၀)

**(၈) အိုခြင်းအနုပညာ**

(ဇရာ) အိုမင်းခြင်းဟာ ဘယ်တုန်းကစသလဲ။ ကျွန်တော်တို့ဟာ ဇရာက ထွက်ပြေးလို့ရတယ်လို့၊ အချိန်တော်တော်ကြာက ထင်ခဲ့ကြတယ်။ စိတ်က ဖျတ်လတ်နုပျိုတုန်းရှိသေးတယ်။ နုပျိုခြင်းကနေပြီး အိုမင်းခြင်းကို ကူးပြောင်းတာဟာ သိပ်နှေးကွေးတဲ့အတွက် ပြောင်းတဲ့ကာယကံရှင်မှာ သိပ်မသိသာဘူး။ နှေးရာသီပြီးတော့ ဆောင်းဦးပေါက်ရောက်တယ်။ အဖြစ်အပျက်တော်တော်များများဟာ နုလုံးသာဟာလည်း အိုမင်းလိုက်ပါလာပါတယ်။ သေခြင်းသည်ပင် အိပ်ခြင်းပေတည်း။ ထို့ထက် ဘာမျှ ရှာမရတည့်။ "သေခြင်း၏အိပ်ခြင်းထဲ၌ မည်သည့်အိပ်မက်တို့ မက်မည်နည်း" လို့ ကြောက်စရာမေးခွန်းကို ဟင်းမလက်က မေးခဲ့ပါသည်။ ဒီအမေးကို ခုထိ အဖြေမရှိသေးပါဘူး။ (စာ–၂၀၀)

**(၉) ပျော်ရွှင်ခြင်းအနုပညာ**

ပျော်ရွှင်မှုဆိုတာ အပြောင်းအလဲဘာမှမရှိဘဲ ဒီအတိုင်းဆက်လက်နေလိုတဲ့ဆန္ဒမျိုးကိုဖြစ်စေတဲ့ အခြေအနေတစ်ရပ်လို့ ဖွန်တီနယ်လီက သူ့စာအုပ်တစ်အုပ်မှာ ရေးခဲ့ဖူးပါတယ်။ လူတစ်ယောက်ကို ပျော်ရွှင်မှုဖြစ်စေတဲ့ အရာဟာ အဖြစ်အပျက်တွေ၊ အရာဝတ္ထုတွေ မဟုတ်ဘူး။ အဲဒီအရာဝတ္ထုတွေ၊ အဖြစ်အပျက်တွေကို နဂိုပကတိ အရည်အသွေးတွေနဲ့ဖြည့်ပေးလိုက်တဲ့ စိတ်အခြေအနေတစ်ရပ်သာဖြစ်တယ်။ လောကမှာ စိတ်အထင်နဲ့ နာမကျန်းဖြစ်မှုရှိသလို စိတ်အထင်နဲ့ဆင်းရဲမွဲတေနေသူတွေလည်းရှိတယ်။ ထို့ပြင် ပျော်ရွှင်မှုကို အတားအဆီးဖြစ်စေတဲ့အကြောင်းများဖြစ်တဲ့ နာမကျန်းဖြစ်ခြင်းနဲ့ ဆင်းရဲခြင်းတို့အပြင် နောက်အကြောင်းတစ်ကြောင်းရှိသေးတယ်။ အဲဒါကတော့ ရှုံးနိမ့်ခြင်းပဲ။ ကိုယ့်ရည်မှန်းချက်မအောင်မြင်ဘဲ ရှုံးနိမ့်သွားတာ။ အချစ်ရေးမှာ ရှုံးနိမ့်သွားတာ။ (စာ–၂၂၈)

**ဆောင်းပါးရှင်၏ အစီရင်ခံချက်**

ဆရာကြီး မြသန်းတင့် (၁၉၂၉–၁၉၉၈) ဘာသာပြန်ဆိုခဲ့သော "ဘဝနေနည်း" အနုပညာစာအုပ်ရှိ အနုပညာအကြောင်းဖော်ပြချက် (၉)မျိုးမှ အနှစ်သာရများကို မူရင်းအတိုင်း ကောက်နုတ်တင်ပြခဲ့ပါကြောင်း အစီရင်ခံပါသည်။ ကောက်နုတ်တင်ပြစရာများမှာ ဘဝအတွက် ဗဟုသုတဖြစ်ဖွယ်ရာ လိုက်နာစရာများ အများစုဖြစ်နေပါသည်။ သို့ပါ၍ အနှစ်သာရများကိုသာ မဖြတ်မတောက်ပဲ မူရင်းအတိုင်း ကောက်နုတ်ဖော်ပြခဲ့ခြင်း ဖြစ်ပါသည်။ မူလစာရေးဆရာဖြစ်သူ ပြင်သစ်စာရေးဆရာကြီး အန်ဒရေမော်ရွိုင်း၏ ကျော်ကြားသော The Art of Living စာအုပ်ဖြစ်ခြင်းကြောင့်လည်း သတိကြီးစွာ ကောက်နုတ်ဖော်ပြခဲ့ပါသည်။

**ဆရာကြီးမြသန်းတင့်နှင့် ကျွန်တော်**

ဆရာကြီးမြသန်းတင့်သည် ဆောင်းပါးရှင်နှင့် တစ်နယ်တည်းသား (ပခုက္ကူခရိုင်သား) ဖြစ်ပါသည်။ ဆရာကြီးက ပခုက္ကူခရိုင် မြိုင်မြို့ဇာတိ၊ ကျွန်တော်က ပခုက္ကူခရိုင် ကမ္မမြို့နယ်ခွဲဇာတိ ဖြစ်ပါသည်။ ဆရာကြီးက ၁၉၄၈ ခုနှစ်တွင် ဥပဒေဘွဲ့ရရှိခဲ့ပြီး ကျွန်တော်က ၁၉၇၂ ခုနှစ်တွင် ဥပဒေဘွဲ့ရရှိခဲ့ပါသည်။ ဆရာကြီးနှင့်ကျွန်တော် တစ်နယ်တည်းသားလည်းဖြစ် ဥပဒေပညာ လေ့လာသူအချင်းချင်းလည်းဖြစ်၍ (မနှိုင်းကောင်း၊မယှဉ်ကောင်း) ဆရာကြီး၏စာတွေဖတ်ပြီး ဆရာကြီးကို ဦးခိုက်လျက်ကျွန်တော်ဂုဏ်ယူမိ၊ ဆရာကြီးကို မိဘပမာ ပိုမိုကြည်ညိုလေးစားမိပါသည်။ ကွယ်လွန်သူ ဆရာကြီးမြသန်းတင့်အား ဤစာစုဖြင့် ဂါရဝပြုပါသည်။

**နိဂုံး**

ကြေးမုံစာချစ်ပရိသတ်များခင်ဗျား–

ဘဝကို အဓိပ္ပာယ်ရှိစွာ ဘယ်လိုနေထိုင်မလဲ။

ဤအဖြေကို ဆရာကြီးမြသန်းတင့် ဘာသာပြန်ခဲ့သော "ဘဝနေနည်းအနုပညာ"စာအုပ်က ရှင်းရှင်းလင်းလင်း အသိပေးဆွေးနွေးဖော်ပြထားပါကြောင်း ပြန်လည်တင်ပြ အစီရင်ခံအပ်ပါကြောင်း . . . ။ ။



## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှ ဖြောင့်မတ်တည်ကြည်မှုကျင့်ဝတ်နှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာရည်ညွှန်းစာစောင်များ ပေးအပ်လှူဒါန်း

**မန္တလေး ဇွန် ၁၂**

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးလွှတ်တော်ရုံးနှင့် တရားလွှတ်တော်သို့ ဖြောင့်မတ်တည်ကြည်မှု ကျင့်ဝတ်နှင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာ ရည်ညွှန်းစာစောင်များ ပေးအပ်လှူဒါန်းခြင်းကို ယမန်နေ့မွန်းလွဲပိုင်းက မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင် ဦးအောင်သန်းမြင့်က အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို အသိပညာပေးခြင်း၊ တားဆီးကာကွယ်ခြင်းနှင့် စုံစမ်းစစ်ဆေးအရေးယူဆောင်ရွက်ခြင်းဟူ၍ လုပ်ငန်းစဉ်သုံးရပ်နှင့် ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုလွှဲပြောင်းပေးအပ်သောစာအုပ်များမှာ ကော်မရှင်၏ လူထုပညာပေးရေးလုပ်ငန်းစဉ်တစ်ရပ်အနေဖြင့် ပြည်သူလူထုနှင့် တိုက်ရိုက်ထိတွေ့ဆက်ဆံနေရသည့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး တရားသူကြီးချုပ်နှင့် တရားသူကြီးများက လေ့လာဖတ်ရှု၍ အသိပညာများ ဖြန့်ဝေပေးနိုင်ရန်အတွက် လှူဒါန်းခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင် ဦးအောင်သန်းမြင့်က ရည်ညွှန်းစာစောင်များအား ပေးအပ်လှူဒါန်းရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ကိုယ်စား တိုင်းဒေသကြီး ရှမ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးစိုင်းပန်းဆိုင်ကလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးလွှတ်တော်ဒုတိယဥက္ကဋ္ဌဒေါက်တာခင်မောင်ဌေးကလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးစိုးသိန်းကလည်းကောင်း လက်ခံရယူခဲ့ကြသည်။

ယင်းနေ့လှူဒါန်းသည့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဖြောင့်မတ်တည်ကြည်မှုနှင့် ကျင့်ဝတ်ဆိုင်ရာ ရည်ညွှန်းစာစောင်များမှာ ဖြောင့်မတ်တည်ကြည်မှုမြင့်တက်ရေးပညာပေးအစီအစဉ် အခြေခံပညာအထက်တန်းအဆင့် ရည်ညွှန်းစာစောင်၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေး တက္ကသိုလ်အဆင့် ရည်ညွှန်းစာစောင်(၁)၊ ဖြောင့်မတ်တည်ကြည်မှုနှင့် ကျင့်ဝတ် တက္ကသိုလ်အဆင့်ရည်ညွှန်းစာစောင်(၁)၊ (၂) စုစုပေါင်း လေးမျိုးဖြစ်ပြီး မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် စာကြည့်တိုက်သို့ ၁၅ စုံ၊ တိုင်းဒေသကြီး လွှတ်တော်ရုံးနှင့် စာကြည့်တိုက်သို့ ၇၂ စုံနှင့် တိုင်းဒေသကြီး တရားလွှတ်တော်သို့ ငါးစုံ စုစုပေါင်း ၉၂ စုံလှူဒါန်းပေးအပ်ခဲ့ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## မြန်မာနိုင်ငံ အားကစားမီဒီယာများအဖွဲ့ချုပ်အတွက် စားသောက်ကုန်များလှူဒါန်း

**ရန်ကုန် ဇွန် ၁၂**

တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများကမြန်မာနိုင်ငံအားကစားမီဒီယာများအဖွဲ့ချုပ်အတွက် ကိုဗစ်-၁၉ ရောဂါကာလ စားသောက်ရေးအဆင်ပြေစေရန် ဆန်၊ ဆီ၊ ဆား၊ ပဲ လှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်ပိုက လှူဒါန်းရခြင်းအကြောင်း ပြောကြားပြီး မြန်မာနိုင်ငံ အားကစားမီဒီယာများအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဉာဏ်ထွန်းထံသို့ ရိက္ခာအမယ် လေးမျိုးနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအထောက်အကူပြု ပစ္စည်းများ ပေးအပ်သည်။

ယနေ့လှူဒါန်းမှုတွင် ဆန် ခြောက်ပြည်ပါ ဆန်အိတ် ၁၀၀၊ ဆီ ၅၀ သားဘူး ၁၀၀၊ ပဲ ၃၀သား အိတ် ၁၀၀၊ ဆားအထုပ် ၁၀၀၊ ကြက်ဥ ၁၀ လုံးကတ် ၁၀၀၊ နှာခေါင်းစည်းအခု ၁၀၀၀ နှင့် လက်သန့်ဆေးရည် ဘူး ၅၀ တို့ဖြစ်ကြောင်း သိရသည်။

တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများအနေဖြင့် ပြီးခဲ့သည့်လကလည်း မြန်မာနိုင်ငံ စာနယ်ဇင်းကောင်စီ၊ မြန်မာနိုင်ငံသဘင်ပညာရှင်များ အစည်းအရုံး၊ မြန်မာနိုင်ငံ ပန်းချီပညာရှင်များ အစည်းအရုံး၊ မြန်မာနိုင်ငံ ကာတွန်းပညာရှင်များ၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးစသည့် အဖွဲ့အစည်းအသီးသီးသို့ ကိုဗစ်-၁၉ ရောဂါ ကာလအတွင်း စားသောက်မှုအဆင်ပြေစေရန် ဆန်၊ ဆီ၊ ပဲ အစရှိသောစားသောက်ကုန်များကိုထောက်ပံ့လှူဒါန်းခဲ့ကြောင်း သိရသည်။

**မြင့်မောင်**



## မယ်စဲ့မြို့နယ်၌ Cash For Work စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မည်

**မယ်စဲ့ ဇွန် ၁၂**

ကယားပြည်နယ် မယ်စဲ့မြို့နယ်တွင် ကိုဗစ်-၁၉ရောဂါ ကာလအတွင်း ကျေးလက်နေပြည်သူများ လူမှုစီးပွား အဆင်ပြေစေရန်အတွက် ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ကျေးလက်နေပြည်သူများကိုယ်တိုင် ပါဝင်ဆောင်ရွက်စေပြီး လုပ်အားခပေးချေမည့် Cash For Work စီမံကိန်းကို ကျေးရွာငါးရွာ၌ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဟု မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမိုးအောင်ထံမှ သိရသည်။

အဆိုပါစီမံကိန်းကို မယ်စဲ့မြို့နယ်အတွင်းရှိ ကျေးရွာငါးရွာတွင် စတင်စမ်းသပ်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ကျေးရွာရွေးချယ်ခြင်းကို ဇွန် ၁၀ ရက် မွန်းလွဲပိုင်းက မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

မယ်စဲ့မြို့နယ်တွင် နမ့်မန်း၊ ဝမ်ကန်၊ ဟိုစဲ့၊ ဟိုဂျစ်၊ နမ့်ဟူးကျေးရွာငါးရွာတွင် Cash For Work စီမံကိန်းကို အကောင်အထည်ဖော်ရန် ရွေးချယ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## မန္တလေးတောင်ပေါ်သို့ တောင်တက်ကားလမ်းမှ တက်ရောက်ခွင့်ပိတ်ထားပြီး ကျန်းမာရေးထောက်ခံချက်ပါရှိက စောင်းတန်းများမှ တက်ရောက်ခွင့်ပြုသွားမည်

**မန္တလေး ဇွန် ၁၂**

မန္တလေးတောင်ပေါ်သို့တက်ရောက်သော တောင်တက်ကားလမ်းတွင် အားကစားလုပ်သူများ၊ တောင်တက်သူ၊ လမ်းလျှောက်သူ၊ စက်ဘီးစီးသူများဖြင့် တောင်ပေါ်သို့ လာရောက်လည်ပတ်သူ များပြားခြင်းကြောင့် မန္တလေးတောင်တော် တောင်တက်ကားလမ်းကို ယာယီပိတ်ထားကြောင်း၊ ဆုတောင်းပြည့်ရင်ပြင်တော်အားပိတ်ထားပြီး အခြားနေရာများသို့ ၇၂ နာရီအတွင်း ကျန်းမာရေးထောက်ခံချက်ပါရှိက စောင်းတန်းများမှတက်ရောက်ရန် ခွင့်ပြုသွားမည်ဖြစ်ကြောင်း မန္တလေးတောင်တော်ဂေါပကဥက္ကဋ္ဌဦးသိန်းထွန်းက ပြောကြားသည်။

မန္တလေးတောင်တော်တောင်တက်ကားလမ်းကို ပြီးခဲ့သည့်လက နိုင်လွန်ကတ္တရာလမ်း အဆင့်မြှင့်တင်ပြီးစီးခဲ့ပြီး ဇွန်လဆန်းတွင် တောင်ပေါ်သို့ တက်ရောက်သော တောင်တက်ကားလမ်းတွင် အားကစားလုပ်သူများ၊ တောင်တက်သူ၊ လမ်းလျှောက်သူ၊ စက်ဘီးစီးသူများဖြင့် လာရောက်သူများ များပြားလာသည့်အတွက် လူစုလူဝေးဖြစ်ပေါ်ခဲ့ခြင်းကြောင့် တောင်တက်ကားလမ်းမှ တက်ရောက်ခွင့် ပိတ်လိုက်ခြင်းဖြစ်ကြောင်း သိရသည်။

"တောင်ထိပ်မှာရှိတဲ့ ဆုတောင်းပြည့်ရင်ပြင်တော်ကတော့ ပိတ်ထားပါတယ်၊ စက်လှေကား/ဓာတ်လှေကားတွေလည်းပိတ်ထားပါတယ်၊ တောင်ပေါ်ကတခြားနေရာတွေလေ့လာလို့ရအောင် စောင်းတန်းတွေကတော့ တက်ရောက်ခွင့်ပေးထားပါတယ်၊ ဒါပေမယ့် ၇၂ နာရီအတွင်း ကျန်းမာရေးကောင်းမွန်ကြောင်း ထောက်ခံချက်ပါရမယ်၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက လမ်းညွှန်ချက်တွေနဲ့အညီ အပူချိန်တိုင်းတာတို့၊ နှာခေါင်းစည်းဝတ်တာတို့ အစရှိတဲ့အချက်တွေနဲ့ ပြည့်စုံရင် တောင်ပေါ်ကိုတခြားနေရာတွေကိုစောင်းတန်းတွေကတော့ တက်လို့ရပါတယ်၊ တောင်ပေါ်မှာရှိတဲ့ တခြားနေရာတွေကိုတော့ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနရဲ့ လမ်းညွှန်ချက်တွေနဲ့ ပြည့်စုံရင် လာရောက်ခွင့် ပေးထားပါတယ်"ဟု မန္တလေးတောင်တော်ဂေါပကဥက္ကဋ္ဌ ဦးသိန်းထွန်းက ပြောကြားသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**

## ခရီးသွားပြည်သူများ သွားလာမှုအဆင်ပြေစေရန် YBS ယာဉ်စီးရေ တိုးချဲ့ပြေးဆွဲ

**ရန်ကုန် ဇွန် ၁၂**

ကိုဗစ်-၁၉ ရောဂါကာလအတွင်း ခရီးသွားပြည်သူများ သွားလာမှုအဆင်ပြေစေရေးနှင့် YBSယာဉ်အစီးရေများ နေ့စဉ်မပြတ် တိုးချဲ့ပြေးဆွဲလျက်ရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့ (YRTA)မှ သိရသည်။

"ယာဉ်အစီးရေကတော့ အမြဲတိုးပြီး ပြေးဆွဲပေးနေပါတယ်။ ခရီးသည်စီးနင်းမှုများတာကတော့ ရုံးတက်ရုံးဆင်းချိန်ပါ။ အဲဒီလိုအချိန်တွေမှာတော့ ကိုဗစ်-၁၉ ရောဂါ Social Distancing အတွက် အခက်အခဲဖြစ်နေပါသေးတယ်။ နေလယ်နေ့ခင်းနဲ့ ကျန်တဲ့အချိန်တွေမှာတော့ အဆင်ပြေပါတယ်" ဟု YRTA မှ တွဲဖက်အတွင်းရေးမှူး ဦးလှအောင်က ပြောပြသည်။

ယခင်က ယာဉ်အစီးရေ ပုံမှန် ၄၅၀၀ ဝန်းကျင်ခန့်ဖြင့် ပြေးဆွဲပေးလျက်ရှိသော အများပြည်သူ သယ်ယူပို့ဆောင်ရေး YBS ယာဉ်များသည် ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားမှုကြောင့် ယာဉ်အစီးရေ ပြေးဆွဲမှု လျော့နည်းခဲ့သော်လည်း ဇွန် ၉ ရက်တွင် ၁၂၆ လိုင်းမှ မော်တော်ယာဉ်စီးရေ ၃၆၀၇ စီးဖြင့် ခရီးသည် ၈၃၈၂၉၇ ဦးကို သယ်ယူပို့ဆောင်ပေးခဲ့ကြောင်း YRTA ၏ ပြောကြားချက်အရ သိရသည်။




ခရီးသည်စီးနင်းမှုနှင့်ပတ်သက်၍ YBS ၂၁၊ ၃၉၊ ၄၁ ယာဉ်လိုင်းများ ပြေးဆွဲနေသည့် ပါဝါအလဲဗင်းကုမ္ပဏီမှ အုပ်ချုပ်မှုဒါရိုက်တာ ဦးသက်တင်ဝင်းက "ခရီးသည်က ကိန်းဂဏန်းအရဆို တိုးလာတယ်။ ကားအစီးရေက လိုက်တိုးဖို့လိုတာပေ့ါ။ ကားအစီးရေကလိုက်တိုးမယ့် သဘောသဘာဝတော့ရှိတယ်။ ချက်ချင်းခရီးသည်တိုးတာက အချက်အလက်ကကြို့မရဘူး။ ခရီးသည်တိုးလာရင်တော့ ကားကတိုးလာမှာပါ" ဟု ပြောပြသည်။

ကိုဗစ်-၁၉ ရောဂါကာလမတိုင်ခင် ဘတ်(စ်)ကားတစ်စီးလျှင် ခရီးသည်စီးနင်းမှုနှုန်း နေ့စဉ် ၅၀၀ ခန့်ရှိပြီး မတ်လကုန်ပိုင်းနှင့် ဧပြီလရုံးပိတ်ရက်ကာလများတွင် လူဦးရေ ၇၀ မှ ၁၀၀ ခန့်ရှိကြောင်း၊ မေလပိုင်းတွင် ၂၀၀ မှ ၃၀၀ ခန့်အထိရှိပြီး ယခုအခါ ၃၀၀ မှ ၄၀၀ ခန့်အထိ စီးနင်းလာကြောင်း ၎င်းက ဆက်လက်ပြောပြသည်။

ထိုသို့ခရီးသည်စီးနင်းမှုများပြားလာသည့်အတွက် ယာဉ်လိုင်းများ ပုံမှန်ထွက်ရှိနိုင်ရန် လုပ်ငန်းရှင်များအနေဖြင့် အလုပ်ကိုအကျိုးအမြတ်မကြည့်ဘဲ အလုပ်အကိုင်အခွင့်အလမ်းများဖန်တီးသည့်အနေဖြင့် အလုပ်များကို လည်ပတ်သင့်ကြောင်း ဦးသက်တင်ဝင်းက တိုက်တွန်းပြောကြားသည်။

**အေးမင်းသူ**

## မုံရွာမြို့၌ နည်းပညာပေးစင်တာဖွင့်လှစ် ဒေသခံတောင်သူများအား မျိုးကောင်းမျိုးသန့်မျိုးစေ့များ ထောက်ပံ့ပေးအပ်

**မုံရွာ ဇွန် ၁၂**

ပြောင်းလဲလာသည့်ရာသီဥတုနှင့် လိုက်လျောညီထွေဖြစ်စေမည့် စိုက်ပျိုးရေးနည်းစနစ်များကို တောင်သူများသို့ နည်းပညာဖြန့်ဝေပေးနိုင်မည့် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ နတ်လူထိပ်ပန်ရပ်ကွက် နတ်လူထိပ်ပန်နည်းပညာပေးစင်တာဖွင့်ပွဲကို ယမန်နေ့ နံနက် ၉ နာရီက ကျင်းပသည်။

နတ်လူထိပ်ပန်နည်းပညာပေးစင်တာတွင် မြေမဲ့စိုက်ပျိုးနည်းစနစ်၊ ရာသီသီးနှံစိုက်ခင်းများ၊ ဟင်းသီးဟင်းရွက်နှင့် နှစ်ရှည်သီးနှံများ၊ ပျိုးပင်များ ထားရှိသည့် ပျိုးခြံနှင့် မျိုးကောင်းမျိုးသန့်မျိုးစေ့များ ပြသထားကြောင်း သိရသည်။

"ဟင်းသီးဟင်းရွက်တွေစိုက်ပျိုးတယ်၊ မျိုးစေ့ထုတ်တဲ့ ကျေးရွာစိုက်ခင်းတွေက သီးနှံတွေမှာကျရောက်တဲ့ ပိုးမွှားရောဂါတွေ၊ မှိုရောဂါတွေကို ဘယ်လိုကာကွယ်ကြမလဲ၊ပိုးမွှားရောဂါကင်းရှင်းတဲ့ မျိုးစေ့တွေ ဘယ်လိုထုတ်ကြမလဲ၊ စိုက်ပျိုးရေးဆိုင်ရာအလေ့အကျင့်ကောင်း GAP တွေနဲ့ ဘယ်လိုစိုက်ပျိုးကြမလဲဆိုတာကို တောင်သူတွေ လွယ်လင့်တကူလေ့လာနိုင်မှာဖြစ်ပါတယ်" ဟု မုံရွာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်အမာကြည်က ပြောသည်။

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်တွင် လယ်မြေ ၉၁၁၃ ဧက၊ ယာမြေ ၈၅၇၂၅ ဧက၊ ကိုင်း/ကျွန်းမြေ ၈၈၃၉ ဧကနှင့် ဥယျာဉ်မြေ ၃၃ ဧကတို့ရှိရာ စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းစေရန် စိုက်ပျိုးရေးနည်းပညာပြန့်ပွားရေးစင်တာများကို မုံရွာမြို့နယ်အတွင်းရှိ နတ်လူထိပ်ပန်ရပ်ကွက်တွင်လည်းကောင်း၊ မရိုးတောကျေးရွာ၊ ကျောက်စစ်ပုံကျေးရွာနှင့် လယ်ဇင်ကျေးရွာတို့တွင်လည်းကောင်း ဖွင့်လှစ်ထားကြောင်း သိရသည်။ **ဝင်းဦး(ဇေယျာတိုင်း)**

## ဆည်ရေစီမံခန့်ခွဲမှုလုပ်ငန်းများ ထိထိရောက်ရောက်ဆောင်ရွက်နိုင်ရန် ရေအသုံးချသူအဖွဲ့များ ထပ်မံတိုးချဲ့ဖွဲ့စည်းနိုင်ရေး ကွင်းဆင်းဆောင်ရွက်

**ပဲခူး ဇွန် ၁၂**

ပဲခူး၊ ဝေါ၊ ဒိုက်ဦးမြို့နယ်များမှ မြို့နယ်တာဝန်ခံဦးစီးအရာရှိများဦးဆောင်သည့် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဝန်ထမ်းများသည် ဇွန် ၁၀ ရက် နံနက်ပိုင်းက ပဲခူးခရိုင်အတွင်းရှိ ကျေးရွာများသို့ သွားရောက်ပြီး တောင်သူကိုယ်စားလှယ်များ၊ ဆည်ရေသောက်တောင်သူများနှင့် တွေ့ဆုံရှင်းလင်း အသိပေးဆောင်ရွက်ခြင်းများ



ပြုလုပ်ကြကြောင်းသိရသည်။

အဆိုပါအဖွဲ့သည် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ရေလှောင်တမံများ၏ဆည်ရေသောက်စနစ်များတွင် ရေပေးမြောင်းအလိုက် ရေအသုံးချသူများအဖွဲ့ (Water User Group – WUG)များ ထပ်မံတိုးချဲ့ဖွဲ့စည်းနိုင်ရေးနှင့် ဖွဲ့စည်းပြီးသော WUG အဖွဲ့များ၏ ဆောင်ရွက်မှုများ ပိုမိုတိုးတက်မှုရှိစေရေးတို့အတွက် ကျေးရွာနေပြည်သူများ သိရှိနိုင်ရန် ကွင်းဆင်းဆွေးနွေး အကောင်အထည်ဖော်ခြင်းဖြစ်ကြောင်း သိရသည်။

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင်အတွင်းရှိသော ဇောင်းတူရေလွှဲဆည်၊ အလိုင်နီရေလှောင်တမံ၊ ဇလက်ထော်ရေလှောင်တမံနှင့် ဘောနီရေလှောင်တမံတို့ရှိ ဆည်ရေသောက်ရေပေးမြောင်းအလိုက် ကျေးရွာများတွင် ဆည်ရေသောက် တောင်သူများပါဝင်သော ရေအသုံးချသူများအဖွဲ့(Water User Group – WUG) ၁၅ ဖွဲ့ ထပ်မံတိုးချဲ့ဖွဲ့စည်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

## တောင်သူများ လယ်ယာသုံးစက်ကိရိယာပစ္စည်းများကို ဈေးနှုန်းသက်သာစွာဝယ်ယူနိုင်ရေး အရစ်ကျစနစ်ဖြင့် ရောင်းချပေးလျက်ရှိ

**ရန်ကုန် ဇွန် ၁၂**

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ်တွင် မိုးစပါးထွန်ယက်စိုက်ပျိုးချိန်ကာလအတွင်း စက်မှုလယ်ယာဦးစီးဌာနမှ လယ်ယာသုံးစက်ကိရိယာများကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူနိုင်ရေးအတွက် အရစ်ကျစနစ်ဖြင့် ဖြန့်ဖြူးရောင်းချပေးလျက်ရှိကြောင်း သိရသည်။

"တောင်သူတွေ စိုက်ပျိုးရေးလုပ်ငန်းဆောင်ရွက်ရာမှာ အချိန်မီဆောင်ရွက်နိုင်ဖို့အတွက်နဲ့ ဈေးနှုန်းသက်သာစွာဖြင့် လယ်ယာသုံးစက်ကိရိယာပစ္စည်းတွေကို ပိုင်ဆိုင်အသုံးပြုနိုင်အောင်ဆိုပြီးတော့ သုံးနှစ်ကို လေးကြိမ်ဆပ် အရစ်ကျစနစ်နဲ့ လယ်ယာသုံးစက်ကိရိယာပစ္စည်းတွေကို ဖြန့်ဖြူးရောင်းချပေးနေတာပါ၊ ဒီနှစ်အတွင်းမှာတော့ လက်တွန်းထွန်စက် ၆၅ စီးကို ဖြန့်ဖြူးရောင်းချပေးပြီးသွားပါပြီ၊ စက်တန်ဖိုးက ကျပ် ၁၉၆၀၀၀၀ ကျပါတယ်၊ လက်တွန်းထွန်စက်ကို ဝယ်ယူမယ်ဆိုရင် ကျပ် ၄၉၀၀၀၀ကို ပထမအရစ်အနေနဲ့ အရင်စတင်ပေးသွင်းရပါမယ်" ဟု မြို့နယ် စက်မှုလယ်ယာဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးနိုင်က ပြောသည်။

ထို့ပြင် လယ်ယာသုံးစက်ကိရိယာများ ကိုင်တွယ်မောင်းနှင်ထိန်းသိမ်းမှုသင်တန်းများ ဖွင့်လှစ်ပေးခြင်း၊ ကောက်စိုက်စက်ဖြင့် စိုက်ပျိုးပေးခြင်းနှင့် ကောက်စိုက်စက်အသုံးပြုပုံ၊ အသုံးပြုနည်း သရုပ်ပြပွဲများ ပြသပေးခြင်းဖြင့် တောင်သူများအား နည်းပညာများကို ဖြန့်ဝေဆောင်ရွက်ပေးလျက်ရှိပြီး တောင်သူများ စပါးထွန်ယက်စိုက်ပျိုးချိန် ကာလအတွင်း အခက်အခဲများ ဖြစ်ပေါ်ခြင်းနှင့်



လယ်ယာသုံးစက်ပစ္စည်းများ ဝယ်ယူလိုပါကလည်း မြို့နယ်စက်မှုလယ်ယာဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးနိုင်ထံသို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**ဇင်မင်းထိုက်(ထန်းတပင်)**

## ဟုမ္မလင်းမြို့နယ်၌ မိုးစပါးများအောင်မြင်ဖြစ်ထွန်း၍ တစ်ဧကလျှင် တင်း ၁၀၀ ကျော်ထွက်ရှိနိုင်

**ဟုမ္မလင်း ဇွန် ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့နယ်၌ မိုးစပါးဧက ၆၀၀၀၀ ကျော် စိုက်ပျိုးလျက်ရှိရာ တစ်ဧကလျှင် တင်း ၁၀၀ ကျော် ထွက်ရှိနိုင်ကြောင်း ဟုမ္မလင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စိုက်ပျိုးရေးဦးစီးဌာနနှင့် တောင်သူများပူးပေါင်းပြီး စိုက်ပျိုးသည့် စံပြကွက်များမှ မိုးစပါးတစ်ဧကလျှင် တင်း ၁၁၀ နှင့် ၁၁၅ တင်းခန့်ထွက်ရှိနိုင်ပြီး ဟုမ္မလင်းမြို့နယ်ရှိ မြေပြန့်ရှမ်းတိုင်းရင်းသားများသည် ဆန်စီးများကို ပို၍နှစ်သက်သောကြောင့် ၎င်းတို့နှင့်ကိုက်ညီသည့် ဆင်းကေရီ-၃ ကိုသာ အဓိကထားပြီး စိုက်ပျိုးကြောင်း၊ ထို့အပြင် ရွှေဘိုပေါ်ဆန်းနှင့် ရောမင်းစပါးများလည်း စိုက်ပျိုးလျက်ရှိကြောင်း၊ အလားတူ တောင်သူများ ပုံမှန်စိုက်ပျိုးနည်းဖြင့် စိုက်ပျိုးသည့် မိုးစပါးများမှာ ပျမ်းမျှအားဖြင့် တစ်ဧကလျှင် တင်း ၇၀ ခန့်ထွက်ရှိကြောင်း စိုက်ပျိုးရေးဦးစီးဌာနမှ ဦးမင်းမင်းဇော်က ပြောသည်။

ဟုမ္မလင်းမြို့နယ်တွင် ကျေးရွာအုပ်စု ၇၈ အုပ်စုရှိသည့်အတွက် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် မိုးစပါးစိုက်ပျိုးသည့် တောင်သူများအား မိုးစပါး GAP စနစ်နှင့် စိုက်ပျိုးနိုင်ရေး၊ တောင်သူများကိုယ်တိုင် မျိုးသန့်ထိန်းသိမ်း၍ ဆက်လက်မျိုးရယူစိုက်ပျိုးနိုင်ရေး မိမိတို့ဌာနမှ နည်းပညာပေးဆောင်ရွက်လျက်ရှိကြောင်း ၎င်းက ဆက်လက်ပြောပြသည်။

**မွေးကြူဇင်(မုံရွာကိုယ်ပွား)**

## အိမ်တိုင်ရာရောက် ဆန်များလှူဒါန်း

**ညောင်ဦး ဇွန် ၁၂**

မန္တလေးတိုင်းဒေသကြီး ပုဂံညောင်ဦးမြို့နယ်အတွင်းရှိ အခြေခံလက်လုပ်လက်စားအိမ်ထောင်စုဝင်များအား ကိုဗစ် – ၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးကာလ စားဝတ်နေရေးအဆင်ပြေစေရေးအတွက် ပုဂံမြို့ ရတနာဘုံစံတောရ ဓမ္မရိပ်သာကျောင်းတိုက်ဆရာတော် အရှင်သာဂရဦးဆောင်မှုဖြင့် ညောင်ဦးမြို့နယ် ဖြူစင်မေတ္တာ(ရေ/သွေး) ပရဟိတအသင်း၊ သုမင်္ဂလာပရဟိတရေလှူအသင်းနှင့် မြတ်စေတနာသွေးလှူရှင် ပရဟိတအသင်းတို့ပူးပေါင်းကာ ဇွန် ၁၁ ရက် နံနက် ၉ နာရီက ညောင်ဦးမြို့အွန်လိုင်းစေတနာရှင်များ၏ ကူညီပံ့ပိုးမှုဖြင့် အိမ်တိုင်ရာရောက် ဆန်များပေးဝေလှူဒါန်းခဲ့သည်။

အွန်လိုင်းစေတနာအလှူရှင်များ၏ ထည့်ဝင်လှူဒါန်းငွေဖြင့် ဆန်အိတ်ကိုးအိတ်ဝယ်ယူခဲ့ပြီး ညောင်ဦးမြို့နယ် မြေသင်းတွင်းကျေးရွာရှိ အခြေခံလက်လုပ်လက်စားအိမ်ထောင်စုများအား သွားရောက်ထောက်ပံ့လှူဒါန်းခဲ့ကြောင်း သိရသည်။ **ရဲဝင်းနိုင် (ညောင်ဦး)**

## သန်လျင်မြို့နယ်၌ တောင်သူများအား မျိုးစပါးများ ဖြန့်ဝေ

**ရန်ကုန် ဇွန် ၁၂**

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ထောက်ပံ့မှုဖြင့်သက်တန့်ရောင်စီမံချက်အရ ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် တောင်သူများအား မျိုးစပါးအခမဲ့ ထောက်ပံ့ဖြန့်ဝေပေးခြင်းအခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက သန်လျင်မြို့ စိုက်ပျိုးရေးဦးစီးဌာန အာဆီယံ (၃) နိုင်ငံ အရန်ဆန်သိုလှောင်ရုံ၌ ကျင်းပသည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ အခမဲ့ထောက်ပံ့ပေးသော မျိုးစပါးများအား သန်လျင်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလွင်ကိုလတ်၊ သန်လျင်မြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသော ဦးနေလင်းအောင်၊ ဦးအောင်နိုင်ထွန်း၊ ရန်ကုန်တောင်ပိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဆန်းထွန်းဝင်း၊ သန်လျင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကိုထွန်းတို့က တောင်သူများထံ မျိုးစပါးများ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

အဆိုပါ မျိုးစပါးများအား သန်လျင်မြို့နယ်ရှိ ကျေးရွာပေါင်း ၂၈ ရွာမှ တောင်သူ ၄၈၀ တို့၏ စိုက်ပျိုးဧက ၂၂၅၄ ဧကအတွက် မျိုးစပါး ၃၃၈၁ တင်းအား အခမဲ့ ဖြန့်ဝေပေးခဲ့ဖြစ်ကြောင်းနှင့် ကိုဗစ်–၁၉ရောဂါ ကာလအလွန်များတွင် စပါးစိုက်ပျိုးထုတ်လုပ်မှုများ လျော့ကျမသွားစေရေးအတွက် ကုစားသည့်အနေဖြင့် အထွက်နှုန်းကောင်း မျိုးသန့်စပါးများကို သက်တန့်ရောင်စီမံချက်ဖြင့် ဖြန့်ဝေပေးခြင်းဖြစ်ကြောင်း သိရသည်။ **သက်ခိုင် (သန်လျင်)**

## တိုက်ကြီးမြို့နယ်၌ အင်းများ လေလံတင်ရောင်းချ

**ရန်ကုန် ဇွန် ၁၂**

ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ်အတွင်းရှိ ဂရန်အင်းများ ငါးထုတ်လုပ်မှုတိုးတက်လာစေရေး၊ အင်းများ ပျက်စီးတိမ်ကောမှုမရှိစေရေး၊ ဒေသတွင်း ငါးဖြန့်ဖြူးမှုဖူလုံစေရေးအတွက် တိုက်ကြီးမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ ဇွန် ၉ ရက်က မြို့နယ်အတွင်းရှိ အင်း ၆၆ အင်းအနက် ၃၂ အင်းအား လေလံတင်ရောင်းချခဲ့ရာ ငွေကျပ် ၄၂၀၁၄၈၅၀၀ ရရှိခဲ့ကြောင်း သိရသည်။ **ကြေးမုံ**

## သီပေါမြို့နယ်စာရေးဆရာအသင်း စည်းဝေး

**သီပေါ ဇွန် ၁၂**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် စာရေးဆရာအသင်း အမှုဆောင်အဖွဲ့ ပြန်လည်ရွေးချယ်တင်မြောက်ပွဲနှင့် တတိယအကြိမ် စာပေညီလာခံကိုယ်စားလှယ်ရွေးချယ်ပွဲကို ယမန်နေ့ နံနက်ပိုင်းက မြို့နယ်စာရေးဆရာအသင်းရုံး၌ ကျင်းပသည်။

အမှုဆောင်အဖွဲ့ပြန်လည်ရွေးချယ်တင်မြောက်ကြရာ သီပေါမြို့နယ် စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးလှမောင်လတ်(သီပေါကိုလတ်)၊ အတွင်းရေးမှူး ဦးမျိုးမြင့်(ကိုမျိုးရွှေနန်းတော်)၊ ဘဏ္ဍာရေးမှူးကိုငယ်(သီပေါ)နှင့် တတိယအကြိမ် စာပေညီလာခံကိုယ်စားလှယ်အဖြစ် သီပေါကိုလတ်တို့ကို ရွေးချယ်ခဲ့ကြောင်း မြို့နယ်စာရေးဆရာအသင်းမှ သိရသည်။ **ကြေးမုံ**

## လူမှုဖူလုံရေးအကျိုးခံစားခွင့်များ ထုတ်ပေးလျက်ရှိ

**ဘားအံ ဇွန် ၁၂**

ကရင်ပြည်နယ် ဘားအံမြို့နယ် လူမှုဖူလုံရေးရုံးတွင် အကျုံးဝင်မှတ်ပုံတင်ထားသော မြဝတီမြို့နယ်ရှိ Apex Rubber Co.,Ltd. သည် ကိုဗစ်–၁၉ ရောဂါကာကွယ်ထိန်းချုပ်သည့်ကာလအတွင်း ယာယီပိတ်သိမ်းခဲ့ရသည့်အတွက် ယနေ့ နံနက် ၁၀ နာရီက ဘားအံမြို့နယ် လူမှုဖူလုံရေးရုံးတွင် အလုပ်သမားများအား အကျိုးခံစားခွင့် ၄၀ ရာခိုင်နှုန်းကို ခွင့်ပြုထုတ်ပေးခဲ့သည်။

ကရင်ပြည်နယ် လူမှုဖူလုံရေးရုံးမှ ပြည်နယ်တာဝန်ခံ ဦးဝင်းဦးက အာမခံအလုပ် သမား ၂၈၈ ဦးအား ၄၀ ရာခိုင်နှုန်းအကျိုးခံစားခွင့် ငွေကျပ် ၂၄၇၈၀၈၀၀ကို Apex Rubber Co.,Ltd မန်နေဂျာ ဒေါ်ထိုက်ထိုက်အား ခွင့်ပြုထုတ်ပေးခဲ့သည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ကိုဗစ်-၁၉ ကာကွယ်ရေး ငါးရိက္ခာများစားသုံးပေး အသိပညာပေးဗီနိုင်းစိုက်ထူခြင်းနှင့် လက်ကမ်းစာစောင်များဖြန့်ဝေ

**မြစ်သား ဇွန် ၁၂**
မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ် ကူမဲငါးလုပ်ငန်းဦးစီးဌာနက ကိုဗစ်-၁၉ ကာကွယ်ရေး ငါးရိက္ခာများစားသုံးပေးဟူသည့် အသိပညာပေးဗီနိုင်းစိုက်ထူခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို ယနေ့ နံနက် ၇ နာရီတွင် ကူမဲမြို့ အခွန်လွတ်ဈေးနှင့် ကူမဲဈေးတို့တွင် ပြုလုပ်သည်။

ငါးရိက္ခာသည် ဝေ်မွတ်မှုနှင့် အာဟာရဓာတ်ချို့တဲ့မှု တိုက်ဖျက်ရေးအတွက် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိပြီး ငါးအာဟာရဓာတ်သည် စားသုံးသူပြည်သူများအတွက် အသားဓာတ်အပြင် ကျန်းမာစေသော အဆီဓာတ်၊ အိုမီဂါ-၃ အဆီအက်စစ်၊ အိုင်အိုဒင်း၊ ဗီတာမင်-ဒီနှင့် ကယ်လ်ဆီယမ်များကိုလည်း ဖြည့်တင်းပေးနိုင်ကြောင်း၊ အထူးသဖြင့် ကိုဗစ်-၁၉ ကပ်ရောဂါကာကွယ်ထိန်းချုပ်ရေးကာလအတွင်း ပြည်သူများသည် မိမိတို့ အိမ်အတွင်း နေထိုင်ကြရသဖြင့် စားသုံးသောအစားအစာများမှ အာဟာရဓာတ်မျှတစွာရရှိရေး ဂရုပြုစားသောက်ကြရမည်ဖြစ်ပြီး ငါးစားသုံးပေးခြင်းဖြင့်လည်း ငါးတွင်ပါဝင်သော ဗီတာမင်-ဒီမှ ရောဂါပိုးများ ခုခံကာကွယ်ရေးနှင့် ကိုယ်ခံစွမ်းအား ကောင်းမွန်ရေးအတွက် အထောက်အပံ့ဖြစ်စေကြောင်း၊ ပြည်သူများသိရှိစေရန် အသိပညာပေးဆောင်ရွက်ခြင်းဖြစ်ကြောင်း ကူမဲငါးလုပ်ငန်းဦးစီးဌာနဦးစီးမှူး ဦးစောအောင်ကိုလတ်က ပြောသည်။

အဆိုပါ အသိပညာပေးဗီနိုင်းကို မြို့နယ်ရပ်ကွက်တာဝန်ရှိသူများက ကူမဲမြို့ တောက်ပရစ်ဇာတ်ရုံရှေ့တွင် စိုက်ထူပေးခဲ့ကြပြီး ကိုဗစ်-၁၉ ကာကွယ်ရေး ငါးရိက္ခာများစားသုံးပေး အသိပညာပေးလက်ကမ်းစာစောင် ၂၅၀ ကို အခွန်လွတ်ဈေးနှင့် ကူမဲဈေးတို့တွင် ဈေးလာရောက် ဝယ်ယူသူများနှင့် ဈေးရောင်းချသူများကို ဖြန့်ဝေအသိပညာပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



# အစိုးရစက်မှုလက်မှုသိပ္ပံကျောင်းတွင်ထားရှိသည့် နေရပ်ပြန်များ စားသောက်ရေးအတွက် အလှူရှင်များ လာရောက်လှူဒါန်း

**ဂန့်ဂေါ ဇွန် ၁၂**
မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့ အစိုးရစက်မှုလက်မှုသိပ္ပံတွင် နေရပ်ပြန် ၈၉ ဦးအတွက် စားသောက်ရေးအဆင်ပြေစေရန် ယမန်နေ့ မွန်းလွဲပိုင်းက အလှူရှင်များလာရောက်လှူဒါန်းကြောင်း ကျွေးမွေးမှုကြီးကြပ်ရေးကော်မတီအဖွဲ့ထံမှ သိရသည်။

"အခုလို အလှူရှင်တွေလာရောက်လှူဒါန်းတဲ့အတွက် နေရပ်ပြန်တွေကိုယ်စားဝမ်းသာမိပါတယ်။ ကိုဗစ်-၁၉ ရောဂါအန္တရာယ်ကာကွယ်ဖို့ ပြည်သူတွေ ပါဝင်ပူးပေါင်းမှုသာ အဓိကကျပါတယ်။ နေရပ်ပြန်တွေက တစ်ရက်ပြီးတစ်ရက် လူဦးရေတိုးလာပါတယ်။ သူတို့ကို ကျား၊ မ ၊နိုင်ငံအလိုက်ခွဲပြီး ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားတဲ့ စည်းကမ်းချက်တွေနဲ့အညီ ထားပါတယ်။ နေရပ်ပြန်တွေကို ကျွေးမွေးနိုင်ဖို့ ဌာနဆိုင်ရာအကြီးအကဲတွေနဲ့ အလှူရှင်တွေကလည်း လာရောက်လှူဒါန်းနေပါတယ်"ဟု ကျွေးမွေးမှုကြီးကြပ်ရေးကော်မတီ အဖွဲ့ခေါင်းဆောင် ခရိုင်အားကစားနှင့် ကာယပညာဦးစီးဌာနမှူး ဦးဇော်ဝင်းကိုက ပြောသည်။



ဂန့်ဂေါမြို့ စည်ပင်သာယာရပ်ကွက်မှ ကိုဇင်မင်းထွန်းနှင့် သူငယ်ချင်းများအဖွဲ့က ဆန်၊ ဆီ၊ ကြက်ဥနှင့် အလှူငွေကျပ် ၅၀၀၀၀ တို့ကို လာရောက်လှူဒါန်းကြရာ ကျွေးမွေးမှုကြီးကြပ်ရေးကော်မတီအဖွဲ့က လက်ခံရယူ၍ ကျေးဇူးတင်စကားပြောကြားကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# ဆီဆိုင်မြို့နယ်၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်

**ဆီဆိုင် ဇွန် ၁၂**
နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ်၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ မြို့နယ်အတွင်းရှိ ကျားတောင်-ကောင်ပန်တန်လမ်း (ခြောက်မိုင်)၏ ၁/၂ မိုင်အား ကတ္တရာခင်းခြင်း၊ ကျန် ၄ မိုင် ၆ ဖာလုံအနက်မှ တစ်မိုင်အား ကတ္တရာထပ်ပိုးလွှာ ခင်းခြင်း၊ လပ်တိုင်-ပင်အွန်လမ်း (၇ မိုင်)၏ ၂ မိုင်အား ကျောက်ခင်းခြင်း၊ ကျန် ၅ မိုင်အနက်မှ နှစ်မိုင်အား ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးခဲ့ပြီဖြစ်သည့်အတွက် ဆီဆိုင်မြို့နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခွန်လှသိန်း၊ ဆီဆိုင်မြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးသိန်းဇော်၊ ဟိုပုံးမြို့နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးစောသန်းချစ်နှင့်အဖွဲ့တို့က ယနေ့နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ငွေကြယ်



# ဒီပဲယင်းမြို့နယ်၌ တောင်သူစွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းဖွင့်

**ဒီပဲယင်း ဇွန် ၁၂**
စစ်ကိုင်းတိုင်းဒေသကြီး ဒီပဲယင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက တောင်သူစွမ်းဆောင်ရည် မြှင့်တင်ရေးသင်တန်းကို တိုင်းဒေသကြီးနှင့် ခရိုင်မြေအသုံးချရေးတာဝန်ခံ၊ မျိုးစေ့တာဝန်ခံ၊ သီးနှံကာကွယ်ရေးတာဝန်ခံတို့က ယမန်နေ့ နံနက်ပိုင်းတွင် ဝဘာကျေးရွာနှင့် ပျော်ဘွယ်ကျေးရွာတို့၌ သွားရောက်ပို့ချခဲ့သည်။

အဆိုပါသင်တန်းကို ဝဘာကျေးရွာအုပ်စု မဲသည်ကျေးရွာမြို့မနည်းပညာပေးစင်တာတွင် တောင်သူ ၂၆ ဦးနှင့် ပျော်ဘွယ်ကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ တောင်သူ ၅၈ ဦးတို့ကို တိုင်းဒေသကြီး မြေအသုံးချရေးတာဝန်ခံ ဒေါ်စန်းစန်းမြင့်က သဘာဝမြေဩဇာပြုလုပ်သုံးစွဲနည်း နည်းပညာများကိုလည်းကောင်း၊ တိုင်းဒေသကြီး မျိုးစေ့တာဝန်ခံ ဒေါ်မင်းမင်းသန်းက မျိုးကောင်းမျိုးသန့်သုံးစွဲရခြင်း၏ အကျိုးကျေးဇူးများကိုလည်းကောင်း၊ တိုင်းဒေသကြီး သီးနှံကာကွယ်ရေးတာဝန်ခံ ဒေါ်စန်းစန်းမြင့်က ဘက်စုံပိုးမွှားရောဂါကာကွယ်နှိမ်နင်းနည်းအကြောင်းကိုလည်းကောင်း၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးအေးမင်းထွန်းက ပြောင်းလဲလာသောရာသီဥတုနှင့်အညီ စိုက်ပျိုးသင့်သည့် သီးနှံစိုက်ပျိုးနည်းပညာများအကြောင်းကိုလည်းကောင်း ရှင်းလင်းဆွေးနွေးခဲ့သည်။



ထို့နောက် မြေဆီလွှာဓာတ်ခွဲစစ်ဆေးခြင်းလုပ်ငန်းများကို လက်တွေ့သရုပ်ပြသခဲ့ပြီး တက်ရောက်လာသော တောင်သူများက သိလိုသည်များကို မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ဇနုဖြူမြို့နယ်အတွင်းရှိ ဧရာဝတီမြစ်ရိုးတစ်လျှောက် ငါးသယံဇာတထိန်းသိမ်းရေး ကွင်းဆင်းဆောင်ရွက်

**ဇနုဖြူ ဇွန် ၁၂**
ဧရာဝတီတိုင်းဒေသကြီး ဇနုဖြူမြို့နယ်အတွင်းရှိ ဧရာဝတီမြစ်ရိုးတစ်လျှောက် ငါးသယံဇာတထိန်းသိမ်းရေးအတွက် ယမန်နေ့ နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနနှင့် ငါးသယံဇာတထိန်းသိမ်းရေးအဖွဲ့တို့ပူးပေါင်း၍ ငါးရစ်ငါးသန် ရာသီချိန်များတွင် ငါးရစ်ငါးများ လွတ်လပ်စွာ ဥချသားပေါက်နိုင်ရေးနှင့် နုနယ်လှသည့် ငါးသားပေါက်များ ဆက်လက်ရှင်သန်နိုင်ရေးအတွက် ငါးရစ်ငါးများနှင့် ငါးသားပေါက်များ ဖမ်းဆီးခြင်းများမပြုရန် ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် ငါးသယံဇာတထိန်းသိမ်းရေး ကွင်းဆင်းဆောင်ရွက်လျက်ရှိပြီး တားမြစ်ချက်များအား လိုက်နာခြင်းမရှိပါက ရေချိုငါးလုပ်ငန်းဥပဒေအရ ထိရောက်စွာ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ဘင်္ဂလားပင်လယ်အော်အခြေအနေ

**နေပြည်တော် ဇွန် ၁၂**
ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအား အသင့်အတင့်ရှိနေသည်။

မိုး/ဇလ

## မြန်မာ့ပင်လယ်ပြင်အခြေအနေ


**နေပြည်တော် ဇွန် ၁၂**
လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ရှစ်ပေခန့်ရှိနိုင်သည်။

မိုး/ဇလ

# သတိပြုဆင်ခြင်ဖွယ်ရာ ဦးနှောက်ထိခိုက်မှုပြဿနာ

ဝင်းသူအောင်(သုတေသန)

လူတိုင်းလူတိုင်းအတွက် ဦးနှောက်ဖွံ့ဖြိုးတိုးတက်မှု၊ ဦးနှောက်အလုပ်လုပ်မှုဟာ အရေးကြီးပါတယ်။ နေ့တစ်နေ့ကို ဖြတ်ကျော်စဉ်မှာ ဆုံးဖြတ်ချက်ချမှတ်ခြင်းဆိုတဲ့ အလုပ်ကို ဦးနှောက်က လုပ်ဆောင်နေရတာဖြစ်တဲ့အတွက် ဦးနှောက်ရဲ့ အသိဉာဏ်ဆိုင်ရာ လုပ်ဆောင်မှုတွေနဲ့ တုံ့ပြန်မှုလုပ်ငန်းစဉ်တွေမထိခိုက်ဖို့ အရေးကြီးပါတယ်။ ဒါကြောင့် ဦးနှောက်အလုပ်လုပ်မှုအပေါ် ဆိုးကျိုးသက်ရောက်စေမယ့်၊ တစ်နည်းအားဖြင့် ဦးနှောက်ကို ထိခိုက်စေမယ့် အောက်ပါအချက်တွေကို အတတ်နိုင်ဆုံးရှောင်ကြဉ်ကြဖို့လိုပါတယ်။




**အိပ်ရေးမဝခြင်း**

တစ်နေ့တာမှာ ၂၄ နာရီစလုံး မအိပ်ဘဲနေတဲ့သူတွေကို လေ့လာကြည့်တဲ့အခါမှာ သူတို့ရဲ့အသိဉာဏ်ဆိုင်ရာ လုပ်ဆောင်ချက်တွေနဲ့ လျှပ်တစ်ပြက်ကြုံတွေ့လာတဲ့ အခြေအနေတစ်ခုအပေါ် တုံ့ပြန်မှုနှုန်းတွေဟာ သွေးထဲမှာ အယ်လ်ကိုဟောခတ်ပါဝင်မှု သုည ဒသမ ၁၀ ရာခိုင်နှုန်း ရှိနေသူတွေနဲ့အတူတူ ဒါမှမဟုတ် ၎င်းတို့ထက်ပိုဆိုးကြောင်း အမေရိကန်နိုင်ငံ ကော်လိုရာဒိုပြည်နယ်မှ အိပ်စက်ခြင်းအမူအကျင့်ဆိုင်ရာ အထူးကုပါရဂူ Richard Shane က ပြောကြားခဲ့ပါတယ်။ ကားအက်ဆီးဒင့်ဖြစ်ပွားမှုကြောင့် သေကျေဒဏ်ရာရရှိမှုဖြစ်စဉ် ၂၀ ရာခိုင်နှုန်းနီးပါးဟာ အိပ်ချင်မူးတူးဖြင့် ကားမောင်းခြင်းရဲ့ ရလဒ်ဖြစ်ကြောင်း အမေရိကန်အမျိုးသားဆေးပညာဆိုင်ရာဌာနက ခန့်မှန်းထားပါတယ်။ ၂၄ နာရီစလုံး မအိပ်စက်မှသာ ထိုကဲ့သို့ထိခိုက်မှုပြဿနာများဖြစ်မည်ဟု တရားသေတွက်မထားကြဖို့လိုကြောင်း၊ နေ့စဉ် ၆ နာရီ၊ ဒါမှမဟုတ် ၆ နာရီထက်လျော့ပြီး အိပ်စက်ခြင်းကြောင့် အလားတူပြဿနာများ ဖြစ်ပေါ်လေ့ရှိကြောင်းလည်း Richard Shane က ပြောကြားခဲ့ပါတယ်။

လူတစ်ယောက်အိပ်စက်ချိန်မှသာ ဦးနှောက်ဟာ အနားရကြောင်း အမေရိကန်နိုင်ငံ မြောက်ကာရိုလိုင်းနားပြည်နယ်ရှိ Duke ဆေးပညာတက္ကသိုလ်မှ ဒေါက်တာ Murali Doraiswamy က ပြောကြားထားပေမယ့် နယူးယောက်မြို့ရှိ Rochester သုတေသနတက္ကသိုလ်ကတော့ ဦးနှောက်ဟာ အိပ်စက်ချိန်မှ ပိုပြီးတက်တက်ကြွကြွ အလုပ်လုပ်ကြောင်း ပြောကြားခဲ့ပါတယ်။ အိပ်စက်နေတဲ့အချိန်မှာ Glymphatic System လို့ခေါ်တဲ့ နေ့အချိန်မှာလုပ်ဆောင်ခဲ့တဲ့ ဘေးထွက်ပစ္စည်းတွေအားလုံးကို ဖယ်ရှားပေးတဲ့စနစ်သစ်တစ်ခုဟာ ဦးနှောက်အတွင်းမှာ အသက်ဝင်လာကြောင်း Rochester သုတေသနတက္ကသိုလ်က တွေ့ရှိခဲ့ပါတယ်။ အိပ်စက်ခြင်းမရှိတဲ့အခါ ဘေးထွက်ပစ္စည်းတွေဟာ ပရိုတိန်းခတ်ကဲ့သို့ပင် စုပုံလာပြီး နာမကျန်းမှုဖြစ်စေနိုင်ကြောင်း၊ ဒါကြောင့် လူတစ်ယောက်ဟာ တစ်ရက်ကို ခုနစ်နာရီအိပ်စက်ပါက သင့်လျော်ကောင်းမွန်ပြီး သို့မဟုတ်ပါက ဦးနှောက်အနေနဲ့ ဘေးထွက်ပစ္စည်းတွေကို ဖယ်ရှားနိုင်စွမ်းမရှိဘဲ အနာဂတ်ကာလမှာ အသိဉာဏ်ဆိုင်ရာရောဂါတွေ ဖြစ်ပွားနိုင်တဲ့ အန္တရာယ်မြင့်မားလာနိုင်ကြောင်း Rochester သုတေသနတက္ကသိုလ်က ပြောကြားခဲ့ပါတယ်။

**ဦးနှောက်အလုပ်လုပ်ဖို့ သကြားဓာတ်လိုအပ်ပေမယ့် ပမာဏများများ စားသုံးမယ်ဆိုရင်တော့ အန္တရာယ်ရှိတဲ့ အကျိုးဆက်တွေ ဖြစ်ပေါ်လာနိုင်ကြောင်း၊ ဆယ်ကျော်သက်အရွယ်ကလေးတွေ တစ်ရက်ကို သကြားဓာတ်ပါတဲ့ အချိုရည် တစ်ဘူးသောက်သုံးခြင်းဟာ စာမေးပွဲရမှတ်လျော့နည်းခြင်းနဲ့ ပတ်သက်ဆက်နွှယ်လျက်ရှိကြောင်းနဲ့ သကြားများများစားသုံးခြင်းကြောင့် ဦးနှောက်ရဲ့ဆဲလ်တွေ အလျင်အမြန် ယိုယွင်းပျက်စီးစေ။**

**အရက်သေစာသောက်စားခြင်း**

လူအများသိရှိလက်ခံထားတဲ့အတိုင်း အရက်သေစာသောက်စားခြင်းဟာ ဦးနှောက်ဆဲလ်အရေအတွက် အများအပြားသေဆုံးစေတဲ့အတွက် အရက်သေစာ မသောက်စားသင့်ပေ။ ဒါ့အပြင် အရက်သေစာသောက်စားခြင်းကြောင့် ဦးနှောက်မှာ ဆဲလ်အသစ်တွေ ပြန်လည်ဖြစ်ပေါ်လာမှုဟာ သိသိသာသာလျော့ကျလာကြောင်း သုတေသနစာတမ်းတွေမှာ ဖော်ပြထားပါတယ်။ တစ်ရက်လျှင် အနည်းဆုံး အရက်နှစ်ခွက်ကနေ သုံးခွက်အထိ သောက်သုံးခြင်းဟာ ဦးနှောက်ရဲ့အလုပ်လုပ်နိုင်တဲ့စွမ်းအားကို ပျက်စီးမှုဖြစ်ပေါ်စေကြောင်း ဗြိတိန်နိုင်ငံရဲ့ နှစ်ရှည်လေ့လာထားတဲ့ သုတေသနစာတမ်းတစ်စောင်မှာ ဖော်ပြထားပါတယ်။

**သကြားပမာဏ များများစားသုံးခြင်း**

ဦးနှောက်အလုပ်လုပ်ဖို့ သကြားဓာတ်လိုအပ်ပေမယ့် ပမာဏများများစားသုံးမယ်ဆိုရင်တော့ အန္တရာယ်ရှိတဲ့ အကျိုးဆက်တွေဖြစ်ပေါ်လာနိုင်ကြောင်း၊ ဆယ်ကျော်သက်အရွယ်ကလေးတွေ တစ်ရက်ကို သကြားဓာတ်ပါတဲ့ အချိုရည်တစ်ဘူးသောက်သုံးခြင်းဟာ စာမေးပွဲရမှတ်လျော့နည်းခြင်းနဲ့ ပတ်သက်ဆက်နွှယ်လျက်ရှိကြောင်းနဲ့ သကြားများများစားသုံးခြင်းကြောင့် ဦးနှောက်ရဲ့ဆဲလ်တွေ အလျင်အမြန်ယိုယွင်းပျက်စီးစေကြောင်း ဟားဗတ်ဆေးကျောင်းက ပြောကြားခဲ့ပါတယ်။

**ခေါင်းတစ်ခြမ်းကိုက်သည့် ဦးယဉ်းနာဖြစ်ခြင်း**

ခေါင်းတစ်ခြမ်းကိုက်သည့် ဦးယဉ်းနာရှိနေတဲ့သူတွေရဲ့ ဦးနှောက်ကို စစ်ဆေးမှုလုပ်ဆောင်ကြည့်တဲ့အခါမှာ ၎င်းတို့ဟာ ဦးယဉ်းနာမရှိတဲ့သူတွေထက် ဦးနှောက်ဒဏ်ရာရမှုဖြစ်ပေါ်ဖို့ ၃၄ ရာခိုင်နှုန်းကနေ ၆၈ ရာခိုင်နှုန်းကျော် အလားအလာရှိကြောင်း ဒိန်းမတ်နိုင်ငံ ကိုပင်ဟေဂင် သုတေသနတက္ကသိုလ်က ပြောကြားခဲ့ပါတယ်။ အချို့သော အသေးစားဦးနှောက်ဒဏ်ရာရမှုတွေဟာ စိုးရိမ်စရာမရှိပေမယ့် အချို့ကတော့ ဦးနှောက်မှာရှိတဲ့ အသားစတစ်သျှုးလေးတွေ မာကျောသွားခြင်း၊ လေသင်တုန်းဖြတ်ခြင်း၊ အသားပိုထွက်ခြင်းအပါအဝင် အခြားရောဂါတွေနဲ့ ပတ်သက်ဆက်နွှယ်လျက်ရှိကြောင်းလည်း ကိုပင်ဟေဂင် သုတေသနတက္ကသိုလ်က ပြောကြားခဲ့ပါတယ်။

**လုပ်ငန်းအများအပြားကို တစ်ပြိုင်တည်းလုပ်ကိုင်ခြင်း**

တစ်ချိန်တည်းမှာ လုပ်ငန်းတစ်ခုမကလုပ်ကိုင်ခြင်းဟာ တွေးတောမှုအပိုင်းကိုလုပ်ဆောင်တဲ့ ဦးနှောက်ရဲ့ ရှေ့ဘက်ခြမ်းမှာရှိတဲ့ အကန့်တွေကို ဝန်ပိစေကြောင်း အမေရိကန်နိုင်ငံ တက္ကဆက်တက္ကသိုလ်မှ ဦးနှောက်ကျန်းမာရေးဌာနထူထောင်သူနဲ့ ညွှန်ကြားရေးမှူးချုပ်ဖြစ်သူ Sandra Bond Chapman က ပြောကြားခဲ့ပါတယ်။ သင့်အနေနဲ့ တစ်ချိန်တည်းမှာ လုပ်ငန်းနှစ်ခု၊ ဒါမှမဟုတ် နှစ်ခုထက် ပိုပြီးလုပ်နိုင်တယ်လို့ ထင်နေပေမယ့် အမှန်စင်စစ်အားဖြင့် ဦးနှောက်ဟာ အလုပ်တစ်ခုကနေ နောက်တစ်ခုကို အလျင်အမြန် ပြောင်းလုပ်ရတဲ့အတွက်ကြောင့် လုပ်ငန်းတစ်ခုစီကိုလုပ်ဖို့ အချိန်ပိုယူရကြောင်း Sandra Bond Chapman က ပြောကြားခဲ့ပါတယ်။ ဒါ့အပြင် လုပ်ငန်းအများအပြားကို တစ်ပြိုင်တည်း လုပ်ကိုင်ခြင်းဟာ ဖန်တီးနိုင်စွမ်းကို လျော့ကျစေခြင်း၊ အမှားများခြင်း၊ ဘယ်အရာ အရေးအကြီးဆုံးလဲဆိုတာကို ဆုံးဖြတ်နိုင်စွမ်းနည်းခြင်း၊ စိတ်ဖိစီးမှုများခြင်း၊ မှတ်ဉာဏ်ပိုင်းမှာ အားနည်းခြင်း စတဲ့ပြဿနာတွေ ကြုံတွေ့ရကြောင်း Sandra Bond Chapman က ပြောကြားခဲ့ပါတယ်။

**အဝလွန်ခြင်း**

အဝလွန်ခြင်းနဲ့ ဦးနှောက်တို့အကြား ပတ်သက်ဆက်နွှယ်မှုနဲ့စပ်လျဉ်းပြီး အံ့အားသင့်သွားသလား။ မှန်ပါတယ်။ အံ့အားသင့်နိုင်ပါတယ်။ သို့သော်လည်း အဝလွန်ခြင်းကြောင့် ခန္ဓာကိုယ်တွင်းမှာ အစာချက်မှု၊ ကြီးထွားမှု၊ စွန့်ထုတ်မှုတို့နဲ့သက်ဆိုင်တဲ့ ဇီဝဖြစ်စဉ်စနစ်ဟာ ပုံမှန်မဟုတ်နိုင်ကြောင်းနဲ့ ခန္ဓာကိုယ်အလေးချိန် ပိုများလာခြင်းကြောင့် ဦးနှောက်ရဲ့မှတ်ဉာဏ်အကန့်တွေရဲ့ အရွယ်အစားပိုသေးလာကြောင်း သုတေသနစာတမ်းတွေမှာ ဖော်ပြခဲ့ပါတယ်။ လေသင်တုန်းဖြတ်ခြင်းနဲ့ ဦးနှောက်ပုံမှန်အလုပ်မလုပ်နိုင်တော့ဘဲ မှတ်ဉာဏ်ချို့ယွင်းတဲ့ရောဂါ အယ်လ်ဇိုင်းမားကဲ့သို့ ဦးနှောက်ကိုထိခိုက်စေမယ့် အခြေအနေတွေနဲ့ အဝလွန်ခြင်းတို့အကြား အပြန်အလှန်ပတ်သက်ဆက်နွှယ်လျက်ရှိကြောင်း Duke ဆေးပညာတက္ကသိုလ်မှ ဒေါက်တာ Murali Doraiswamy က ပြောကြားခဲ့ပါတယ်။ ဒါကြောင့် ခန္ဓာကိုယ်အလေးချိန်နဲ့ ခန္ဓာကိုယ်အလေးချိန် ညွှန်းကိန်း(Body Mass Index–BMI) တို့ကို ကျန်းမာရေးအရ သတ်မှတ်ထားတဲ့ နှုန်းထားအတွင်းမှာရှိနေအောင် ဆောင်ရွက်ဖို့နဲ့ ရှိမနေဘူးဆိုရင် ဆရာဝန်နဲ့တွေ့ပြီး ဆွေးနွေးတိုင်ပင်သင့်ကြောင်း Duke ဆေးပညာတက္ကသိုလ်မှ ဒေါက်တာ Murali Doraiswamy က ပြောကြားခဲ့ပါတယ်။

**အကြံပြုတိုက်တွန်းချက်**

မည်သို့ပင်ဆိုစေကာမူ လူ့ခန္ဓာကိုယ်မှာ ရှိသမျှအစိတ်အပိုင်းတိုင်းဟာ လူတစ်ယောက်ကျန်းမာစွာနဲ့ သက်တမ်းစေ့နေနိုင်ဖို့ သူ့နေရာနဲ့သူ အရေးကြီးတဲ့အခန်းကဏ္ဍတွေကနေ ပါဝင်လျက်ရှိပါတယ်။ ထို့အတွက် အစိတ်အပိုင်းတစ်ခုချင်းစီရဲ့ အလုပ်လုပ်ပုံ၊ မိမိတို့ကိုယ်တိုင်မသိလို့ဖြစ်စေ၊ သိလျက်နဲ့ဖြစ်စေ မဆင်မခြင်လုပ်ဆောင်လိုက်ခြင်းကြောင့် ၎င်းတို့အပေါ်ထိခိုက်စေပုံတို့ကို မဖြစ်မနေသိရှိထားဖို့ လိုအပ်လှပါတယ်။ သို့မှသာ မိမိကိုယ်ကိုဘယ်လိုကျန်းမာအောင်နေမလဲဆိုတာ အသိဉာဏ်နဲ့ယှဉ်ပြီး သတိပြုဆင်ခြင်နိုင်ကြမှာ ဖြစ်ပါတယ်။ ဒါကြောင့် ရခဲလှတဲ့လူ့ဘဝမှာ အသက်ရှည်ရာ အနာမဲ့စွာဖြင့် မိမိတို့ချစ်ခင်မြတ်နိုးရတဲ့ မိသားစုတွေ၊ မိတ်ဆွေအပေါင်းအသင်း သူငယ်ချင်းတွေနဲ့ ကျန်းမာပျော်ရွှင်စွာနေထိုင်သွားနိုင်ဖို့ ဦးနှောက်မထိခိုက်စေရေးအချက်များကို သတိပြုဆင်ခြင်နိုင်ကြပါစေကြောင်း အကြံပြုတိုက်တွန်းလိုက်ရပါတယ်။

**(Things that are bad for your brain, Reader's Digest Magazine အား ဘာသာပြန်ဆိုပါသည်။)**

## ကိုယ့်အားကိုယ်ကိုး ကျေးလက်ကျန်းမာရေးဌာနခွဲ လွှဲပြောင်းပေးအပ်




**ကျောင်းကုန်း ဇွန် ၁၂**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် မိုးမခအုပ်စု မိုးမခကျေးရွာ၌ ဝက်ချောင်းကျေးလက်ကျန်းမာရေးဌာနအောက်ရှိ မိုးမခကျေးလက်ကျန်းမာရေးဌာနခွဲ ကိုယ့်အားကိုယ်ကိုး ဆေးခန်းအား ကျန်းမာရေးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲကို ယမန်နေ့မွန်းလွဲပိုင်းက ကျင်းပခဲ့သည်။

အဆိုပါ ကျေးလက်ကျန်းမာရေးဌာနခွဲအဆောက်အအုံ ဆောက်လုပ်ရန် ကျေးရွာဒေသခံများက ပေ ၁၀၀ ပတ်လည်မြေနေရာ လှူဒါန်းခြင်း၊ ပေ ၂၀ ပေ ၃၀ ထရံကာ၊ သွပ်မိုးဆောက်လုပ်ခြင်း၊ သောက်ရေသုံးရေ စီစဉ်ပေးခြင်းတို့ ဆောင်ရွက်ပေးခဲ့ပြီး ကျန်းမာရေးဌာနက မေလမှစတင်ကာ သားဖွားဆရာမတစ်ဦးနှင့် ကျန်းမာရေးကြီးကြပ်-၂ တစ်ဦးတို့ ခန့်ထားပေးခဲ့ကြောင်း သိရသည်။

မိုးမခကျေးလက်ကျန်းမာရေးဌာနခွဲသည် အနီးပတ်ဝန်းကျင်ရှိ ကျေးရွာကိုးရွာမှ ပြည်သူ ၂၃၀၀ ကျော်အား ဆေးကုသပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

ကျန်းမာရေးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲသို့ လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်ပညာ/ ကျန်းမာကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ် ဆရာဝန်ကြီးနှင့် ကျန်းမာရေးဝန်ထမ်းများ၊ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ၂၀၂၀ ဩဂုတ်မှ ၂၀၂၁ ဒီဇင်ဘာအထိ WLC မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲ ကိုးပွဲ ကျင်းပမည်

**ရန်ကုန် ဇွန် ၁၂**


မြန်မာလက်ဝှေ့ကော်မတီ... 

မြန်မာလက်ခမောင်းကုမ္ပဏီသည် ၂၀၂၀ ပြည့်နှစ် ဩဂုတ်လမှ ၂၀၂၁ ခုနှစ် ဒီဇင်ဘာလအထိ ကျင်းပမည့် WLC (ကမ္ဘာ့ချန်ပီယံရှစ် မြန်မာ့ရိုးရာလက်ဝှေ့) ပြိုင်ပွဲများကို ထုတ်ပြန်လိုက်ပြီဖြစ်ပြီး ပြိုင်ပွဲကိုးခု ကျင်းပသွားမည်ဖြစ်သည်။

မြန်မာလက်ခမောင်းကုမ္ပဏီသည် ယင်းပြိုင်ပွဲကိုးခုကို မြန်မာနိုင်ငံရှိ မြို့ကြီးများအပါအဝင် ပြည်ပနိုင်ငံများ၌လည်း ကျင်းပမည်ဖြစ်သည်။ ၂၀၂၀ ပြည့်နှစ်တွင် ပြိုင်ပွဲသုံးခု၊ ၂၀၂၁ ခုနှစ်တွင် ပြိုင်ပွဲခြောက်ခု ကျင်းပမည်ဖြစ်ပြီး ပြည်ပပြိုင်ပွဲများကို ဂျပန်၊ အမေရိကန်၊ ထိုင်းနှင့် ကမ္ဘောဒီးယားနိုင်ငံတို့တွင် ကျင်းပရန် စီစဉ်ထားကာ ပထမဆုံးပြည်ပပြိုင်ပွဲကိုမူ ကမ္ဘောဒီးယားနိုင်ငံ၌ ကျင်းပမည်ဖြစ်သည်။ မြန်မာလက်ခမောင်း၏ ထုတ်ပြန်ချက်အရ ယခုနှစ် ဩဂုတ် ၇ ရက်တွင် ရန်ကုန်၊ စက်တင်ဘာ ၁၈ ရက်တွင် ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့၊ နိုဝင်ဘာ ၂၇ ရက်တွင် မန္တလေးမြို့၌ ကျင်းပမည်ဖြစ်ပြီး ၂၀၂၁ ခုနှစ် ဇန်နဝါရီ ၈ ရက်တွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၊ မတ် ၁၂ ရက်တွင် ရန်ကုန်မြို့၊ မေ ၁ ရက်တွင် ဘားအံမြို့၊ ဩဂုတ် ၆ ရက်တွင် ဂျပန်နိုင်ငံ တိုကျိုမြို့၊ နိုဝင်ဘာ ၅ ရက်တွင် အမေရိကန် နိုင်ငံ၊ ဒီဇင်ဘာ ၃ ရက်တွင် မန္တလေးမြို့တို့၌ ကျင်းပမည်ဖြစ်သည်။ ယခုနှစ် ဩဂုတ်လနှင့် စက်တင်ဘာလတွင် ကျင်းပမည့်ပြိုင်ပွဲများမှာ ကိုရိုနာဗိုင်းရပ်စ်အခြေအနေအပေါ် မူတည်၍ ရက်အပြောင်းအလဲရှိနိုင်ကြောင်း သိရသည်။ မြန်မာလက်ခမောင်းကုမ္ပဏီသည် ဧပြီ ၃ ရက်တွင် ကမ္ဘောဒီးယားနိုင်ငံ၌ ပထမဆုံးပြည်ပပြိုင်ပွဲ ကျင်းပရန် စီစဉ်ထားသော်လည်း ကိုရိုနာဗိုင်းရပ်စ်အခြေအနေကြောင့် ရွှေ့ဆိုင်းခဲ့ရခြင်းဖြစ်ပြီး စက်တင်ဘာလတွင် ပြန်လည်ကျင်းပမည်ဖြစ်သည်။

မြန်မာလက်ခမောင်းကုမ္ပဏီသည် မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲများကို နိုင်ငံတကာသို့ ထိုးဖောက်နိုင်ရန် ပြည်ပနိုင်ငံများတွင် ကျင်းပနိုင်ရန် ကြိုးပမ်းနေခြင်းဖြစ်သလို နိုင်ငံတကာမှ ရုပ်သံလိုင်းများတွင် ထုတ်လွှင့်ပြသလျက်ရှိသည်။

**ရှိုင်းထက်ဇော်**



## အာဆင်နယ် နောက်တန်းကစားသမား ဟက်တာဘယ်လာရင်ကို ပေါင် ၂၇ သန်းနဲ့ ခေါ်ယူနိုင်ရေး အင်တာမီလန်အသင်း ပြင်ဆင်နေ

အီတလီစီးရီးအေကလပ် အင်တာမီလန်အသင်းဟာ အာဆင်နယ်အသင်းနောက်တန်းကစားသမား ဟက်တာဘယ်လာရင်ကို နွေရာသီဈေးကွက်အတွင်းမှာ ခေါ်ယူဖို့ စိတ်ဝင်စားနေပြီး ချယ်လ်ဆီးအသင်းရဲ့ တိုက်စစ်မှူး အိုလီဗာဂျရူးကိုလည်း ခေါ်ယူဖို့ ပြင်ဆင်နေတယ်လို့ သိရပါတယ်။

အသက် ၂၅ နှစ်အရွယ် စပိန်ကစားသမား ဘယ်လာရင်ဟာ အင်တာမီလန်အသင်းက ခေါ်ယူဖို့ စီစဉ်ထားတဲ့ နောက်တန်းကစားသမားတွေထဲမှာ ဦးစားပေးကစားသမားစာရင်းရဲ့ ထိပ်ဆုံးမှာရှိနေပြီး ပြောင်းရွှေ့ကြေးပေါင် ၂၇ သန်းနဲ့ ခေါ်ယူဖို့ စီစဉ်နေတာဖြစ်ပါတယ်။

လက်ရှိမှာ နောက်တန်းကစားသမား ဘယ်လာရင်ရဲ့ အာဆင်နယ်အသင်းနဲ့ ချုပ်ဆိုထားတဲ့ စာချုပ်သက်တမ်းက သုံးနှစ်ကျန်ရှိနေသေးပြီး ဘယ်လာရင်ကိုယ်တိုင်ကတော့ နည်းပြအာတီတာရဲ့ လက်ထက်မှာ ပုံမှန်ခြေစွမ်းပြကစားနိုင်စွမ်းရှိတာကြောင့် အာဆင်နယ်အသင်းမှာပဲ ဆက်ကစားဖို့ ရှိနေတာဖြစ်ပါတယ်။

နောက်တန်းကစားသမား ဘယ်လာရင်ဟာ လာမယ့်တစ်ပတ်ထဲမှာ အာဆင်နယ်အသင်းနဲ့ မန်စီးတီးအသင်းတို့ ယှဉ်ပြိုင်ကစားမယ့် ပရီမီယာလိဂ်ပွဲစဉ်မှာ အာဆင်နယ်အသင်းအတွက် အကောင်းဆုံးရလဒ်ထွက်ပေါ်အောင် စွမ်းဆောင်ပေးဖို့ ရှိနေသူဖြစ်ပြီး အာဆင်နယ်အသင်းဟာ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ဖြစ်ပွားမှုကြောင့် ပြိုင်ပွဲတွေ ရပ်နားထားရချိန် ပရီမီယာလိဂ်အမှတ်ပေးဇယားရဲ့ အဆင့် ၉ နေရာမှာ ရပ်တည်နေတာလည်းဖြစ်ပါတယ်။

## ၂၀၂၀ ဆူဇူကီးဖလားပြိုင်ပွဲကို ပုံစံပြောင်းလဲကျင်းပရန် ဆွေးနွေးနေပြီး အာဆီယံဘောလုံးအဖွဲ့ချုပ်ကောင်စီအစည်းအဝေးတွင် အတည်ပြုမည်

**ရန်ကုန် ဇွန် ၁၂**

အာဆီယံဘောလုံးအဖွဲ့ချုပ်သည် ကိုရိုနာဗိုင်းရပ်စ်အခြေအနေကြောင့် နိုဝင်ဘာလတွင် ကျင်းပမည့် ၂၀၂၀ အာဆီယံဆူဇူကီးဖလားပြိုင်ပွဲကို ပုံစံပြောင်းလဲကျင်းပရန် ဆွေးနွေးနေပြီး အာဆီယံဘောလုံးအဖွဲ့ချုပ်ကောင်စီအစည်းအဝေးတွင် အတည်ပြုမည်ဖြစ်သည်။ အာဆီယံဘောလုံးအဖွဲ့ချုပ်ပြိုင်ပွဲကျင်းပရေးကော်မတီသည် ယခုနှစ်အတွင်း ကျင်းပမည့်ပြိုင်ပွဲများနှင့်ပတ်သက်သည့် အစည်းအဝေးကို ဇွန် ၁၁ ရက်က Video Conferencing ဖြင့် ပြုလုပ်ခဲ့ပြီး မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးကိုကိုသိန်း တက်ရောက်ဆွေးနွေးခဲ့သည်။

ယင်းအစည်းအဝေးတွင် အာဆီယံဆူဇူကီးဖလားပြိုင်ပွဲနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ခြင်းဖြစ်ပြီး ပြိုင်ပွဲကျင်းပမည့် ပုံစံပြောင်းလဲခြင်း ရှိ၊ မရှိကို ဇွန် ၁၅ ရက်တွင် ပြုလုပ်မည့် အာဆီယံဘောလုံးအဖွဲ့ချုပ်ကောင်စီအစည်းအဝေးတွင် အတည်ပြုသွားမည်ဖြစ်သည်။ အာဆီယံဘောလုံးအဖွဲ့ချုပ်သည် ကိုရိုနာဗိုင်းရပ်စ်အခြေအနေကြောင့် ပြိုင်ပွဲဝင်အသင်းများ ခရီးသွားလာရမှု နည်းပါးစေရန် ယခင်စီစဉ်ထားသည့် ပြိုင်ပွဲပုံစံအစား အုပ်စုတစ်ခုကို အိမ်ရှင်နိုင်ငံရွေးချယ်ကာ ကျင်းပရန် ဆွေးနွေးခဲ့ခြင်းဖြစ်သည်။ ယခင်က အိမ်ရှင်နိုင်ငံ သတ်မှတ်ခြင်းမရှိဘဲ အုပ်စုပွဲများကို ပြိုင်ပွဲဝင်တစ်သင်းလျှင် အိမ်ကွင်းနှစ်ပွဲ၊ အဝေးကွင်းနှစ်ပွဲ ကစားရခြင်းဖြစ်ပြီး ဆီမီးဖိုင်နယ်နှင့် ဗိုလ်လုပွဲကိုမူ အိမ်ကွင်း၊ အဝေးကွင်းပုံစံဖြင့် ကျင်းပခြင်းဖြစ်သည်။ ယင်းပြိုင်ပွဲကို အရှေ့တောင်အာရှ ၁၀ သင်းဖြင့် ကျင်းပမည်ဖြစ်ပြီး ၁၁ သင်းရှိနေသောကြောင့် အဆင့်သတ်မှတ်ချက်တွင် အောက်ဆုံး၌ ရပ်တည်သည့်နှစ်သင်းမှာ Play-off ကစားပြီး အနိုင်ရသည့် တစ်သင်းသာ နောက်ဆုံးအဆင့်သို့ ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်သည်။ မြန်မာအသင်းသည် ယင်းပြိုင်ပွဲတွင် နှစ်စဉ်ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး အမြင့်ဆုံးရပ်တည်မှုအဖြစ် ၂၀၀၄ ပြိုင်ပွဲနှင့် ၂၀၁၆ ပြိုင်ပွဲတွင် ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်ခဲ့သည်။ မြန်မာအသင်းသည် ၂၀၁၈ ပြိုင်ပွဲတွင် အုပ်စုအဆင့်မှ ထွက်ခဲ့ရသည်။

အာဆီယံဆူဇူကီးဖလားပြိုင်ပွဲ (ယခင် တိုက်ဂါးဖလားပြိုင်ပွဲ၊ အာဆီယံချန်ပီယံရှစ်ပြိုင်ပွဲ)ကို ၁၉၉၆ ခုနှစ်တွင် စတင်ကျင်းပခဲ့ပြီး ထိုင်းအသင်းက ငါးကြိမ်ဗိုလ်စွဲကာ အအောင်မြင်ဆုံးအသင်းအဖြစ် ရပ်တည်နေသည်။ ယင်းအသင်း၏နောက်တွင် စင်ကာပူအသင်းက လေးကြိမ်၊ ဗီယက်နမ်အသင်းက နှစ်ကြိမ်၊ မလေးရှားအသင်းက တစ်ကြိမ် ဗိုလ်စွဲထားသည်။

**ရှိုင်းထက်ဇော်**

## ဘောလုံးရာသီမကုန်ဆုံးမီ နွေရာသီအပြောင်းအရွှေ့ဈေးကွက် ဖွင့်လှစ်ခွင့်ပြုမည်ဟု ဖီဖာကြေညာ

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (ဖီဖာ)ရဲ့ စည်းမျဉ်းသစ်တွေရဲ့အောက်မှာ ကျင်းပမယ့် အခုနှစ်ဘောလုံးရာသီရဲ့ ဘောလုံးပြိုင်ပွဲတွေ မပြီးဆုံးခင်မှာ နွေရာသီအပြောင်းအရွှေ့ဈေးကွက်ကို ပြန်လည်ဖွင့်လှစ်ခွင့်ပြုသွားမယ်လို့ ဖီဖာက ကြေညာထားခဲ့ပါတယ်။

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်ဟာ ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှုကြောင့် ကမ္ဘာတစ်ဝန်းရှိဘောလုံးပြိုင်ပွဲတွေ ကြန့်ကြာခဲ့ရတဲ့အပေါ် တုံ့ပြန်ဆောင်ရွက်တဲ့အနေနဲ့ ပြိုင်ပွဲတွေမပြီးဆုံးခင်မှာ အပြောင်းအရွှေ့ဈေးကွက်ကိုပြန်လည်ဖွင့်လှစ်နိုင်ဖို့ စီစဉ်ခဲ့တာလည်းဖြစ်ပါတယ်။

ပရီမီယာလိဂ် အမှုဆောင်ချုပ် ရစ်ချက်မာစတာကတော့ ဇူလိုင် ၂၅ ရက်မတိုင်ခင် အင်္ဂလန်ကလပ်အသင်းတွေ အနေနဲ့ ကစားသမားသစ်တွေ ခေါ်ယူခွင့်ပြုမှာမဟုတ်ဘူးလို့ ဆိုခဲ့ပါတယ်။ ဒါပေမယ့် လက်ရှိအချိန်မှာတော့ ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်က စည်းမျဉ်းသစ်တွေ ချမှတ်ပြီး ရာသီမကုန်ဆုံးမီ အပြောင်းအရွှေ့ဈေးကွက်ပြန်လည်ဖွင့်လှစ်ခွင့်ပြုသွားဖို့ ကြေညာခဲ့တာဖြစ်ပါတယ်။

လက်ရှိအနေအထားရ အင်္ဂလန်ကလပ်အသင်းတချို့ဟာ အက်ဖ်အေဖလား၊ ချန်ပီယံလိဂ်ဖလားနဲ့ ယူရိုပါလိဂ်ဖလားတွေ ယှဉ်ပြိုင်ကစားရဖို့ ရှိနေစဉ်မှာပဲ အင်္ဂလန်ပရီမီယာလိဂ်ကို ဇွန် ၁၇ ရက်မှာ ပြန်လည်ယှဉ်ပြိုင်ကစားခွင့်ရရှိထားတာ ဖြစ်ပါတယ်။ အင်္ဂလန်ကလပ်အသင်းတွေဟာ လက်ရှိမှာ ပရီမီယာလိဂ်ပွဲစဉ် အနည်းဆုံး ကိုးပွဲစီကစားဖို့ ကျန်နေသေးတာလည်းဖြစ်ပါတယ်။

**ငွေကြယ် - စုစည်းသည်**

## အနုပညာ

## BTS ရဲ့ ခုနစ်နှစ်ပြည့် နှစ်ပတ်လည်အတွက် တွစ်တာက အီမိုဂျီသစ်များဖန်တီး

တောင်ကိုရီးယားရဲ့ ကမ္ဘာကျော်အမျိုးသားတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ BTS ရဲ့ ဂီတသက်တမ်းခုနစ်နှစ်ပြည့်နှစ်ပတ်လည်အတွက် တွစ်တာက အမှတ်တရတစ်ခုကို ဖန်တီးပေးခဲ့ပါတယ်။ ဒါကတော့ BTS အတွက် အထူးရည်ရွယ်ထားတဲ့ အီမိုဂျီပုံလေးတွေ ဖန်တီးပေးခဲ့ခြင်းဖြစ်ကြောင်း ကိုရီးယားဘိုးဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။



BTS ဟာ ဇွန် ၁၃ ရက်မှာ ဂီတသက်တမ်း ခုနစ်နှစ်ပြည့်မြောက်မှာဖြစ်ပါတယ်။ ပထမဆုံးပွဲဦးထွက်တေးသီချင်း ထုတ်လွှင့်ခဲ့တာ ခုနစ်နှစ်ပြည့်မြောက်တဲ့ ဇွန် ၁၃ ရက်မှ ဇွန်လကုန်အထိ လူမှုကွန်ရက်မီဒီယာတစ်ခုဖြစ်တဲ့ တွစ်တာက BTS အတွက် ရည်ရွယ်ဖန်တီးထားတဲ့ အီမိုဂျီပုံသစ် ကိုးခုကို စတင်စမ်းသပ်ကာ အသုံးပြုခွင့်ပေးသွားမှာဖြစ်ကြောင်းလည်း သိရပါတယ်။

အဆိုပါ အီမိုဂျီသစ် ကိုးခုအနက် နှစ်ခုမှာ အဖွဲ့ရဲ့ လိုဂိုနဲ့ ပရိသတ်တွေဖြစ်ကြတဲ့ ARMY လိုဂိုဖြစ်ကာ အဆိုပါလိုဂိုနှစ်ခုစလုံးကို အနက်ရောင်နဲ့ ဒီဇိုင်းဖန်တီးထားကြောင်းလည်း သိရပါတယ်။ ဒီလို အနက်ရောင်ကို အသုံးပြုရခြင်းမှာ အမေရိကန်ရဲတွေရဲ့ အင်အားသုံးဖမ်းဆီးမှုအတွင်း သေဆုံးခဲ့ရတဲ့ လူမည်းအမျိုးသား ဂျော့ဂျ်ဖလွိုက်သေဆုံးမှုနဲ့ ပတ်သက်ပြီး လူမျိုးရေးခွဲခြားမှုတွေကို ဆန့်ကျင်တဲ့ လှုပ်ရှားမှုတစ်ခုဖြစ်တဲ့ BlackLivesMatter အတွက် ရည်ရွယ်တာဖြစ်ကြောင်းလည်း သိရပါတယ်။ အဆိုပါလှုပ်ရှားမှုမှာ BTS အဖွဲ့လည်း ပါဝင်လှုပ်ရှားခဲ့ပါတယ်။

ကျန်ရှိနေတဲ့ အီမိုဂျီပုံ ခုနစ်ခုကတော့ အဖွဲ့ဝင်တစ်ဦးချင်းစီအတွက် ရည်ရွယ်ထားတဲ့ပုံတွေဖြစ်ကြောင်းလည်း သိရပါတယ်။

BTS အဖွဲ့ကလည်း အဖွဲ့ရဲ့ ခုနစ်နှစ်မြောက် နှစ်ပတ်လည်အတွက် အမှတ်တရများစွာ ဖန်တီးထုတ်လုပ်လျက်ရှိပါတယ်။ အဖွဲ့ဝင်တွေ ကိုယ်တိုင်ရေးသားတဲ့ ကိုယ်ရေးအချက်အလက်တွေ၊ မိသားစုဓာတ်ပုံတွေ စတဲ့ ပုဂ္ဂိုလ်ရေးဆိုင်ရာ အကြောင်းအရာတွေအပြင် တေးသီချင်းသစ်တွေ၊ တေးဗီဒီယိုသစ်တွေနဲ့ အစီအစဉ်သစ်များစွာကို ဖန်တီးခဲ့ကြောင်းလည်း သိရပါတယ်။

## လက်ထပ်တော့မယ့်အကြောင်း ပြောကြားလာတဲ့ ချန်းမင်း

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသားတေးဂီတအဖွဲ့ TVXQ ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ချန်းမင်းက သူဟာ မကြာမီ လက်ထပ်တော့မှာဖြစ်ကြောင်း လက်ရေးစာမူတစ်ခုကို ရေးသားကာ လူမှုကွန်ရက်စာမျက်နှာပေါ်မှာ ဖော်ပြခဲ့ကြောင်း စွန်ပီဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ချန်းမင်းရဲ့ ဖော်ပြချက်ကို အဖွဲ့ရဲ့ဖျော်ဖြေရေး အေဂျင်စီဖြစ်တဲ့ အက်စ်အမ်အင်တာတိန်းမန့်ကလည်း အတည်ပြုခဲ့ပြီး မင်္ဂလာပွဲကို လာမယ့် စက်တင်ဘာ ၅ ရက်မှာ ပြုလုပ်သွားမှာဖြစ်တယ်လို့ ဆိုပါတယ်။ သို့သော် ချန်းမင်းရဲ့ သတို့သမီးဟာ အနုပညာအသိုင်းအဝိုင်းမှ မဟုတ်တာကြောင့် မင်္ဂလာပွဲနဲ့ပတ်သက်ပြီး အသေးစိတ်ထုတ်ဖော်ပြောကြားနိုင်ခြင်းမရှိကြောင်း ပြောကြားခဲ့ပါတယ်။

**အေးပြည့် - စုစည်းသည်**

## ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

လှည်းကူးမြို့ပေါ် ရပ်ကွက်၊ ဈေးအနီး၊ ကျောင်းအနီး၊ ကွန်ကရစ်လမ်းဘေး၊ မီးရှိ၊ ညှိနှိုင်းဈေး

ပေ ၄၀x၆၀ = ၁၀၀ သိန်း

ပေ ၄၀x၅၀ = ၈၅ သိန်း

ပေ ၂၅x၅၀ = ၅၅ သိန်း

ဖုန်း-၀၉-၄၂၁၁၆၁၁၉၈၊ ၀၉-၄၅၀၃၇၈၃၇၇

---

ဒဂုံမြို့သစ်မြောက်ပိုင်း၊ ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ ပေ(၁၉x၅၄)၊ BCC ကျပြီး၊ တိုက်ခန်းမြေညီထပ်ခိုးပါ ရောင်းရန်ရှိသည်။
ကားရပ်ရန်နေရာကျယ်ပြီး ဆိုင်ခန်း၊ ရုံးခန်းများအတွက် နေရာကောင်း၊
အတွင်းလမ်း၊ မြေညီမှန်ခန်း၊ ပေါက်ဈေးခန့်သာရှိသည်။
(၁၄၀၀) ညှိနှိုင်း
Ph: 09-5016021, 09-5310500, 09-73000121

---

## ကန့်ကွက်နိုင်ပါကြောင်း

ဒက္ခိဏသီရိမြို့၊ ရွှေအင်ကြင်းရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂/ရွှေအင်ကြင်းအနောက်ရပ်)၊ မြေကွက်အမှတ်(ဒ-၄၈၂၆)၊ မြေဧရိယာ(၀.၀၈၂)ဧကရှိ ဦးမင်းမင်း(ဘ) ဦးသောင်း [၉/လဝန(နိုင်)၂၃၅၂၈၇] အမည်ပေါက်ပါမစ်မြေကွက်အား ဦးစိန်မင်း(ဘ)ဦးစိန်ဝင်း [၁၂/မဘန(နိုင်)၀၁၃၉၆၀]မှ မြေပေးမိန့်(ပါမစ်)မူရင်း၊ မြေကွက်အရောင်းအဝယ်ကတိစာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူ တရားရုံးကျမ်းကျိန်လွှာမူရင်း၊ ဝယ်ယူသူမှ ဝန်ခံကတိပြုချက်မူရင်းများတင်ပြ၍ မြေငှားစာချုပ် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေး ကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော် စည်ပင်သာယာရေး ကော်မတီ**

---

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## ဧရာဝတီတိုင်းဒေသကြီး
## လမ်းဦးစီးဌာနမြောင်းမြခရိုင်မှ
## ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်မည့် လုပ်ငန်းခွင်သုံးပစ္စည်းများအား အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း
## တင်ဒါအမှတ်(၈/၂၀၁၉-၂၀၂၀)

၁။ ဧရာဝတီတိုင်းဒေသကြီး၊ လမ်းဦးစီးဌာန၊ မြောင်းမြခရိုင်မှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်မည့် လမ်း-တံတား လုပ်ငန်းများ၌ အသုံးပြုရန် လိုအပ်သောလုပ်ငန်းခွင်သုံးပစ္စည်းများအား သက်ဆိုင်ရာဆိပ်ကမ်းအလိုက် (ကမ်းပုံ) မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ လိုအပ်သည့် လုပ်ငန်းခွင်သုံးပစ္စည်းများ၏ အမျိုးအစား၊ အရေအတွက်၊ ဝယ်ယူလိုသည့် အသေးစိတ်စာရင်းနှင့် တင်ဒါစည်းကမ်းချက်များကို မြောင်းမြခရိုင်၊ ခရိုင်လက်ထောက်ညွှန်ကြားရေးမှူးရုံး၏ ကြော်ငြာသင်ပုန်းတွင် ၁-၇-၂၀၂၀ ရက်မှစတင်၍ ဖော်ပြထားမည်ဖြစ်ပါသည်။

| | | |
|---|---|---|
| တင်ဒါပိတ်မည့်နေ့ရက်/အချိန် | - | ၁၄-၇-၂၀၂၀ ရက်၊ (၁၄:၀၀) နာရီ |
| တင်ဒါဖွင့်မည့် နေ့ရက်/အချိန် | - | ၁၅-၇-၂၀၂၀ ရက်၊ (ဗုဒ္ဓဟူးနေ့)၊ နံနက် ၁၀:၀၀ နာရီ |
| တင်ဒါဖွင့်မည့်နေရာ | - | ခရိုင်လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ (ဧည့်ရိပ်သာ)၊ မြောင်းမြခရိုင်၊ မြောင်းမြမြို့။ |

တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို အောက်ဖော်ပြပါဌာနတွင် ၈-၇-၂၀၂၀ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူစုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**
**မြောင်းမြခရိုင်**
**လမ်းဦးစီးဌာန**
**ဖုန်း-၀၄၂၇၀၁၅၃**

---

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## ဘူမိဗေဒလေ့လာရေးနှင့်ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန
## ရုံးချုပ်(နေပြည်တော်)
## ၁၃၈၂ခုနှစ်၊ နယုန်လပြည့်ကျော် ၈ရက်
## (၂၀၂၀ပြည့်နှစ်၊ ဇွန်လ ၁၃ရက်)

အကြောင်းအရာ။ ရေးဖြေစာမေးပွဲ လတ်တလောကျင်းပနိုင်ခြင်း မရှိသေးကြောင်း အသိပေးကြေညာခြင်း

၁။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန၏ ၂၅-၅-၂၀၂၀ရက်နှင့် ၂၆-၅-၂၀၂၀ရက်များတွင် မြန်မာ့အလင်းသတင်းစာနှင့် ကြေးမုံသတင်းစာတို့တွင် ကြော်ငြာထားသော (လစာနှုန်း၊ ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) ဘူမိဗေဒလက်ထောက်(၂) (၂၁)နေရာ၊ ဘူမိရူပဗေဒလက်ထောက်(၂) (၃)နေရာ၊ ဘူမိဓာတုဗေဒလက်ထောက်(၂) (၃)နေရာ၊ စုစုပေါင်း(၂၇) နေရာအတွက် ဝန်ထမ်းလျှောက်လွှာခေါ်ယူခြင်း စာပိုဒ်(၇)တွင် ရေးဖြေစာမေးပွဲကို ၂၀-၆-၂၀၂၀ရက်၊ နံနက် ၉:၀၀နာရီမှ ၁၂:၀၀နာရီထိ ကျင်းပပြုလုပ်မည်ဟု ကြော်ငြာထားပြီးဖြစ်ပါသည်။

၂။ သို့ရာတွင် အဆိုပါရေးဖြေစာမေးပွဲ စစ်ဆေးမည့်ကာလမတိုင်မီ COVID-19 ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ရေး ဆောင်ရွက်နေရသည်ဖြစ်ရာ မူလကြေညာထားသည့် ၂၀-၆-၂၀၂၀ရက်တွင် ရေးဖြေစာမေးပွဲကျင်းပနိုင်ခြင်းမရှိသေးကြောင်းနှင့် စာမေးပွဲကျင်းပနိုင်မည့် အခြေအနေပေါ်မူတည်၍ ပြောင်းလဲကျင်းပမည့်နေ့ရက်ကို (၁)လကြိုတင်၍ နိုင်ငံပိုင်သတင်းစာများမှလည်းကောင်း၊ Department of Geological Survey and Mineral Exploration website www.mining.gov.mm နှင့် Department of Geological Survey and Mineral Exploration Facebook Page တွင်လည်းကောင်း ပြန်လည်ကြေညာပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

---

## N0.(29), Ground Floor, Gyo Phyu Condo, Mingalar Taung Nyunt Township လိပ်စာပါ "SHINE Furniture" နှင့် အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ရင်ရင်ကြည်[၁၂/မဂတ(နိုင်)၀၃၆၈၉၇] ကိုင်ဆောင်သူသည် "SHINE MODERN FURNITURE" ဟူသောအမည်ဖြင့် လွန်ခဲ့သော ၁-၁၀-၂၀၁၄ ရက်တွင် ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်အမှတ် ၁၅၃၃၂/၁၄ ဖြင့် မိမိတစ်ဦးတည်းမှုပိုင်အဖြစ် ပြုလုပ်သုံးစွဲရန်အတွက် ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားမှတ်ပုံတင်ပြီးနောက် ပရိဘောဂပစ္စည်းအမျိုးမျိုးကို မြန်မာနိုင်ငံအနှံ့ အပြားသို့ ထုတ်လုပ်ဖြန့်ချီရောင်းချခဲ့ပါသည်။ ထိုသို့ ရောင်းချခဲ့ရာတွင် တောင်ဥက္ကလာပရတနာလမ်းနှင့် ယုဇနပလာဇာ(၄)လွှာတို့တွင် အရောင်းပြခန်းများ ဖွင့်လှစ်ခဲ့ခြင်းအပြင် အင်တာနက်စာမျက်နှာ များတွင်လည်း ကိုယ်ပိုင်အကောင့်ဖွင့်၍ ရောင်းချခဲ့ပါသည်။ ယခုအခါ အထက်ခေါင်းစီးပါ "SHINE furniture"ဟူသောအမည်ဖြင့် အခြားလူပုဂ္ဂိုလ်များသည် အင်တာနက်စာမျက်နှာများ၌ ပရိဘောဂပစ္စည်းများကို အကောင့်ဖွင့်၍ ရောင်းချနေခြင်းသည် ကျွန်ုပ်မိတ်ဆွေ၏ ကုန်အမှတ်တံဆိပ်အမှတ် အသားအား တစ်စိတ်တစ်ဒေသဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ပုံတူပုံမှား၊ ထင်ယောင်ထင်မှား၊ ဆင်တူယိုးမှား တုပပြုလုပ်၍ မူပိုင်ခွင့်ချိုးဖောက်နေသကဲ့သို့ ဖြစ်နေပါသည်။ ဝယ်ယူသုံးစွဲနေသူများအနေဖြင့် အထက်ခေါင်းစီးပါ ပရိဘောဂများကို ကျွန်ုပ်မိတ်ဆွေ၏ ပရိဘောဂများထင်ပြီး မှားယွင်းဝယ်ယူမှုများလည်း ရှိနေခဲ့ပါသည်။ သို့ဖြစ်ပါ၍ အထက်ခေါင်းစီးပါလုပ်ငန်းရှင်အပါအဝင် အခြားသောသူများအနေဖြင့် အင်တာနက်စာမျက်နှာအပြင် အခြားသောနေရာများ၌ ကျွန်ုပ်မိတ်ဆွေ၏ မူပိုင်ခွင့်အမှတ် အသားအမည်အား ဆက်လက်သုံးစွဲခြင်းမပြုရန်နှင့် လိုက်နာခြင်းမရှိပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

အောက်ဖော်ပြပါ အမှတ်အသားသည် ကျွန်ုပ်မိတ်ဆွေ၏ မူပိုင်အမှတ်အသား ဖြစ်ပါသည်။

SHINE MODERN FURNITURE Since 1997

**ဒေါ်ရင်ရင်ကြည်၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဇော်လင်းထွန်း**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၁၂၂)**
**အမှတ် (၆၉)၊ ဝေပုလ္လ(၂)လမ်း၊ (ဃ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**Ph:09-421089597**

---

## Open Tender ခေါ်ယူခြင်း

၁။ မော်ဥဿျောင် အင်တာနေရှင်နယ်ကုမ္ပဏီလီမိတက်မှ အောက်ဖော်ပြပါ ပဲ၊ နှမ်း သန့်စင်ခြင်းလုပ်ငန်းအတွက် လိုအပ်သော (Magnet Stoner Machine-1 Unit)အတွက် လုပ်ငန်းရှင်များအား တင်ဒါသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

| | | | |
|---|---|---|---|
| ၂။ | ဆောင်ရွက်မည့်လုပ်ငန်းနေရာ | - | အမှတ်-၃၇/၅၁၊ ပြင်စည်မင်းသားကြီးလမ်း၊ စက်မှုဇုန်(၂)၊ ရန်ကုန်မြို့၊ ဒဂုံဆိပ်ကမ်းမြို့နယ်တွင်ရှိသော ပဲ၊ နှမ်း သန့်စင်ခြင်းလုပ်ငန်း။ |
| ၃။ | တင်ဒါပုံစံစတင် လက်ခံမည့် ရက်နှင့်အချိန် | - | ၁၆-၆-၂၀၂၀ ရက် (ရုံးချိန်အတွင်း) |
| ၄။ | တင်ဒါပိတ်မည့်ရက်နှင့်အချိန် | - | ၂၃-၆-၂၀၂၀ ရက် (ရုံးချိန်အတွင်း) |
| ၅။ | တင်ဒါပုံစံလက်ခံမည့်နေရာ | - | အမှတ်-၁၈၂-၁၉၄၊ အခန်း-3D၊ နှင်းဆီအိမ်ရာ၊ ဗိုလ်တထောင်ဘုရားလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ |

၆။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်းနံပါတ်-၀၁-၂၉၆၁၂၅ သို့ မေးမြန်းစုံစမ်းနိုင်ပါသည်။

**မော်ဥဿျောင်အင်တာနေရှင်နယ် ကုမ္ပဏီလီမိတက်**

---

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနအောက်ရှိ မြို့နယ်(၁၁)မြို့နယ်တွင် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးဖြည့်စွက်ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ကျေးလက်လမ်းတံတားလုပ်ငန်းများအား မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ရန်ကုန်တိုင်းဒေသကြီး၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး ညွှန်ကြားရေးမှူး (မြို့ပြ)ရုံးတွင် အောက်ပါအစီအစဉ်အတိုင်း ရောင်းချသွားမည်ဖြစ်ပါသည်။

| | | | |
|---|---|---|---|
| (က) | တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက် | - | ၁၅-၆-၂၀၂၀ ရက်(တနင်္လာနေ့) |
| (ခ) | တင်ဒါနောက်ဆုံး တင်သွင်းရမည့်ရက် | - | ၁၄-၇-၂၀၂၀ ရက် (အင်္ဂါနေ့) ၁၆:၀၀ နာရီအထိ |
| (ဂ) | တင်ဒါတင်သွင်း ရမည့်နေရာ | - | ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ ရဲတံခွန်တာဝါ၊ Pent House(C) ပန်းလှိုင်လမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။ |

၃။ အသေးစိတ်အချက်အလက်များနှင့် တင်ဒါလျှောက်လွှာများအား ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်တွင် လာရောက်ကြည့်ရှုခြင်းဖြင့်လည်းကောင်း၊ ရုံးဖုန်း -၀၁-၅၀၈၃၀၉၊ ၀၁-၅၀၈၃၀၅ သို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

---

## ကန့်ကွက်နိုင်ပါသည်

တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ သီတာလမ်း၊ အမှတ်(၂၀)တွင် ဆောက်လုပ်ထားသော ၂ ခန်းတွဲ (၈) ထပ်တိုက်၏ တတိယထပ်(၄လွှာ မြောက်ခြမ်း) အကျယ်အဝန်း ပေ(၁၅x၅၅)ခန့်ရှိ RCတိုက်ခန်းနှင့် ယင်းတိုက်ခန်းနှင့်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်ကို တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူဒေါ်ခင်ချို [၁၂/တမန(နိုင်)၀၂၂၉၅၄]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ U DILIP KUMAR MANNA [၁၂/တမန(ပြု)၀၀၀၀၈၆]က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ရေးဆိုင်ခွင့်ရှိသူများအနေဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်းအထောက်အထား မူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၅)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အထက်ပါအရောင်းအဝယ်ကို အောင်မြင်ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | | | |
|---|---|---|---|
| ဒေါ်ဆွေဆွေ | ဦးမြင့်သန်း | ဒေါ်သီရီလှိုင် | ဦးအောင်ဇော်မိုး |
| (စဉ်-၃၀၀၃) | (စဉ်-၆၉၆၃) | (စဉ်-၁၅၂၆၀) | (စဉ်-၁၆၃၅၆) |

**တရားလွှတ်တော်ရှေ့နေများ**
**Zaluckpwint Real Estate & Law Firm @gmail.com**
**အမှတ်(၅၅/၅၆)၊ ကျိုက်ဝိုင်းဘုရားလမ်း၊ (၃)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်။**
**ဖုန်း-၀၉-၅၀၁၈၀၇၆**

---

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၇)ရပ်ကွက်၊ မင်းရဲကျော်စွာ(၃)လမ်း၊ အမှတ်(၅၁၃)၊ (၅-လွှာ)ဟုခေါ်တွင်သည့် အကျယ်အဝန်း ပေ(၁၈x၅၄)ရှိ တိုက်ခန်းအား ဆက်စပ်စာချုပ်ဖြင့် ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် (စရန်ငွေ) ပေးချေထားခဲ့ပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်း(မူရင်း)များနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်လွင်လွင်ထွေး**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၂၅၃)**
**ဖုန်း-09-5120827**

---

## ကန့်ကွက်နိုင်ပါသည်

ရေကြည်မြို့နယ်၊ ဒေါ်ကြီးရိုးမဒေါ် ကျေးရွာအုပ်စု၊ ကွင်းအမှတ် ၄၇၃-က၊ မတော့ကုန်းကွင်း၊ ဦးပိုင်အမှတ်(၁၄၁)၊ ဧရိယာ(၀.၁၂)ဧကရှိ ရွာမြေအား ဦးအောင်သူရ(ဘ) ဦးအုန်းမောင် [၁၄/ရကန(နိုင်)၀၀၀၁၉၈]အမည်ဖြင့် မြေငှားဂရန် လျှောက်ထားမည်ဖြစ်ပါသဖြင့် ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက (၁၄)ရက်အတွင်း သက်ဆိုင်ရာဌာနရုံးသို့ ပိုင်ဆိုင်မှုအထောက်အထားနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်း။

**ဦးအောင်သူရ**
**[၁၄/ရကန(နိုင်)၀၀၀၁၉၈]**
**စက်လမ်း၊ အမှတ်(၃)ရပ်ကွက်၊ အသုတ်မြို့။**

---

## ကန့်ကွက်နိုင်ပါသည်

ရေကြည်မြို့နယ်၊ အသုတ်မြို့၊ အမှတ်(၃)ရပ်ကွက်၊ ကွင်းအမှတ် ၄၇၄-က၊ အသုတ်အရှေ့ကွင်း၊ ဦးပိုင်အမှတ်(၄၀)၊ ဧရိယာ(၀.၀၆)ဧကရှိ ရွာမြေအား ဦးလင်းဇင်ဦး(ဘ) ဦးထန်ဖေ[၁၄/ရကန(နိုင်)၀၀၀၉၅၀]အမည်ဖြင့် မြေငှားဂရန် လျှောက်ထားမည်ဖြစ်ပါသဖြင့် ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက (၁၄)ရက်အတွင်း သက်ဆိုင်ရာဌာနရုံးသို့ ပိုင်ဆိုင်မှု အထောက်အထားနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်း။

**ဦးလင်းဇင်ဦး**
**[၁၄/ရကန(နိုင်)၀၀၀၉၅၀]**
**အရှေ့လမ်းမတော်၊**
**အမှတ်(၃)ရပ်ကွက်၊ အသုတ်မြို့။**

---

## အမွေစား/အမွေခံ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ သံသုမာလမ်း၊ အမှတ်(၂၀၁)နေ (ဘ) ဦးသန်းဝင်း၏သားဖြစ်သူ မောင်အောင်ခိုင်မင်း [၁၂/ဥကတ(နိုင်)၁၇၄၀၈၅] ကိုင်ဆောင်သူသည် မိဘတို့၏ဆိုဆုံးမမှုကို နားမထောင်ဘဲ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်နေသည့်အတွက် အမွေစား/အမွေခံသားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သော မည်သည့်ကိစ္စမှ လုံးဝ(လုံးဝ) တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အသိပေးအပ်ပါသည်။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

**ဦးသန်းဝင်း**
**[၈/ရခန(နိုင်)၀၀၇၉၁၇]**

---

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးကိုဒဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး
## ၂၀၂၀ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၈၁

| | | |
|---|---|---|
| ဦးဝင်းဆွေ (၎င်း၏အခွင့်ရကိုယ်စားလှယ်ဦးမြင့်ဦး) | နှင့် | ဒေါ်ဇင်မာထွန်း |
| **တရားလို** | | **တရားပြိုင်** |

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၂၅)ရပ်ကွက်၊ ရွှေနှင်းဆီ(၂)လမ်း၊ အမှတ်(၁၄)၊ ဒါဘာ(၅)ထပ် (ဘယ်)နေ ဒေါ်ဇင်မာထွန်း (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးဝင်းဆွေ (၎င်း၏အခွင့်ရကိုယ်စားလှယ် ဦးမြင့်ဦး)က တရားပြိုင်ထံမှ တရားလိုဝယ်ယူထားသော ၃၀-၁၁-၂၀၁၉ ရက်စွဲပါ အရောင်းအဝယ်ပြုလုပ်ထားသည့်တိုက်ခန်းကို လက်ရောက်ပေးအပ်စေလိုမှု (သို့မဟုတ်) တိုက်ခန်းဝယ်ယူထားသည့် တန်ဖိုးငွေကျပ် (၁၅၀၀၀၀၀၀/-) (သိန်းတစ်ရာ့ငါးဆယ်ကျပ်တိတိ)ကို ပြန်လည်ပေးအပ်စေလိုမှုဖြင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စ ၂၀၂၀ ခုနှစ်၊ ဇူလိုင်လ (၈) ရက်(၁၃၈၂ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၄ ရက်) မွန်းမတည့်မီ နံနက် ၁၀:၀၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၀ ခုနှစ်၊ ဇွန်လ ၁၀ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ခင်နွဲ့သီ)**
**ဒုတိယခရိုင်တရားသူကြီး (၂)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**

---

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ပဲခူးမြို့၊ မြို့ပတ်လမ်း၊ ဗိုလ်ဘုန်းရပ်ကွက်၊ အမှတ်(၁၁၂)နေ အဖ ဦးရွှေ၊ အမိ ဒေါ်လှခင်တို့၏ တတိယမြောက်သား မောင်လှရွှေဦး [၇/ပခန(နိုင်)၁၉၈၅၁၈] သည် မိဘ၏ဆိုဆုံးမမှုကို မနာခံခြင်း၊ မိဘနှင့် မိသားစုဝင်များကို စိတ်ဆင်းရဲအောင်အကြိမ်ကြိမ်ပြုလုပ်ခြင်းတို့ကြောင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

**အဖ ဦးရွှေ၊ အမိ ဒေါ်လှခင်**

---

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ပဲခူးမြို့၊ ဗိုလ်ဘုန်းရပ်ကွက်၊ စိန္တာမယလမ်း၊ အမှတ်(၀၀၇)နေ အဖ ဦးကျော်နိုင်ဦး[၇/ပခန(နိုင်)၁၈၃၅၃၂]၏ သမီး မငွေးငွေးဦး[၇/ပခန(နိုင်)၂၅၇၈၈၅]သည် မိဘ၏ဆိုဆုံးမမှုကိုမနာခံဘဲ မိဘကိုစိတ်ဆင်းရဲအောင် အမျိုးမျိုးပြုလုပ်နေပါသဖြင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ)

**အဖ ဦးကျော်နိုင်ဦး**

---

## သင့်သွေးဖြင့် အသက်ကယ်ပါ

## ဝမ်းနည်းကြေကွဲခြင်း
## ဘဒ္ဒန္တဇနိတာလင်္ကာရ
## သက်တော် (၈၆) နှစ်၊ ဝါတော် (၆၇) ဝါ

မိုးကုတ်ဝိပဿနာတရားစဉ်နှင့် လုပ်ငန်းစဉ် ပြန့်ပွားရေးအဖွဲ့ချုပ်၏ မဟာနာယကချုပ် မိုးကုတ်ဝိပဿနာဇနိတာရာမ ကျောင်းတိုက်ကြီးနှင့် ဓမ္မရိပ်သာကြီးများ၏ ဦးစီးပဓာန နာယက အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဆရာတော်ဘုရားကြီးသည် ၁၀-၆-၂၀၂၀ (ဗုဒ္ဓဟူးနေ့) နံနက် ၃:၄၅ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားသည့်အတွက် အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**ဦးတင့်ဇော်-ဒေါ်ခင်သင်းရီ**
**Pure Water Engineering Services Co.,Ltd မိသားစု**

---

## ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်သန်းသန်းညွန့်
## အသက် (၆၂) နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရေတာရှည်ရပ်ကွက်၊ ကမ္ဘာအေးစေတီလမ်း၊ အမှတ် ၄၉ (ဃ)နေ (ဦးအောင်လှ-ဒေါ်ငြိမ်းတင်)တို့၏သမီး၊ ဦးကျော်ဝဏ္ဏ [ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း)၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန]၏ ဇနီး၊ ကိုထွန်းထွန်းဝင်း+မစုလဲ့မြတ်မွန်၊ ကိုဝင်းဖြိုးဟိန်း + မအိသက်ပိုင်မိုး၊ ကိုလင်းမြတ်သန့်ဇင်+မခိုင်ပြည့်ဖြိုးအေး၊ ကိုဘုန်းပြည့်ထက်အောင်တို့၏မိခင်၊ မြေး (၅)ယောက်တို့၏အဘွားသည် ၁၂-၆-၂၀၂၀ ရက်၊ ညနေ ၅:၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၆-၂၀၂၀ ရက်၊ မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) ကွယ်လွန်သူအား ရည်စူး၍ ၁၈-၆-၂၀၂၀ (ကြာသပတေးနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ ရက်လည်ဆွမ်းကျွေးမည်ဖြစ်ပါ၍ အထက်ပါနေအိမ်သို့ တရားတော်နာကြွရောက်ကြပါရန် ဆွေမျိုးမိတ်သင်္ဂဟများအား ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## "မြင့်မြတ်သောဘုံဘဝရောက်ရှိပါစေ"
## ဦးအောင်ကျော်ဝင်း

**B.E (မြို့ပြ) 65 Intake**

**ဆ/မ (ငြိမ်း)**

**(၁၃-၅-၂၀၂၀)**

တစ်လပြည့်ခဲ့ပြီ - သူငယ်ချင်း
တို့များဆုံနေကြရက်တွေမှာ သူငယ်ချင်းကို
သတိရလျက်ပါ-
သူငယ်ချင်း - မြင့်မြတ်သောဘုံဘဝ
ရောက်ရှိပါစေကြောင်းဆုတောင်းမေတ္တာပို့သလျက်--

**ရန်ကုန်စက်မှုတက္ကသိုလ်**
**၁၉၆၄ နှင့် ၁၉၆၅ ပထမနှစ်ကျောင်းသား/ကျောင်းသူဟောင်း**
**သူငယ်ချင်းများ**

---




---

## ထပ်တူဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်သိန်းတင် (မန္တလေး)
## အသက် (၈၈) နှစ်

KBZ Group ၏ နာယကကြီး ဝဏ္ဏကျော်ထင်၊ သရေစည်သူ၊ စည်သူ ဦးအောင်ကိုဝင်းနှင့် ဇနီး ဒေါ်နန်းသန်းထွေး (အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ၊ လူမှုထူးချွန် ပထမဆင့်)တို့၏မိခင်ကြီး၊ ဒေါ်နန်းလိုင်းခမ်း၊ ဒေါ်နန်းခမ်းနောင့်နှင့် ဒေါ်နန်းမိုဟွမ်တို့၏အဘွား ဒေါ်သိန်းတင် အသက် (၈၈) နှစ်သည် ၇-၆-၂၀၂၀ (တနင်္ဂနွေနေ့) ညနေ ၅:၄၀ နာရီတွင် ဘဝတစ်ပါးသို့ ပြောင်းရွှေ့ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူ အထူးဝမ်းနည်းကြေကွဲပါကြောင်း။ အဘွားဒေါ်သိန်းတင်သည် ကောင်းမှုစွမ်းအားကြောင့် ချမ်းသာမြင့်မြတ်မှုများသော သုဂတိဘဝသို့ လားရောက်ပါစေကြောင်း။

**အောက်စဖို့ဆရာတော်နှင့်**
**ရှမ်းပြည်နယ်ဗုဒ္ဓတက္ကသိုလ် ဥပတ္ထမ္ဘကအဖွဲ့**
**တောင်ကြီးမြို့၊ ရှမ်းပြည်နယ်**

---

## ဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ကျင်ဥ
### သုဝဏ္ဏဘူမိ-သထုံအသင်း(ရန်ကုန်)၏ နာယကကြီး
## အသက်(၉၅)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ မြကန်သာ(၃)လမ်းနေ (ဦးယုကြည်) ၏ ဇနီး၊ ဒေါ်ကျင်ဥ (သုဝဏ္ဏဘူမိ-သထုံအသင်း-ရန်ကုန်၊ နာယကကြီး)သည် ၈-၆-၂၀၂၀ ရက်နေ့ ညနေ ၅ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုများနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးခင်မောင်ပြုံး (ဥက္ကဋ္ဌ-သုဝဏ္ဏဘူမိ-သထုံအသင်း-ရန်ကုန်)-**
**ဇနီး ဒေါ်လှလှအေး HOTEL GLORY မိသားစု**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
### သာသနာ့ဒါယိကာမကြီး
## ဒေါ်ခင်လေးမြင့်
## အသက် (၆၅) နှစ်

ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ မေခအိမ်ရာဝင်းနေ ဦးတင်မောင်ဗိုလ် (အငြိမ်းစားတိုင်းမန်နေဂျာ၊ မြန်မာ့ဝါလုပ်ငန်း)၏ဇနီး ဒေါ်ခင်လေးမြင့်သည် ၁၁-၆-၂၀၂၀ (ကြာသပတေးနေ့) ည ၉ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုများနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲမိပါကြောင်း။

**လက်ပံတန်းမြို့စိုက်ပျိုးရေးခြံဝန်ထမ်းများ**

---

## ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၇/အရှေ့)ရပ်ကွက်၊ ရောဝဏ်လမ်း၊ အမှတ်(၆၃/က)၊ မြေတိုင်းရပ်ကွက်အမှတ်(၇)၊ မြေကွက်အမှတ်(၆၃/က)၊ ဧရိယာ ပေ(၂၀x၆၀)ရှိ နှစ်(၆၀)ဂရန် မြေကွက်နှင့်စပ်လျဉ်းပြီး ကန့်ကွက်နိုင်ပါသည်

ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၇/အရှေ့)ရပ်ကွက်၊ ရောဝဏ်လမ်း၊ အမှတ်(၆၃/က)ဟုခေါ်တွင်သည့် မြေကွက်နှင့် တွယ်ကပ်ဆက်စပ်သမျှ အကျိုးခံစားခွင့်အရပ်ရပ်များအားလုံးတို့ကို တရားဝင်အမည်ပေါက်ပိုင်ရှင်ဖြစ်သူ ဒေါ်ရီရီဝင်း[၁၂/သကတ(နိုင်)၁၁၁၉၈၉] ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေတစ်ဦးက ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများ ယနေ့မှ(၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားအပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို အပြီးအပြတ်ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်ဘော်(လိုင်စင်-၄၀၃၅)**
**LL.B, DBL, DML, DIL,DLP, WIPO(Switzerland)**
**ဒေါ်အေးအေးစိုး(လိုင်စင်-၅၈၂၇)**
**B.Sc, Hon(IC), HGP, R.L,D.B.L.**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်(၂၇)၊ ၁၂၁-လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**Tel: 294766 HP: 09-5017044**

---

## ဒေါ်အေးသာ
## အသက်(၉၆)နှစ်
## ဟုမ္မလင်းမြို့

ဟုမ္မလင်းမြို့၊နောင်ပကျစ်ရပ်ကွက်နေ(ဦးဖိုးသောင်-ဒေါ်သက်စု)တို့၏ သမီး၊ (ဦးသိန်းအောင်)၏ ဇနီး၊ ဦးထွန်းလွင်-(ဒေါ်မေရှင်)၊ (ဦးအောင်ဝင်း)-ဒေါ်စန်းစန်း၊ ဒေါ်ခင်သန်းကြည်၊ စိုင်းချစ်ညွန့်-ဒေါ်နန်းခင်သန်းမြင့်တို့၏ မိခင်၊ ကိုဇော်မျိုးအောင်-နန်းယေခမ်းအွန်၊ နန်းအေးမွန်ခမ်း၊ စိုင်းအောင်ခမ်း၊ Dr.စိုင်းသုတတို့၏ အဘွား၊ နန်းခမ်းနွမ်၏ ချစ်လှစွာသော ဘွားဘွားကြီး ဒေါ်အေးသာသည် ၁၁-၆-၂၀၂၀ ရက်က နေအိမ်၌ ကွယ်လွန်သွားပါကြောင်း ၁၄-၆-၂၀၂၀ ရက်တွင် သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

**ကျန်ရစ်သူမိသားစု**

---

## တောတောင်
## ပျက်ပြုန်း
## မြေဆီသုဉ်း၏

---

## ဝမ်းနည်းကြေကွဲခြင်း

မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်ကြီး၏ နာယကချုပ်ဇနိတာရာမ မိုးကုတ်ရိပ်သာကြီးများ၏ ဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တဇနိတာလင်္ကာရ ဘဝနတ်ထံပျံလွန်တော်မူကြောင်း သိရပါ၍ ဆရာတော်ကြီး၏ တပည့်ဒါယကာ/ဒါယိကာမများနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ပသာသနာပြု မိုးကုတ်အဖွဲ့ခွဲ(၁)**
**သစ္စာပါရမီဆရာတော်နှင့်**
**တပည့်ဒါယကာ/ဒါယိကာမများ**
**စင်ကာပူနိုင်ငံ**

---

## ဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်သိန်းတင်
## အသက် (၈၈) နှစ်

COVID-19 ကာလအတွင်း ရှမ်းပြည်နယ် ပြည်သူလူထုစားနပ်ရိက္ခာ ထောက်ပံ့ရေးကော်မတီ၏ နာယကကြီး ဝဏ္ဏကျော်ထင်၊ စည်သူ၊ သရေစည်သူ ဦးအောင်ကိုဝင်း အနေဖြင့် ဒေသခံတိုင်းရင်းသားပြည်သူလူထုအတွက် နေ့စဉ်စိတ်ရောကိုယ်ပါ ငွေအား၊ လူအားဖြင့် အားကြိုးမာန်တက် နေ့ညမနား ကြိုးပမ်းဆောင်ရွက်လှူဒါန်းလျက်ရှိနေချိန်တွင် နာယကကြီး၏ ကျေးဇူးရှင်မိခင်ကြီး ဒေါ်သိန်းတင် အသက် (၈၈) နှစ် ကွယ်လွန်သွားကြောင်း ကြားသိရသည့်အတွက် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးခွန်ရဲထွေး နှင့်ဇနီး ဒေါ်မြတ်ခင်မော်**
**လမ်းပန်းဆက်သွယ်ရေးဝန်ကြီး**
**ရှမ်းပြည်နယ်အစိုးရအဖွဲ့**

---

## ဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်သိန်းတင်
## အသက် (၈၈) နှစ်

COVID-19 ကာလအတွင်း ရှမ်းပြည်နယ် ပြည်သူလူထုစားနပ်ရိက္ခာ ထောက်ပံ့ရေးကော်မတီ၏ နာယကကြီး ဝဏ္ဏကျော်ထင်၊ စည်သူ၊ သရေစည်သူ ဦးအောင်ကိုဝင်းအနေဖြင့် ဒေသခံတိုင်းရင်းသားပြည်သူလူထုအတွက် နေ့စဉ်စိတ်ရောကိုယ်ပါ ငွေအား၊ လူအားဖြင့် အားကြိုးမာန်တက် နေ့ညမနား ကြိုးပမ်းဆောင်ရွက်လှူဒါန်းလျက်ရှိနေချိန်တွင် နာယကကြီး၏ကျေးဇူးရှင်မိခင်ကြီး ဒေါ်သိန်းတင် အသက် (၈၈) နှစ် ကွယ်လွန်သွားကြောင်း ကြားသိရသည့်အတွက် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးစိုင်းလျှံတစ်လုံနှင့်ဇနီး ဒေါ်နန်းကိန်ဟွမ်**
**လျှပ်စစ်ဝန်ကြီး**
**ရှမ်းပြည်နယ်အစိုးရအဖွဲ့**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်သိန်းတင်
## အသက် (၈၈) နှစ်

ကမ္ဘောဇဘဏ်တည်ထောင်သူနာယကနှင့် ကမ္ဘောဇ အုပ်စုနာယကကြီး ဦးအောင်ကိုဝင်း၏ မိခင်ကြီးဖြစ်သူ ဒေါ်သိန်းတင်သည် ၇-၆-၂၀၂၀ (တနင်္ဂနွေနေ့)တွင် ကွယ်လွန်ကြောင်းကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**Noriyuki Hara, President, Chief Executive Officer**
**Mitsui Sumitomo Insurance Co.,Ltd, Tokyo, Japan**

---

## ဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်သိန်းတင် (မန္တလေး)
## အသက် (၈၈) နှစ်

KBZ Group of Companies ၏နာယကကြီး ဝဏ္ဏကျော်ထင်၊ စည်သူ၊ သရေစည်သူ ဦးအောင်ကိုဝင်း-အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်နန်းသန်းထွေး(လူမှုထူးချွန်းပထမဆင့်) တို့၏ ချစ်လှစွာသော မိခင်ကြီး ဒေါ်သိန်းတင်(၈၈)နှစ်သည် ၇-၆-၂၀၂၀ (တနင်္ဂနွေနေ့) တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**A1 Group of Companies**

## ခရစ်တော်၌ အိပ်ပျော်ခြင်း
## ဦးကျော်ညွန့်မှန်
### ညွှန်ကြားရေးမှူး-ငြိမ်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန
### Former Senior National Advisor, SDC, EMPA, B.Sc (Chem)
## အသက် (၇၃) နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ပြည်လမ်း၊ ၅၃၁(ဘီ)၊ မာလာမြိုင်ရိပ်သာလမ်းနေ (ဦးတင်မှန်-ဒေါ်မြဆက်)တို့၏ ဒုတိယသား၊ (ဦးညွန့်ဝေ-ဒေါ်ငယ်ငယ်စိန်)တို့၏သားသမက်၊ ဒေါ်မေအုံးညွန့်ဝေ၏ ချစ်လှစွာသော ခင်ပွန်း၊ဦးလင်းသန့်ညွှန့်မှန်-ဒေါ်ဟေမာနိုင်၊ ဒေါ်နှင်းဝင့်ညွှန့်မှန်တို့၏ ချစ်လှစွာသောဖခင်၊ မထူးတင့်ညွှန့်မှန်၏ချစ်သောဘိုးဘိုးသည် ၁၁-၆-၂၀၂၀ (ကြာသပတေးနေ့) ည ၁၁:၁၇ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၁၃-၆-၂၀၂၀ (စနေနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်၌ ဝတ်ပြုကိုးကွယ်၍ မီးသင်္ဂြိုဟ်ပြီး ခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်၌ ဂူသွင်းမည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးကျော်ညွှန့်မှန်
### ညွှန်ကြားရေးမှူး-ငြိမ်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန
### အသက်(၇၃)နှစ်

ဒေါ်မေအုန်းညွှန့်ဝေ၏ ခင်ပွန်းဖြစ်သူ ဦးကျော်ညွှန့်မှန်သည် ၁၁-၆-၂၀၂၀ ရက်နေ့တွင် ခရစ်တော်၌ အိပ်ပျော်သွားသည်ကို ကြားသိရသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးကျော်တင့်ဆွေ (ပြည်ထောင်စုဝန်ကြီး၊ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန)-ဒေါ်မေယဉ်ထွန်း**

---

## ဝမ်းနည်းကြေကွဲခြင်း
## ဦးကျော်ညွှန့်မှန်
### ညွှန်ကြားရေးမှူး-ငြိမ်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန
### အသက်(၇၃)နှစ်

အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်-ဒေါ်လွင်လွင်မှန်တို့၏ အစ်ကိုဖြစ်သူ ဦးကျော်ညွှန့်မှန် (ညွှန်ကြားရေးမှူး-ငြိမ်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန)သည် ၁၁-၆-၂၀၂၀ (ကြာသပတေးနေ့) ည ၁၁:၁၇ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**နိုင်ငံခြားရေး/အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးခင်မောင်စိုး
### ဦးစီးအရာရှိ(ငြိမ်း)၊ ပြည်တွင်းအခွန်များဦးစီးဌာန
### အသက်(၆၆)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ ဇာနည် (၁၁) လမ်း၊ အမှတ်(၄၃၂-ခ)နေ ဒေါ်တင်ငွေလွင် ၏ ချစ်လှစွာသော ခင်ပွန်း၊ မောင်ညာဏ်ပိုင်စိုး-မလင်းလင်း၊ မအေးမွန်မွန်စိုး (DANA FACILITY)၏ ဖခင် ဦးခင်မောင်စိုး (ဦးစီးအရာရှိ-ငြိမ်း၊ ပြည်တွင်းအခွန်များဦးစီးဌာန)သည် ၁၁-၆-၂၀၂၀ ရက်နေ့ ည ၈:၃၀ နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားပါကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**၁/၈၃ အခွန်မှူးများနှင့်ဌာနတွင်း လုပ်ဖော်ကိုင်ဖက်များ**

---

## ဗိုလ်မှူးကျော်သောင်း (ငြိမ်း)
### ရေ-၃၃၀၄
### မြို့နယ်ကောင်စီအတွင်းရေးမှူး (ငြိမ်း)၊ ပန်းဘဲတန်းမြို့နယ်
### ဆိပ်ကြီးခနောင်တိုတရားသူကြီးဥက္ကဋ္ဌ (ငြိမ်း)
### အသက် (၈၄) နှစ်

ပေါင်းတည်မြို့၊ မအူပင်ကွေ့ရွာနေ (ဦးလူဒင်-ဒေါ်ညွှန့်စိန်)တို့၏သားကြီး၊ မော်လမြိုင်မြို့၊ ချမ်းအေးရပ်နေ (ဦးကျော်ငြိမ်း-ဒေါ်ဖွားတာ)တို့၏သားသမက်၊ ရန်ကုန်မြို့၊ တောင်ဒဂုံမြို့နယ်၊ ကွေ့မအိမ်ရာနေ ဒေါ်ခင်ရီ၏ချစ်လှစွာသောခင်ပွန်း၊ (ဦးမောင်မောင်ခင်ဦး)၊ ဒေါ်ဥမ္မာကျော်-ဦးဖေဝင်း(MPE) တို့၏ ချစ်လှစွာသောဖခင်၊ မမြင့်မြင့်အေး၊ (မစန်းစန်းအေး)-ဦးကြည်စိုးတို့၏ ဘကြီး၊ မယဉ်မင်းသူ-မောင်ဇော်မိုးခိုင်၊ မသောင်းနန္ဒာဦး၊ မောင်ကျော်ဇောအောင် (icon) - မမိုးစန္ဒာ၊ မောင်ကျော်သူရိန်ဝင်း၊ မောင်ထက်လင်းကျော်တို့၏ချစ်လှစွာသောအဖေကြီး၊ မြစ် ရှစ်ယောက်တို့၏ဘိုးဘိုးကြီးသည် ၁၂-၆-၂၀၂၀ (သောကြာနေ့) နံနက် ၇:၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ ညနေ ၃ နာရီတွင် ကျီစုသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၈-၆-၂၀၂၀ (ကြာသပတေးနေ့) နံနက်တွင် ကွေ့မအိမ်ရာသို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

### ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်စန်းမြင့်
### ဆရာမ (ငြိမ်း)၊ အထက သုဝဏ္ဏ၊ အထက ဓနုဖြူ၊ အလက(၂) သာကေတ
### အသက် (၈၃) နှစ်

ရန်ကုန်မြို့၊ သုဝဏ္ဏ၊ (၂၅) ရပ်ကွက်၊ မဟော်ဂနီလမ်း၊ တိုက်(၂၀၃)၊ အခန်း (၇)နေ (ဦးထွန်းအုံ-ဒေါ်ခေခင်)တို့၏သမီး၊ (ဦးဟုတ်စန်း)၏ဇနီး၊ ဦးမျိုးမြင့်သောင်း-ဒေါ်ခင်အေးနွယ်၊ ဦးမြင့်သိန်း(ရွှေဘုန်းကုမ္ပဏီ)-ဒေါ်ခင်အေးသူတို့၏မွေးသမိခင်၊ မောင်ညာဏ်လင်း-မနေခြည်မျိုးသစ်၊ မမေမြင့်သူခိုင်၊ မောင်အောင်မြင့်ဦးတို့၏ အဘွား၊ မသွန်းလရောင်လင်း၏ ဘွားဘွားကြီးသည် ၁၂-၆-၂၀၂၀ (သောကြာနေ့) နံနက် ၂:၄၀ နာရီတွင် (၉၆) ပါးသောရောဂါဖြင့် ပင်လုံဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၄-၆-၂၀၂၀ (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါ၍ လိုက်ပါပို့ဆောင်ပေးကြပါရန်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၈-၆-၂၀၂၀ (ကြာသပတေးနေ့) နံနက် ၇ နာရီမှ မွန်းတည့် ၁၂ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဒေါ်ခင်ငွေရီ
### ဆည်/မြောင်းဦးစီးဌာန(ငြိမ်း)
### အသက်(၆၉)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ တိုက်(၂၂၆)၊ အခန်း(၉)နေ (ဦးခင်ညို-ဒေါ်ခင်ရွှေ)တို့၏ သမီး၊ (ဒေါ်ခင်စောရီ)၊ (ဒေါ်ခင်စန်းကြည်)၊ (ဦးစိုးအောင်)-ဒေါ်ခိုင်ခိုင်တို့၏ ညီမ၊ ဒေါ်ခင်မြင့်ဝေ-ဦးမြင့်သိန်း၊ ဒေါ်ခင်မြအေး၊ (ဦးမြင့်စိုး)၊ (ဦးစိုးသိန်း)၊ ဒေါ်ခင်ထားမော်-ဦးစံထွေး၊ ဒေါ်တင်တင်ခိုင်-ဦးကျော်ကျော်လင်း၊ ဒေါ်ထွေးထွေးသိမ့်တို့၏ အစ်မ၊ တူ/တူမ ခုနစ်ယောက်တို့၏အဒေါ် ဒေါ်ခင်ငွေရီသည် ၁၂-၆-၂၀၂၀ (သောကြာနေ့) ညနေ ၃:၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၆-၂၀၂၀ (တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဓမ္မာရုံ ဒါယိကာမကြီး
## ဒေါ်အေးအေး (မိုးကုတ်)
### အသက် (၉၉) နှစ်

မိုးကုတ်မြို့၊ မြို့မရပ်နေ ကျောင်းအမကြီး(ဒေါ်ပုံ)၏သမီး၊ (ဦးအောင်ကျော်-ဒေါ်စိန်စိန်)၊ (ဦးမြင့်-ဒေါ်သန်းသန်း)၊ ဦးလှရွှေ-ဒေါ်လှလှတို့၏အစ်မ၊ ရန်ကုန်မြို့၊ အမှတ်(၁၀၁)၊ တက္ကသိုလ်ရိပ်သာလမ်း၊ ရွှေတောင်ကြား (၁) ရပ်ကွက်၊ ဗဟန်းမြို့နယ်နေ (ဦးသိန်းလွင်)၏ ဇနီး၊ ဦးသိန်းဇော်လွင်-ဒေါ်မေသီခNY၊ ဒေါက်တာဒေါ်အေးအေးလွင်၊ ဦးမြင့်ဇော်လွင်-(ဒေါ်နွဲ့နွဲ့ရီ)တို့၏မွေးသမိခင်၊ မယုယုဝေလွင်NY၊ (ကိုဝေဖြိုးလွင်)၊ ကိုခန့်ဖြိုးလွင်NY၊ မစိုးစန်းထက် San Fransisco၊ မစန်းသီတာအောင်-ကိုကျော်မင်းသူ San Fransisco ၊ ဒေါက်တာနှင်းနုအေး၊ မဆွေဆွေအောင်-ကိုကျော်သူဝင်း၊ ကိုအောင်မြင့်ဇော်-(မရတနာ)၊ ကိုရဲမင်းဇော်-မကျော့ကျော့ခိုင်၊ ကိုအောင်ကိုဇော်တို့၏အဘွားသည် ၁၁-၆-၂၀၂၀ (ကြာသပတေးနေ့) ည ၇:၁၅ နာရီတွင် ဗဟိုရ်စည်ဆေးရုံ၌ (၉၆) ပါးသောရောဂါဝေဒနာဖြင့် ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သောဥတုဇရုပ်ကလာပ်ကို ၁၂-၆-၂၀၂၀ ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေသင်္ဂဟအပေါင်းအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

### ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်တင်မြ
### အသက်(၉၁)နှစ်၊ ဝဲလောင်မြို့

မန္တလေးတိုင်းဒေသကြီး၊ တောင်သာမြို့နယ်၊ ဝဲလောင်မြို့နေ (ဦးယု-ဒေါ်အိမ်မွေး)တို့၏ သမီး၊ (ဦးပု-ဒေါ်စိန်)တို့၏ သမီးချွေးမ၊ ဒေါ်ခင်မေဦး၊ ကျောက်ပန်းတောင်းမြို့နေ ဦးကျော်ဝင်း-ဒေါ်ဟန်တင် (စူပါမင်း-ပွဲရုံ)၊ မြင်းခြံမြို့နေ ဦးစိုးမြင့်-ဒေါ်ရီမြသွေး၊ ရန်ကုန်မြို့နေ ဦးမျိုးလွင်-ဒေါ်သူဇာလှိုင်၊ ဦးနေလင်း-ဒေါ်အေးမြင့်ဇော် (ထူးသစ်-ဆန်ပွဲရုံ)၊ ဒေါ်ခင်မေလတ် (အမက-ဆည်ရွာ)တို့၏ ချစ်လှစွာသော မွေးသမိခင်၊ မသူဇာကျော်ဝင်း၊ မောင်သန့်ဇင်ကျော်ဝင်း၊ မောင်မိုးဟိန်းထွန်း-မလင်းလင်း၊ ကိုဟုန်ဟုန်-ဒေါက်တာမေသူဇာမောင်(USA)၊ မောင်ခန့်ဇင်ကျော်ဝင်း၊ မဥမ္မာမြင့်တို့၏ အဘွား၊ ဝဲလောင်မြို့နေ ဦးချစ်၏ ချစ်လှစွာသောဇနီးသည် ၁၂-၆-၂၀၂၀ ရက် နံနက် ၇:၁၀ နာရီတွင် အထက်ပါနေအိမ်၌ (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၁၃-၆-၂၀၂၀ ရက်နေ့ ညနေ ၅ နာရီတွင် ဝဲလောင်မြို့၊ သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဒေါ်စောနန်းမြင့် (စိန်ဂျွန်း)
### အငြိမ်းစားကျောင်းအုပ်ဆရာမကြီး
### B.A (DIPED)
### အသက် (၈၈) နှစ်

ရန်ကုန်မြို့နေ (ဦးစောဂွါလ-ဒေါ်စိန်မြ)တို့၏ သမီး၊ (ဗိုလ်မှူးမြသောင်း-ငြိမ်း)၏ဇနီး၊ ဒေါ်စောနန်းစိန်၏ညီမ၊ ဦးဘိုစောဖြူ-(ဒေါ်စောနန်းကြွေ)တို့၏အစ်မ၊ ဦးသောင်းစောဦး-ဒေါ်အမလေး၊ ဒုတိယဗိုလ်မှူးကြီးသောင်းဇော် (ငြိမ်း)-ဒေါ်လွင်လွင်ညွှန့်၊(ကပ္ပတိန် အောင်ကြီး)-ဒေါ်လီမြသောင်း၊ ကပ္ပတိန်တေဇာမျိုးဝင်း-မော်လီမြသောင်း၊ ဦးကျော်ရွှေ-ဒေါ်မမသူဇာမြသောင်း၊ မြေး ၁၂ ယောက်၊ မြစ် ခြောက်ယောက်တို့၏ အဘွား ချစ်လှစွာသောမိခင်ကြီး ဒေါ်စောနန်းမြင့်သည် S.S.C အထူးကုဆေးရုံကြီး၌ နံနက် ၆ နာရီတွင် ဘဝတစ်ပါးသို့ ပြောင်းလဲသွားပါကြောင်း ၁၃-၆-၂၀၂၀ ရက် ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၈-၆-၂၀၂၀ (ကြာသပတေးနေ့)တွင် ၃၉/၄၁၊ ဗိုလ်တထောင်လမ်း နေအိမ်သို့ရက်လည်ဆွမ်းကျွေး ပါမည်။]

ကျန်ရစ်သူမိသားစု

---

### ခရစ်တော်၌ အိပ်ပျော်ခြင်း
## Stephen Matthias Boudville @ ဦးသန့်ဇင်ထွဋ် (P.I.C-ငြိမ်း)
### အသက် (၅၈) နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃) ရပ်ကွက်၊ အနော်မာ(၁)လမ်း၊ တိုက်(၄၂-A)နေ (Mr.C.J.W Boudville @ ဦးတင်ထွဋ်- Mrs.Maude C. Boudville @ ဒေါ်ခင်မြကြည်)တို့၏ သား၊ (ဦးလှကြည်- Daw Connie Angelus @ ဒေါ်ခင်နီ)တို့၏သားသမက်၊ Daw Carol Ann Boudville @ ဒေါ်သီတာခင်(Care Myanmar-ငြိမ်း)၏ ချစ်လှစွာသောခင်ပွန်း၊ မောင်အောင်ကျော်ထွဋ် @ Alister John Boudville-အိမွန်အောင်၊ (Clifford Matthias Boudville @ မောင်ထွဋ်အောင်ဝင်း)၊ Noleen Carol Boudville @ မနှင်းဝေထွဋ်တို့၏ ချစ်လှစွာသောဖခင်၊ (Benedict Boudville)၊ Angelo Boudville @ မောင်သက်ပိုင်ထွဋ်၏ ချစ်လှစွာသောအဘိုးသည် ၁၁-၆-၂၀၂၀ (ကြာသပတေးနေ့) နံနက် ၁၁:၂၅ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၁၃-၆-၂၀၂၀ (စနေနေ့)တွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ ဝတ်ပြုဆုတောင်း ပြီး ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

### ခရစ်တော်၌ အိပ်ပျော်ခြင်း
## Stephen Matthias Boudville @ ဦးသန့်ဇင်ထွဋ် (P.I.C -ငြိမ်း)
### အသက်(၅၈)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ အနော်မာ(၁)လမ်း၊ တိုက်(၄၂-A)နေ (Mr.C.J.W Boudville @ ဦးတင်ထွဋ်- Mrs.Maude C.Boudville @ ဒေါ်ခင်မြကြည်)တို့၏ သား၊ (ဦးလှကြည်- Daw Connie Angelus @ ဒေါ်ခင်နီ)တို့၏ သားသမက်၊ (F.G Chindooroy)-Bridgit @ ဒေါ်သဇင်တင်ထွဋ်၊ (Oscar @ ဦးစိန်သန်းထွဋ်-ဒေါ်ပြုံးပြုံးမြင့်)၊ (Tony @ မြအုန်းထွဋ်)၊ ဦးတင် မောင်ကျော်-Betty @ ဒေါ်စန်းစန်းတင်ထွဋ်၊ (Bobby @ ဟန်ညွှန့်ထွဋ်)တို့၏ ညီ၊ Junior @ စိုးဝင်းထွဋ်-ဒေါ်ကေသီမိုး၊ Andrew @ ခင်မောင်ထွန်းထွဋ်-ဒေါ်သန့်သန့်လွင်၊ (Benny @ အောင်ခင်ထွဋ်)၊ Denny @ ထွေးထွဋ်ကြည်-ဒေါ်ဥမ္မာမြင့်တို့၏ အစ်ကို၊ တူ/တူမ ၁၄ ယောက်တို့၏ ဦးလေး၊ မြေးရှစ်ယောက်တို့၏ အဘိုးသည် ၁၁-၆-၂၀၂၀ (ကြာသပတေးနေ့) နံနက် ၁၁:၂၅ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၁၃-၆-၂၀၂၀ (စနေနေ့)တွင် ရေဝေးခရစ်ယာန် ဂိုဏ်းပေါင်းစုံ ဥယျာဉ်တော်၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါ ကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း

ဗိုလ်မှူးကျော်သောင်း(ငြိမ်း)၊ ရေ-၃၃၀၄၊ တပ်မတော်(ရေ) အသက်(၈၅)နှစ်သည် ၁၂-၆-၂၀၂၀ (သောကြာနေ့) နံနက် ၇:၁၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**တပ်မတော်(ရေ) စက်မှုလက်မှုအရာရှိများ**

---

အာနိသ

သင့်သွေးဖြင့် အသက်ကယ်ပါ

---

## ဒေါ်ခင်လေးမြင့်
### (B.Econ-1979) (DS)
## အသက်(၆၅)နှစ်

ပဲခူးမြို့၊ (ဦးစိုး-ဒေါ်ကျင်သန်း)တို့၏ သမီးကြီး၊ (ဦးတင့်-ဒေါ်သန်းကြည်)တို့၏ သမီးချွေးမ၊ ဦးတင်မောင်ဗိုလ် (တိုင်း၇၂-ငြိမ်း-ဝါ/ပိုး)၏ ဇနီး၊ ဦးမျိုးဇင်-(ဒေါ်ငွေငွေမြင့်)၊ ဦးသန်းထွန်းဦး-ဒေါ်မူမူသန်း၊ ဦးဝင်းကို-ဒေါက်တာဒေါ်မူမူမြင့်တို့၏ အစ်မကြီးသည် ၁၁-၆-၂၀၂၀ ရက် ည ၉:၄၅ နာရီတွင် အမှတ်(၉၅)၊ အင်းယားလမ်း(တက္ကသိုလ်ဝင်း)နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၆-၂၀၂၀ ရက်တွင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## ဒေါ်ဥမ္မာမောင်
### LL.B (ဗဟိုတရားလွှတ်တော်ရှေ့နေ)
### အသက်(၆၀)
### (ဆရာမောင်ဆေးတိုက်)

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၁၀)ရပ်ကွက်၊ ဦးထွန်းငြိမ်းလမ်း၊ အမှတ်(၃-ခ) နေ (သမားတော်ကြီးဆရာမောင်-ဒေါ်မှန်)၏ မြေး၊ (ဦးမောင်မောင်-ဒေါ်အေးကြင်)တို့၏ သမီး၊ (ဒေါက်တာရှိန်ဝင်း)-ဒေါက်တာခင်ဆွေဝင်း၊ ဒေါ်စိန်စိန်ဝင်း၊ (ဦးမောင်မောင်)-ဒေါ်မြင့်မြင့်ဝင်း၊ ဦးမြတ်ထူး-ဒေါ်နှင်းမောင်မောင်၊ ဒေါက်တာဇော်သန်းမောင်- (ဒေါ်အေးမောင်မောင်)၊ ဒေါ်ဝင်းမောင်မောင်၊ ဒေါ်ချူမောင်မောင်တို့၏ ညီမ၊ ဒေါ်ဥမ္မာမောင်သည် ၁၁-၆-၂၀၂၀ (ကြာသပတေးနေ့) ည ၁၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၁၃-၆-၂၀၂၀ (စနေနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

မီးဘေးရှောင် မလောင်ခင်တား

# နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် စတုတ္ထ(၁)နှစ်တာ ဆောင်ရွက်ခဲ့မှုများနှင့်ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲကျင်းပ

နေပြည်တော် ဇွန် ၁၂

ပြည်သူ့အတွက် စတုတ္ထ(၁)နှစ်တာ ကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့် ပတ်သက်သည့် ပညာရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနနှင့် နေပြည်တော်ကောင်စီတို့၏ သတင်းစာရှင်းလင်းပွဲကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အကောင်အထည်ဖော်

သတင်းစာရှင်းလင်းပွဲ၌ ပညာရေးဝန်ကြီးဌာန၏ ပြည်သူ့အတွက် စတုတ္ထ(၁)နှစ်တာ ကာလအတွင်း ဆောင်ရွက်ခဲ့မှုနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရန် ဦးစားပေးလုပ်ငန်း ၁၂ ရပ်နှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ခြင်း၊ နိုင်ငံသားတိုင်း အနည်းဆုံး မူလတန်းပညာကို သင်ယူပြီးမြောက်ပြီး

စာမျက်နှာ ၄ ကော်လံ ၁ သို့ ❖



လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ စတုတ္ထ(၁)နှစ်တာ ဆောင်ရွက်ချက်များနှင့်ပတ်သက်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ရှင်းလင်းပြောကြားစဉ်။

# ဖိလစ်ပိုင်နိုင်ငံ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာသင်္ဘောသားများနှင့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်ခဲ့

နေပြည်တော် ဇွန် ၁၂

ပြည်ပမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုအန္တရာယ်မှ ကာကွယ်စောင့်ရှောက်နိုင်ရေးအတွက် အစီအမံများကို ဆက်လက်ချမှတ်ဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံသို့ ပျံသန်းသည့် ခရီးစဉ်များ ယာယီရပ်ဆိုင်းမှုကြောင့် ဖိလစ်ပိုင်နိုင်ငံ မနီလာပင်လယ်အော်တွင် ကျောက်ချရပ်နားထားသည့် Carnival Cruise Line ကုမ္ပဏီပိုင် သင်္ဘောပေါ်မှ မြန်မာသင်္ဘောသားအမှုထမ်း ၁၂၉ ဦးနှင့် ဖိလစ်ပိုင်နိုင်ငံတွင် ရောက်ရှိနေပြီး မြန်မာနိုင်ငံသို့ပြန်ရန် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား ၂၁ ဦး စုစုပေါင်း ၁၅၀ အား သင်္ဘောကုမ္ပဏီ၏ စီစဉ်ပေးမှု၊ မြန်မာသံရုံး၊ မနီလာမြို့၏ ညှိနှိုင်းဆောင်ရွက်ပေးမှုတို့ဖြင့် Air Asia Philippines ကယ်ဆယ်ရေးလေယာဉ်ဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ပို့ဆောင်ပေးခဲ့ရာ ယနေ့ ညနေ

စာမျက်နှာ ၁၈ ကော်လံ ၁ သို့ ❍



ဖိလစ်ပိုင်နိုင်ငံမှ ပြန်လည်ရောက်ရှိလာသည့် မြန်မာနိုင်ငံသားများအား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တွေ့ရစဉ်။

# ထိုင်းနိုင်ငံမှ မြန်မာရွှေ့ပြောင်းလုပ်သား ၈၂၃ ဦး ဆက်လက်ဝင်ရောက်



မြဝတီ ဇွန် ၁၂

ထိုင်းနိုင်ငံမှ မြန်မာရွှေ့ပြောင်းလုပ်သား ၈၂၃ ဦးသည် မြဝတီ အမှတ်(၂)ချစ်ကြည်ရေးတံတားမှတစ်ဆင့် ယနေ့ ဆက်လက်ဝင်ရောက်လာခဲ့ကြောင်း သိရသည်။

ထိုသို့ပြန်လည်ဝင်ရောက်လာသူများသည် ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံရုံး၏ ခွင့်ပြုချက်ရယူကာ ထိုင်းနိုင်ငံဒေသအသီးသီးမှ ၎င်းတို့၏ အစီအစဉ်ဖြင့် ပြန်လည်ဝင်ရောက်သူများဖြစ်ကြောင်း သိရသည်။

ကြီးကြပ်ဆောင်ရွက်

ပြန်လည်ဝင်ရောက်လာသူများအား ကျန်းမာရေးစစ်ဆေးမှုနှင့် အခြားသောလိုအပ်ချက်များကို သက်ဆိုင်ရာတာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပြန်လည်ဝင်ရောက်လာသူများ အနေဖြင့် မေ ၁ ရက်တွင် ၆၀၊ မေ ၂ ရက်တွင် ၅၄ ဦး၊ မေ ၃ ရက်တွင် တစ်ဦး၊ မေ ၄ ရက်တွင် ၄၄ ဦး၊ မေ ၅ ရက်တွင် ၂၃ ဦး၊ မေ ၈ ရက်တွင် ၁၀၀၊ မေ ၁၀ ရက်တွင် ၄၄ ဦး၊ မေ ၁၁ ရက်တွင် ၁၃ ဦး၊

စာမျက်နှာ ၁၆ ကော်လံ ၁ သို့ ❒


ကြေးမုံ ယနေ့ ဖတ်စရာ

ပြည်ထောင်စု၏ အခွန်အကောက် ဥပဒေဆိုင်ရာအမိန့် ထုတ်ပြန်
စာမျက်နှာ » ၃

၂၀၂၀ ပြည့်နှစ် အထွေထွေ ရွေးကောက်ပွဲအတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ် ထိန်းချုပ်ရေးဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်နိုင်ရေး သရုပ်ပြမဲရုံ ခင်းကျင်းပြသ
စာမျက်နှာ » ၄

အီဂျစ်၌ ကိုရိုနာဗိုင်းရပ်စ် ကပ်ဘေးသင့်မှုနည်းပါးသော ခရီးသွားနယ်မြေများ ပြန်လည်ဖွင့်လှစ်မည်
စာမျက်နှာ » ၁၁

COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း
စာမျက်နှာ » ၁၅

၂၀၂၀ ဆူဇူကီးဖလားပြိုင်ပွဲကို ပုံစံပြောင်းလဲကျင်းပရန် ဆွေးနွေးနေပြီး အာဆီယံဘောလုံးအဖွဲ့ချုပ်ကောင်စီ အစည်းအဝေးတွင် အတည်ပြုမည်
စာမျက်နှာ » ၂၄